
စိတ်ကူးချိုချိုအနုပညာ

# ပီ–မိုးနှင်းစာပေပေါင်းချုပ်

## တတိယတွဲ




ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ရှိစဉ်က
အလွန်ကောင်းမွန်သည့်ရည်ရွယ်ချက်များဖြင့်
စီစဉ်စုစည်းထုတ်ဝေခဲ့သော
ဆရာကြီးပီ–မိုးနင်း၏ စာပေါင်းချုပ် ၃ တွဲမှာ
ယခုအခါ ရှာမရအောင်ရှားပါးနေပြီး
အဆိုပါစာအုပ်မျိုးတို့မှာ
စာအုပ်စင်တိုင်းတွင် အမြဲရှိနေသင့်သော
မပျောက်ကွယ်သင့်သည့်
စာအုပ်ကောင်းများလည်းဖြစ်ပါသဖြင့်
စိတ်ကူးချိုချိုစာအုပ်တိုက်မှ
ပြန်လည်ရိုက်နှိပ်ဖြန့်ချိလိုက်ပါသည်။

pmn0040
4000.00 Ks

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
မျက်နှာဖုံး - မှတ်သုန်
၂၀၁၃၊ ဇူလိုင်လ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၄၀၀၀ ကျပ်

၈၀၈ · ၈၄

ပီ-မိုးနင်းစာပေါင်းချုပ်တတိယတွဲ
ပီ-မိုးနင်း၊ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၁၃၊
စာမျက်နှာ ၃၇၇ မျက်နှာ၊ ၁၄ စင်တီ× ၂၁ စင်တီ
(၁) ပီ-မိုးနင်းစာပေါင်းချုပ်တတိယတွဲ

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ပီ-မိုးနှင်းစာပေါင်းချုပ်
# တတိယတွဲ

မြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ရှိစဉ်က
အလွန်ကောင်းမွန်သည့်ရည်ရွယ်ချက်များဖြင့်
စီစဉ်စုစည်းထုတ်ဝေခဲ့သော
ဆရာကြီးပီ–မိုးနင်း၏ စာပေါင်းချုပ် ၃ တွဲမှာ
ယခုအခါ ရှာမရအောင်ရှားပါးနေပြီး
အဆိုပါစာအုပ်မျိုးတို့မှာ
စာအုပ်စင်တိုင်းတွင် အမြဲရှိနေသင့်သော
မပျောက်ကွယ်သင့်သည့်
စာအုပ်ကောင်းများလည်းဖြစ်ပါသဖြင့်
စိတ်ကူးချိုချိုစာအုပ်တိုက်မှ
ပြန်လည်ရိုက်နှိပ်ဖြန့်ချိလိုက်ပါသည်။

အဆိုပါစာအုပ်များဖြစ်မြောက်ရေးအတွက်
စုစည်းစီစဉ်အားထုတ်ကြိုးပမ်းခဲ့ကြသော
စာပေပညာရှင်တို့အားလည်း
များစွာကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်၊

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| * | စာပေါင်းချုပ် တတိယတွဲမှ ဆရာတိုက်စိုး၏အမှာစာ ... | ၅ |
| ၁။ | ကဗျာ | |
| | - ဥစ္စာရကြောင်း နည်းလမ်းကောင်း ... | ၉ |
| ၂။ | ဆောင်းပါး | |
| | - ထူးသောသတ္တဝါတစ်မျိုး ... | ၁၃ |
| | - အိပ်မက်ကြောင့် ... | ၂၀ |
| | - အဆုတ်ရောဂါ ကွယ်ပျောက်နိုင်သည့် နည်းလမ်းကောင်း ... | ၂၄ |
| | - တက်လှူကလေးများ ... | ၂၇ |
| | - စွန့်စားခြင်း ... | ၃၀ |
| | - ပန်းသီးစိုက်ပျိုးခြင်း ... | ၃၄ |
| | - နောင်ရေးကို မျှော် ... | ၃၇ |
| | - စိတ်ကို ဆေးကုနည်း ... | ၄၂ |
| | - ဝတ္ထုရေးဆရာများ ... | ၅၅ |
| | - ဆရာကြီး ပီမိုးနင်းနှင့် သဘင်ပညာသည်များ ... | ၅၈ |
| ၃။ | ကျမ်း | |
| | - ကမ္ဘာ့မင်တံ (ပ) တွဲ ... | ၆၁ |
| | - ကမ္ဘာ့မင်တံ (ဒု) တွဲ ... | ၁၄၂ |
| ၄။ | ဝတ္ထုတို | |
| | - တကယ့်အချစ် ... | ၁၉၆ |
| | - ရွှေသစ္စာ ... | ၂၁၀ |
| | - ဘောဘီအော်စတင် ... | ၂၂၉ |
| | - တောင်ပေါ်က ခွေး ... | ၂၄၆ |
| | - စိန်စိန့်မာန ... | ၂၅၈ |
| | - နမချင်းမတ ... | ၂၇၁ |
| ၅။ | ဝတ္ထုရှည် | |
| | - ဘုန်းမောင့်တွက်တာ ... | ၂၈၅ |




mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

### စာပေါင်းချုပ် တတိယတွဲမှ

## တိုက်စိုး၏ အမှာစာ

ပီမိုးနင်း ကွယ်လွန်ခဲ့သည်မှာ အနှစ်ငါးဆယ် ကျော်လေပြီ။ သူ့ဆောင်းပါး၊ သူ့ကျမ်းစာအုပ်၊ သူ့ဝတ္ထုများသည် မကြာခဏ ထွက်ပေါ်လျက်ရှိနေလေသည်။ ဤသည်မှာ စာဖတ်ပရိသတ် ရှိနေဆဲ အဖြစ်ကို ပြလေသည်။

ဆိုစရာတစ်ခုရှိ၏။ သူ ရေးသည့် အကြောင်းအချက်တချို့သည် ယခုခေတ် စာဖတ်သူအဖို့ မထူးတော့ဟု ဆိုနိုင်သော်လည်း ဟိုခေတ်က လူတွေအဖို့ မတွေးမိ၊ မလုပ်မိသော အရာများ ဖြစ်ချေသည်။ ဥပမာအားဖြင့် မြန်မာများသည် မိရိုးဖလာ လယ်ယာလုပ်ငန်းကို အားကိုး၏။ ပီမိုးနင်းကမူ စီးပွားရေးအတွက် သစ်သီးဝလံစိုက်ပျိုးရေးကိုလည်း အာရုံစိုက်ကြည့်ဖို့ တိုက်တွန်းခဲ့ဖူးသည်။ တစ်ဖန် သူ့ခေတ်က မြို့အုပ်၊ ဝန်ထောက် စသည့် အရာရှိအရာခံရာထူးတွေကို ပညာတတ်လူငယ်တွေ မဲလျှောက်နေသည့်အကြားမှ ပညာတတ်လူငယ်က ကျေးရွာဆင်း၍ နွားမွေး၊ နို့ချက် အလုပ်လုပ်သည်။ လုပ်သင့်သည် စသည်ဖြင့် ဆောင်းပါးတွင်သာမက ဝတ္ထုထဲတွင်ပါ ဇာတ်ဆောင်အဖြစ် ထား၍ ရေးခဲ့ဖူးသည်။ တစ်ဖန် မိန်းမတို့ကုန္ဒြေ ရှေ့ပေးလို့မရ၊ သျှောင်နောက်ဆံထုံးပါဟူသော ဆောင်ပုဒ်တွေ သုံး၍ ယောက်ျားတွေ၏ အလုပ်အကျွေးအဖြစ်သာ ချုံးမွမ်းနေကြသော အလေ့အထကို တော်လှန်၍ ယောက်ျားများနှင့် တစ်တန်းစားတည်း သဘောထားတတ်ရအောင် နှိုးဆော်ခဲ့ဖူးသည်။

အမှန်ဆိုလျှင် ပီမိုးနင်း နှိုးဆော်လမ်းပြခဲ့သည်မှာ နိုင်ငံရေးမျက်စိပွင့်ရေး၊ အများပြည်သူ ပညာတတ်မြောက်ရေး၊ စီးပွားတိုးတက်ရေး၊ စာပေအနုပညာ အဆင့်အတန်းမြင့်မားရေး စသည်ဖြင့် ကဏ္ဍတွေ စုံလှ များလှပေသည်။ ဤသို့ ဘက်စုံအောင် ရေးနိုင် သားနိုင်ရအောင်လည်း သူ့မှာ ပညာအခြေခံရှိသည်။ သူ တိုင်းတစ်ပါးစာ တတ်သည်။ သူ စေတနာထားသည်။ သူသည် မူလက

mgyoe.com

 mgyoe.com 

ဗရင်ဂျီသာသနာဘောင်ဝင်ရန် ကျောင်းနေခဲ့သည်။ ကျောင်းတွင် လော်ဂျစ်၊ ဖီလော်ဆိုဖီ စသော အနောက်တိုင်းပညာများ သင်ယူခဲ့ရသည်။ သင်တန်းမပြီးဆုံးခင် နေရပ်ပြန်နေခဲ့ရာမှ မြန်မာ စာပေဟောင်း ပေဟောင်းတွေ ပြန်ဖတ်သည်။ အင်္ဂလိပ်ဝတ္ထုနှင့် မဂ္ဂဇင်း ဂျာနယ်တွေ အခွင့်အခါသင့်တိုင်း ဖတ်သည်။ စာဖတ်ရာက ဝမ်းရေးအတွက် ကျောင်းဆရာ၊ စာရေးစာချီအလုပ် လုပ်ခဲ့သည်။ သို့ရာတွင် စာရေးစာဖတ်ဖို့၊ ဆောင်းပါး ဝတ္ထု ရေးဖို့သာ စိတ်ရောက်နေခဲ့သည်နှင့် ဖတ်ခဲ့သည့် စာနှင့် မိမိ၏အတွေးအမြင်ကို သမ၍ အပြင်စာဖတ်ပရိသတ်ကို တင်ပြခဲ့လေသည်။

တင်ပြရန်အခါလည်း ကြုံကြိုက်နေပါလေသည်။ မြန်မာ့ရေမြေတွင် ခေတ်နှင့်အညီ တွေးခေါ်လုပ်ဆောင်ခြင်းအမှု နည်းနေသေးသည်။ နိုင်ငံရေးတွင် ပြည်သူ့အုပ်ချုပ်ရေးဆိုင်ရာ သဘောအလေ့အလာ နည်းပါးနေသေးသည်။

စီးပွားရေးတွင် ကိုယ့်အားကိုယ်ကိုးဖို့ထက် ကံကို ယိုးမယ်ဖွဲ့လျက် ရက်ရာဇာ၊ ပြဿဒါး ရက်ရွေးလျက်ပင် ရှိနေသေးသည်။ မဂ္ဂဇင်း၊ သတင်းစာတွေထဲတွင် ခေတ်ရေးထက် တရားအပြင်းအခုံဆောင်းပါးမျိုးကို အသားပေးနေတတ်သေးသည်။ လူအများစိတ်တွင် ဆင်ခြင်တုံသဘော၊ လက်တွေ့သဘော အရေးအသားမျိုးထက် ကျမ်းဂန်ကိုးကား၍ သမားဂုဏ်ပြ အရေးအသားမျိုးကို အထင်ကြီးနေသေးသည်။ လူငယ်လူရွယ်များ ပညာရေး၊ စိတ်ဖျော်ဖြေရေးအတွက် ဇာတ်၊ ဝတ္ထုနှင့် ယုံတမ်းပုံပြင်များသာ အဓိကဖြစ်နေသေးသည်။

ထိုအခါ ပညာအခံရှိပြီး ဘာသာခြားစာ နားလည်သောသူအဖို့ မြန်မာပြည်တွင်းသို့ ဝင်လာသော စာအုပ်စာတမ်းများမှ များစွာအကူအညီရယူခဲ့လေသည်။ ဆင်မြူရယ်စမိုင်းရေးသည့် Self Help စာအုပ်မျိုးသည် ကိုယ်ပိုင်ဉာဏ်နှင့် ဝီရိယသုံး၍ လောကကို အောင်နိုင်ခဲ့သူများ လုပ်ဆောင်ပုံ သာဓကပြထားသည်။ Psychologist မဂ္ဂဇင်းမျိုးသည် ယောက်ျား၊ မိန်းမတို့၏ စိတ်သဘာဝကို အရပ်သားနားလည်အောင် ခွဲစိတ်ပြ၍ စိတ်ကြံ့ခိုင်ရေး၊ ကိုယ်ကျန်းမာရေး နည်းလမ်းပြသည်။ Gilchrist နှင့် Lord Morley တို့၏ စာမျိုးသည် နိုင်ငံရေးသဘောနှင့် သရုပ်ကို ဖော်ပြပေးသည်။ အင်္ဂလိပ်ရသစာပေတွင် ချားဒစ်ကင်း၊ ဆာ ဝေါလတာစကော့၊ ဂျိန်းအော်စတင်တို့၏ ဂန္ထဝင်ဝတ္ထုများအပြင် အရပ်သားတွေအကြား၌ ရေပန်းစားနေသော မာရီကော်ရယ်လီ၊ ဟောလကိန်း၊ ကိုနင်ဒွိုင်း၊ ရိုက်ဒါဟက်ဂတ်၊ အန်ထော်နီဟုပ်တို့၏ ဝတ္ထုစသည်တို့သည် နောက်ခံအခင်းအကျင်းနှင့် ဇာတ်ဆောင်များ၏ စရိုက်သဘာဝကို ဖွဲ့ကာ ဖျော်ဖြေမှုပေးသည့် စာက ပေးသည်။ ဖျော်ဖြေမှုသာမက ဘဝအသိကို ပေးသည့်စာက ပေးသည်။

ဤသည်မှာ ဗိုမိုးနင်း၏ဝန်းကျင်တွင် လွယ်လွယ်ရနိုင် ဖတ်နိုင်သော စာမျိုးတွေ ဖြစ်ကြသည်။ ထိုစာမျိုးဖတ်ရာမှ ဓာတ်ကူးကာ အောင်မြင်ရေးလမ်းညွှန်ဖြစ်သော 'ကမ္ဘာ့မင်တံ'၊ 'ထိပ်ဆုံးက လူ'၊ လူ့စိတ်သဘာဝ ဖွင့်ပြသည့် 'သုခချမ်းသာ စိတ်ပညာ'၊ 'မိန်းမစိတ်'၊ စာပေအရေးအသား နည်းလမ်းပြ၊ 'ငွေကလောင်ကျမ်း'၊ အမျိုးသား အမျိုးသမီး ပြုပြင်ရေး၊ 'သမီးတွက်ရည်'၊

mgyoe.com

mgyoe.com


'သားဂုဏ်ရည်'၊ လူငယ်လူရွယ်များ စိတ်ဖျော်ဖြေရာ ကာလပေါ် 'နေရီရီဝတ္ထု'၊ 'သဲမြည့ာဝတ္ထု'၊ 'ဘုန်းမောင့်တွက်တာ ဝတ္ထု'၊ 'နိုင်ငံရေး ဗဟုသုတပေး'၊ 'နိုင်ငံရေးအခြေပြုကျမ်း'၊ 'တိုင်းရေးပြည်ရေး ပေါက်နှင့်ကျေး' စာမျိုးတွေ ရေးခဲ့သည်။ ဤအထဲတွင် အင်္ဂလိပ်ဘာသာသင်စာအုပ်မျိုးလည်း ပါသေးသည်။ ဘာကိုပဲ ရေးသည်ဖြစ်စေ ပီမိုးနင်း၏ သုတစာသည် ပေါ့ပေါ့ပါးပါးရှိသည်။ စာဖတ်ရသူအဖို့ နားလည်လွယ်သည်။ ရသစာမှာလည်း ဆွဲဆောင်နိုင်စွမ်း ရှိလေသည်ပင်။

အထက်တွင် စာအမျိုးအစားနှင့် စာဦးရေကို နမူနာသဘောဖြင့် ပြသခဲ့ခြင်းဖြစ်သည်။ အမှန်စင်စစ် ပီမိုးနင်း၏ သက်တမ်းတစ်လျှောက် ရေးခဲ့သည့် စာဦးရေလည်း များ၏။ အမျိုးအစားလည်း များ၏။ များလွန်း ရေးလွန်း၍ ကလောင်ကျွံသည့်အဖြစ်မျိုးလည်း ရှိတတ်သေးသည်။ ဂျာမန်ဒဿနဆရာ နစ်ရှေးသည် မဟာလူသားဝါဒကို ဖြန့်ခဲ့သူဖြစ်၏။ ထိုအခါ သူ့စာကို ဖတ်မိသူသည် နေ့စဉ် ဝမ်းရေးကျောင်းနေခဲ့သူ အများစုကို အပေါ်စီးကြည့်၍ အထင်သေးတတ်သည်။ ငါတို့လူမျိုးသာ မြတ်သည်၊ ငါတို့သွေးချင်းသာ ပေါင်းသင်းဆက်ဆံရမည်ဟု မာနတံခွန် ထူတတ်သည်။ မိန်းမများကိုလည်း ယောက်ျား၏ အလုပ်အကျွေးမျှ သဘောထားတတ်သည်။ ဂျာမန်အာဏာရှင် ဟစ်တလာတို့ နာဇီအဖွဲ့သားများသည် နစ်ရှေး၏ အယူဝါဒကို ဦးထိပ်တင်ထား၍ လူအများကို သေတွင်းသို့ ပို့ခဲ့ဖူးလေသည်။ ပီမိုးနင်းသည် နစ်ရှေး၏စာတစ်စိတ်တစ်ပိုင်းကို ဗဟုသုတရှိအောင် တင်ပြသည်ထက် ကျော်လွန်ပြီး ထောမနာခဲ့သယောင် ရှိလေသည်။

တိုက်စိုး

✦

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

[၁၂၈၇ ခုနှစ်၊ တန်ခူးလဆုတ် ၁၁ ရက် (၇-၄-၂၆) နေ့ထုတ် ဗန္ဓုလဂျာနယ်မှာ ဆရာကြီး ပီမိုးနင်းရေးသားခဲ့သည့် "ဥစ္စာရကြောင်း နည်းလမ်းကောင်း" ဟူသော သံပေါက်ကဗျာ]

## ဥစ္စာရကြောင်း နည်းလမ်းကောင်း

* ဥစ္စာမနေ၊ ဣန္ဒြေယျ၊ ပြုကြရောင်းဝယ်သာ။
ရောင်းဝယ်ဖောက်ကား၊ စည်ရညား၊ မျိုးကားကြီးမြင့်ရာ။
ရှေးထုံးစံများ၊ ရှိသည်အား၊ မှတ်သားဥပမာ။
အိန္ဒိယကုမ္ပဏီ၊ အစတည်၊ ရသည်တိုင်းပြည်သာ။ ။

* တရုတ်ကုလား၊ သူဌေးများ၊ မျိုးကား ဝါဏိဇ္ဇာ။
အကြံသေးမွှား၊ မြန်မာများ၊ ကပ်ငြားမင်းစိုးသာ။
အကြံမမီ၊ ဉာဏ်သေးလို့၊ တို့ပြည် သူ့အောက်မှာ။
အကြံသေးနုပ်၊ ဉာဏ်သစ်ငုတ်၊ စုပ်စုပ်မြုပ်ဖို့ရာ။ ။

* ကိုယ်ကျိုးကိုယ်ကောင်း၊ ရှာကြံလောင်း၊ ပျက်ကြောင်း မျိုးဝံသာ။
ဉာဏ်နှင့် လုံ့လ၊ ဤနှစ်ဝ၊ မနရကြောင်းပါ။
ကံမှာမသိ၊ ရှိမရှိ၊ နေဘိ သူ့ဘာသာ။
လုပ်ကြံမနေ၊ မရှိချေ၊ မျိုးဆွေ မကြည်သာ။ ။

* လုပ်ခါကြံမှား၊ ဆင်းရဲငြား၊ ရှုထားကံကြမ္မာ။
လုပ်ကြံရက်ရက်၊ စီးပွားထွက်၊ မပျက် ဝုဏ်ကြေညာ။
ဥစ္စာရမှု၊ အချိန်ပြု၊ သူ့ကို စောင့်ကြပါ။
ပြီးရန်ကိစ္စ၊ ပေါ်လာက၊ ထကြွချက်ချင်းသာ။ ။

mgyoe.com

mgyoe.com

* ရက်မြတ်ရက်ကောင်း၊ မရွေးရှောင်း၊ ရကြောင်း မြတ်ဥစ္စာ။
ဥစ္စာရပြန်၊ တွက်ကိန်းမှန်၊ မှတ်ရန် မြဲမကွာ။
အတွက်ရှိမှ၊ အမြတ်ရ၊ လာဘ တည်ကြောင်းသာ။
အတွက်မသိ၊ စည်းမရှိ၊ ဖြစ်မည့်ဒုက္ခတာ။
အရာတတ်က၊ ထားတတ်မှ၊ ခနေ လက်ဝယ်ကြာ။ ။
* အရာသာတတ်၊ ထားမတတ်၊ မှတ်ကြ ပျက်ဖို့ရာ။
မသိသူကျော်၊ သိသူဖော်၊ မျှော်ခေါ်စဉ်းစားပါ။
နေရင်းရှာပြည်၊ အကြောင်းစည်၊ နားလည်ကြိုးကုတ်ရာ။
စုံစမ်းမေးမြန်း၊ အခန်းခန်း၊ စူးစမ်းသိကြောင်းရှာ။ ။
* စုံစမ်းမမေး၊ အကြံသေး၊ ပြေးရဝေးမြေသာ။
ကြံရေးရသင့်၊ လမ်းအခွင့်၊ ရှိသင့်ရှိကြောင်းရှာ။
ကြံရေးမလှ၊ လက်မှိုင်ကျ၊ ပြောင်းပ ထိုအခါ။
သတ္တိရဲရင့်၊ အားကိုမြှင့်၊ မြင့်ထက် မြင့်ဖို့ရာ။ ။
* သတ္တိဆုတ်ယုတ်၊ အားသိမ်နုပ်၊ ငုတ်တုတ်ငတ်မည်သာ။
စိတ်ကိုဆောင်ငြား၊ လူယောက်ျား၊ မရှားလာဘ်လာဘာ။
မမေးမစမ်း၊ လူညာက်ကန်း၊ ပရမ်းပတာ ဖြစ်မည်သာ။
ရစဉ်ခနေ၊ ဝင့်ဝါလှ၊ ခဏတည်ကြောင်းသာ။
အကုန်အရ၊ ဆင်ခြင်မှ၊ ခနေတိုးတက်မှာ။
ကျင့်မြတ်တည်ကြည်၊ တင်းမိုလှံ့လ၊ ထားတတ်က၊ ကြွယ်ဝချမ်းသာရာ။
သူ့ကိုအားကျ၊ လှူဒါန၊ မုချမွဲဖို့သာ။
မတူနိုင်သေး၊ မတုသေး၊ အေးအေးနေဖို့ရာ။
ငွေရင်းနည်းပါး၊ ချေးယူငြား၊ တိုးကား ဒီရေပမာ။ ။
* ကိုယ်နှင့်သင့်လွန်း၊ ကြံစည်ညွှန်း၊ မြတ်စွန်းတိုးမြင့်ရာ။
ကာလစရိုက်၊ ဒေသကြိုက်၊ အလိုက်သိသင့်ရာ။
မိမိလုပ်ငန်း၊ စိတ်စွဲလမ်း၊ ဆုံးခန်းတိုင်စေရာ။
ဟိုပြောင်းသည်ပြောင်း၊ ကံမကောင်း၊ အကြောင်းမဆိုသာ။
သည်းခံကြိုးကုတ်၊ လုံ့လထုတ်၊ မုချကြီးမြင့်ရာ။
ဥစ္စာဂုဏ်မေ့၊ မပေါ်သေး၊ ပူဆွေးဗျာပါ မရှိရာ။
ဥစ္စာရှိက၊ မနေရ၊ သိကြတိုင်းပြည်မှာ။ ။

mgyoe.com

* သတ္တိအားချွန်၊ ရေတံခွန်၊ လောင်းသွန်ဆင်း၍လာ။
အနောက်ခပင်း၊ ဘေးရန်ခွင်း၊ ရှင်းရှင်းလွတ်သည်သာ။
တာဝန်မကြောက်၊ လုံ့လရောက်၊ ထွင်းဖောက်ကြံတိုင်းသာ။
တာဝန်နည်းပါး၊ လုံ့လရှား၊ စိတ်အားမသန်ရာ။
စည်းကမ်းမှန်စေ၊ စနစ်သေ၊ ရှင်းစေရှုပ်များစွာ။
ချိန်စနစ်ဝေး၊ စည်းကမ်းဝေး၊ ကံပေးလွဲဖို့ရာ။ ။
* ကံတို့လာပုံ၊ ရေအစုန်၊ အဟုန်သက်ဆင်းလာ။
ရေလာတာမြောင်း၊ သွယ်မကြောင်း၊ ရေကောင်းမတည်ရာ။
ဥစ္စာရကြောင်း၊ လောဘကောင်း၊ အပေါင်းရှိစေပါ။
လောဘနည်းလျှင်၊ ရသေ့ရှင်၊ မြို့ပြင်ထွက်ဖို့သာ။
ဥစ္စာရရန်၊ စိတ်ဩသန်၊ ကေန်ရမည်သာ။
ဆန္ဒရှိက၊ နည်းလမ်းရ၊ မုချအောင်ဖို့ရာ။
ငွေရင်းကြီးမား၊ မတိုးပွား၊ နောက်သားနောင်လာ စက်ဖို့ရာ။
ကိုယ်တစ်သက်စား၊ တင်းတိမ်ငြား၊ မြေးသားဆဲစရာ။ ။
* ဥစ္စာစီးပွား၊ မတိုးငြား၊ ပျက်ပြားဆုတ်ယုတ်ရာ။
ပညာထို့တူ၊ မတိုးမူ၊ လွယ်ကူဆုတ်တတ်စွာ။
တစ်ကျပ်ရင်းလတ်၊ တစ်မတ်မြတ်၊ ဆတ်ဆတ်ချမ်းသာမှာ။
အကြံကုန်ခန်း၊ စိတ်မခန်း၊ ကျိုးကန်းသူမေးပါ။
စီးပွားရှာကြံ၊ နည်းလမ်းကျ၊ ဘာမျှမခက်ရာ။
ကြံစည်ကြီးမြောက်၊ ချင့်မြော်ထောက်၊ စိုးနှောင့်မယှက်ရာ။
ပန်းထိမ်တောက်တောက်၊ မစားလောက်၊ ကြီးမြောက်မထွန်းရာ။
ကူးသန်းချဲ့ထွင်၊ ရတနာရှင်၊ စည်ပင်ထွန်းသစ်ရာ။
သူငါကစ၊ လုပ်လမ်းပြ၊ တုပမလိုက်သာ။
ဉာဏ်ရည်ဉာဏ်သွား၊ ချွန်သူအား၊ ပွားများလာဘ်လာဘာ။
စွန့်စားရဲရင့်၊ ဂုဏ်ရောင်တင့်၊ ကြီးမြင့်လွှန်ကြွေညာ။ ။
* ဆန်းသင့်စီမံ၊ အကြံဉာဏ်၊ သာမန်မဟုတ်ရာ။
ဦးစေ ထူးစေ၊ မထူးနေ၊ ရှူးစေမကြောက်ရာ။
ကြေးငွေကုန်မှ၊ နမြောကြ၊ ဒုက္ခပူပန်ရာ။
ပူပန်တောင့်တ၊ နောင်တရ၊ မုချပြန်မလာ။
အားသစ်စီမံ၊ ထပ်လောင်းကြံ၊ တစ်ဖန်ရအောင်ရှာ။ ။

mgyoe.com

* ကြံသည့်အကြံ၊ ပြီးစေရန်၊ စိတ္တာန်မြဲစေရာ။
ပုရိသဇာနည်၊ ယောကျာ်းပီ၊ ယုံကြည်ကိုယ့်ကိုသာ။
ကျိုးကြောင်းဆင်ခြင်၊ အစွန်းထင်၊ လမ်းစဉ်သိဖို့ရာ။
အဝေးမသွား၊ နည်းအပါး၊ ရခြားလမ်းကိုရှာ။
မြင့်မြတ်ဘိဝမ္မာ၊ နှိုက်ချွတ်ရှာ၊ လူနာမပျောက်ရာ။
ဥစ္စာစီးပွား၊ ရဖို့ခြား၊ မမှား ထို့တူသာ။
သတိနည်းလျှင်၊ ဝှမ်မြင်၊ ရှေ့တွင်ရှိလျက်သာ။
သတိဉာဏ်ကဲ၊ ယူဆောင်စွဲ၊ တွေ့မြဲရတနာအမှိုက်မှာ။ ။

* ဆင်းရဲဒုက္ခ၊ ဟူသမျှ၊ တွေးဆ မကြောက်ရာ။
ဆင်းရဲဒုက္ခ၊ ဟူသမျှ၊ လုံ့လတိုးကြောင်းသာ။
ဆင်းရဲဒုက္ခ၊ ရောက်လာက၊ ကြံရမလွဲသာ။
မလွဲရှာကြံ၊ ဣန္ဒြေလျှံ၊ သိဉာဏ်တိုးတက်ရာ။ ။

၀

mgyoe.com

mgyoe.com

# ထူးသော သတ္တိတစ်မျိုး

[မာတ်ပုံဖြင့် ရိုက်ကူး၍မရ၊ ပန်းချီစုတ်တံဖြင့် ခြယ်မှုန်း၍မဖြစ်၊ ပန်းပုဆရာ၏ ဆောက်ချက်ဖြင့် ထွင်းထု၍မရ၊ စာပေဟောင်းပေဟောင်းများနှင့် ထေရုပ္ပတ္တိစာတမ်းများ၌ သေချာစွာ မဖော်ပြ၊ မြင်လျှင် မည်သူမဆို သိနိုင်လျက် အဘယ်သို့သောအရာဟု ပြောမပြနိုင်သော သိမ်မွေ့သောအရာတစ်ခုသည် ထင်ရှားသောသူဟူသမျှ၌ ရှိ၏။ ထိုအရာကို တန်ခိုးသတ္တိတစ်မျိုးဟု ခေါ်အပ်ပေသည်။]

လောက၌ ထိုကဲ့သို့သော ပုဂ္ဂိုလ်မျိုးသည် ရှိ၏။ ၎င်းပုဂ္ဂိုလ်မျိုးသည် အခြားသောသူများထက် ထူးခြားသော သတ္တိစွမ်းရည်၊ ပညာဂုဏ် မရှိဘဲလျက် ရောက်ရာမှာ ထင်ရှားပြီး ၎င်းတို့၏ နာမည်ကို ကြားလိုက်ရရုံမျှနှင့် လူအများတို့သည် ၎င်းတို့ကို တွေ့ချင်မြင်ချင်သောစိတ် ရှိတတ်ကြလေသည်။

ထိုသတ္တိထူးကို လောကဓာတ်ပညာအစွမ်းဖြင့် တိုင်းတာ၍ရမည်ဆိုလျှင် ကျောင်းသားသူငယ်များကိုပင် နောင်အဘယ်ကဲ့သို့သော အခြေအနေအထိ ကြီးပွားပေါက်ရောက်မည်ကို တင်ကြို ဟောပြောနိုင်ဖို့ ရှိလေသည်။

ယခုမှာမူ ထိုသတ္တိထူးကို မတိုင်းမချိန်နိုင်ကြသဖြင့် ဉာဏ်ပညာနှင့် လူစွမ်းသတ္တိကို ကြည့်ကာ လူကဲကို ခတ်ကြရလေသည်။ စင်စစ်အားဖြင့်သော်ကား ထိုမထင်ရှားသောသတ္တိ၊ မြင်လျက်မမြင် မသိရသကဲ့သို့နေသော သတ္တိသည် ဉာဏ်ပညာကြီးမားသောသူများကိုပင် စေခိုင်းနိုင်သော သတ္တိဖြစ်လေရာ လောက၌ အထွတ်အထိပ်သို့ ရောက်၍နေသော သူတို့မှာ ဉာဏ်ပညာ မထူးကဲခြင်းဖြင့် သိရလေသည်။

ထိုထူးခြားသောသတ္တိသည် လူထဲ၌ ပေါက်ရောက်လွယ်ကူသောသူတို့မှာ ရှာလျှင်တွေ့နိုင်လေသည်။ သို့ဖြစ်၍ ဉာဏ်ပညာအရည်အချင်း သင့်လျော်ရုံမျှရှိ၍ ခံ့ညားသော ကျက်သရေနှင့် ပြည့်စုံလျက် ယဉ်ကျေးသော အမူအရာ အသုံးအနှုန်းရှိသူတို့သည် မိမိတို့ထက် ပညာအရည်

mgyoe.com

 mgyoe.com


အချင်းရှိသူတို့ကို ကျော်လွှမ်းပြီး မြင့်ရာသို့ ရောက်ကြသည်ကို အခါများစွာ တွေ့ရှိနိုင်လေသည်။ သို့ဖြစ်သောကြောင့် ဘယ်သူ ဘာတတ်လို့လဲ၊ လက်သင့်ရာ စားတော်ခေါ်တဲ့ ကိန်းမျိုးနဲ့ မြှောက်စားခြင်းကို ခံရတာပါ။ ဘယ်သူက ဘယ်သူ့ကို ဖေဘာလုပ်တာကလား စသည်ဖြင့် ပညာအရည်အချင်း ပြည့်စုံသူတို့က မကျေမချမ်းဖြစ်ကာ ပြောတတ်ဆိုတတ်ကြလေသည်။ အဘယ်သို့ပင် ပြောကြစေကာမူ ပညာအကြီးဆုံးသော သူတို့သည် အမြင့်ဆုံးသောနေရာကို ရောက်ခဲ့၍ အဆိုပါ သတ္တိကောင်းသောသူတို့သာ အထွတ်အထိပ်သို့ အများအားဖြင့် ရောက်ကြသည့်ပြင် စီးပွားဥစ္စာ ရှာရာ၌လည်း သာမန်ဉာဏ်ရှိသူတို့သည် ဉာဏ်ကြီးသောသူတို့ထက် ကြီးပွားတတ်ကြသည်မှာ နေ့စဉ် တွေ့မြင်နိုင်သောအရာ ဖြစ်လေရာ ပညာထက် ဝီရိယနှင့် ပီယဝါစာမေတ္တာစကားက ပိုမို၍ တန်ခိုးကြီးကြောင်း သိသာလေသည်။

သို့အတွက် ပညာနှင့် ဥစ္စာ အဘယ်အရာက ပို၍မြတ်သနည်းဟု အမေးရှိက စိတ်ကောင်းနှင့် ဝီရိယကောင်းက အမြတ်ဆုံးဟု ပြောရပေလိမ့်မည်ဖြစ်ကြောင်း။

အချို့သော အပြောကောင်းသူတို့သည် ပရိသတ်ကို မိမိဘက်သို့ပါအောင် ပြောနိုင်ကြ၏။ သို့သော်လည်း ၎င်းတို့ပြောသော စကားများကို စာအုပ်၌ ဖတ်ရသောအခါ ပြောဟောသည်ကို နားထောင်ရသလောက် စိတ်ကို မဆွဲတတ်ကြောင်း တွေ့ရှိရလေသည်။ ဤအရာ၌ ပြောသော စကားကို နားထောင်ရသည့်အခါ ရေးသားသောစာ၌ မပါရှိသော သတ္တိထူးတစ်ခုသည် ပြောသူ၏ သဏ္ဍာန်မှ ပျံ့နှံ့ထွက်ပေါ်နေသောကြောင့်ဟု သိသာလေသည်။

၎င်းတို့သည် မိမိတို့ပြောလိုသော စကားများကို မိမိတို့ကိုယ်တိုင် ပြောမှုဖြစ်၏။ အခြား လူတစ်ယောက်အား ကိုယ်စားလှယ်လွှဲ၍ စာရေးပြီး အပြောခိုင်းချေက ထိုစကားများသည် အဘယ်မျှလောက်ပင် ခိုင်းစေကာမူ ပရိသတ်ကို ညွတ်အောင်ပြုဖို့ရန် မတတ်နိုင်ဘဲ နေတတ်လေသည်။

သို့ဖြစ်၍ မထင်ရှားသော Personality ခေါ်သော သတ္တိသည် လွန်စွာတန်ခိုးကြီးသဖြင့် အလွန်တရာ ကြမ်းကြုတ်ခက်မာသော စိတ်သဘောတို့ကိုပင် နိုင်နင်းလျက် တစ်ခါတစ်ရံ လူမျိုးတစ်မျိုးလုံး၏ ရာဇဝင်ကို ပြောင်းလဲအောင် စွမ်းနိုင်သောသတ္တိ ရှိလေသည်။

၎င်း ထူးခြားသော တန်ခိုးသတ္တိနှင့် ပြည့်စုံကြသောသူတို့နှင့် တွေ့ကြုံရသောသူတို့မှာ စိတ်လက် ချမ်းမြေ့၍ အခက်အခဲတွေ့သည့်အခါများမှာပင် ခက်သည်ဟု မထင်ဘဲ အောင်မြင်ခြင်းနည်းလမ်းကို ရရှိတတ်ကြလေသည်။ ထိုလူမျိုးသည် စိတ်အားကို တိုးတက်စေသောလူမျိုး ဖြစ်လေသည်။

အချို့သောလူများကား အထက်ဖော်ပြသော လူမျိုးနှင့်မတူ၊ ခြားနားကွဲပြား ဆန့်ကျင်၍ အများတို့၏စိတ်ငြိုငြင်အောင် ပြုတတ်ကြလေသည်။ ထိုကဲ့သို့သော လူများကို မည်သူမျှ မတွေ့လိုမကြုံလိုကြချေ။

ထိုလူနှစ်မျိုးအနက် တစ်မျိုးသည် လူ့အချင်းချင်းအပေါ်၌ လေးစားချစ်ခင်လျက် သူ့တစ်ပါး

mgyoe.com

ကို အားပေးကူညီချင်သောစိတ်ရှိ၍ တစ်ပါးသူ၏ အကျိုးစီးပွားကို မိမိကိုယ်တိုင် အကျိုးစီးပွားကဲ့သို့ သဘောထားလေ့ရှိ၍ အခြားပြိုင်ဖွယ် လူတစ်မျိုးမှာမူကား အဆိုပါလူနှင့် ဆန့်ကျင်စွာ ကျောချင်းကပ်၊ ဗီလာသဘောထားလေ့ရှိသူများ ဖြစ်တတ်ကြသဖြင့် ကိုယ်ကျိုး ကိုယ့်စီးပွားကို ရှာတတ်ကြသူများ ဖြစ်ကြလေသည်။ ထိုလူမျိုးတို့၏စိတ်၌ သူတစ်ပါး ကောင်းစားသည်ကိုလည်းကောင်း၊ သူတစ်ထူး ကျော်ကြားသည်ကိုလည်းကောင်း မနှစ်လိုခြင်းသည် လွှမ်းမိုး၍နေတတ်သည်မှာ မျက်နှာတွင် ထင်ရှားသိသာလေသည်။

သို့ဖြစ်၍ မုန်းပင်စိုက်ပျိုး၊ မုန်းမျိုးတည်ထောင် မချစ်မခင်အောင် လုပ်တတ်သူ တစ်မျိုး၊ ချစ်ပင် စိုက်ပျိုး၊ ချစ်မျိုးတည်ထောင် ချစ်ခင်အောင် လုပ်တတ်သူတစ်မျိုးဟု လူ့ပြည်၌ လူနှစ်မျိုး ရှိတတ်လေရာ ကိုယ်စီကိုယ်ငှ မိမိတို့ စိုက်ပျိုးလေ့ရှိကြသော အပင်များ၏ အသီးအပွင့်ကို ရရှိခံစားကြရတတ်သည်ကို နှလုံးသွင်းဖို့ ကောင်းကြလေသည်။

တစ်ပါးသူတို့၏ခက်ခဲခြင်း၌ ကူညီလိုသောသူ၊ ကိုယ်ကျိုးကိုသာ အမြဲရှာ၍မနေသောသူတို့မှာ အပြင်အပ ယဉ်ကျေးဖွယ်ရာများပင် မရှိစေကာမူ ရောက်ရာအရပ်၌ ၎င်း၏မွန်မြတ်သောစာတ်ကို မည်သူမဆို သိလွယ်သဖြင့် လေးစားချစ်ခင်ခြင်းကို ခံကြရမြဲဖြစ်လေသည်။ ၎င်းလူမျိုးသည် ဝန်လေးသောသူကို ဝန်ပေါ့အောင် ပြုတတ်၏။ အားငယ်သူကို အားတက်အောင် လုပ်တတ်၏။ စိတ်ပျက်သူတို့၌ မျှော်လင့်အားကိုးခြင်းကို ဖြစ်စေသဖြင့် ယုံကြည်ကိုးစားသော အားထားခြင်းကို ခံကြရတတ်လေသည်။ ထိုကဲ့သို့သော ပုဂ္ဂိုလ်သူမွန် ပွဲတိုင်းမှာချွန်သောသူ ဖြစ်လိုလျှင် ခက်ခဲခြင်း မရှိ၊ မည်သူမဆို ဖြစ်နိုင်လေသည်။ သို့ဖြစ်နိုင်ဖို့ရန် ဆေးနည်းမှာ ကြီးကျယ်စွာ ရှာရဖွေရ စုဆောင်းရခြင်း မရှိ၊ မေတ္တာဟု ခေါ်ဆိုအပ်သော မြစ်ချင်းပြီး ပကတိမူလခဲနည်း ဖြစ်လေသည်။

ဤမေတ္တာတည်းဟူသော သတ္တိတန်ခိုးထက် အဖိုးတန်သော ကွာလီဖိကေးရှင်း ခေါ် အရည်အချင်း ဒီပလိုမာ ဘွဲ့တံဆိပ်သည် လောကမှာ မရှိချေ။ ထိုလူမျိုးသည် ပီယသိဒ္ဓိတစ်ခုသာ ပေါက်သည် မဟုတ်၊ မနသိဒ္ဓိ၊ ကာယသိဒ္ဓိများလည်း ပါဝင်ပေါက်ရောက်ပြီး ဖြစ်လေသည်။

များစွာသော မိန်းမတို့မှာ ရုပ်ရည်ပင် မလှသော်လည်း မေတ္တာဆိုသည့် လိပ်ပြာအလှစိတ်ရှိသဖြင့် ချစ်တတ်ခင်တတ် ကြင်နာသနားတတ်သောကြောင့် ရုပ်လှသူတို့နှင့် မခြားမနား၊ ရောက်ရာမှာ ထင်ရှားကြလေသည်။ စင်စစ်အားဖြင့် ၎င်းမိန်းမပျိုမှာ ရုပ်လှသူတို့ထက်ပင် ပိုမို၍ထင်ရှားချင်သောသတ္တိ ရှိလေသည်။ အကြောင်းမူကား ရုပ်သည် အရေပြားတစ်ထောက်သာရှိ၍ တစ်နေ့ထက် တစ်နေ့ ပျက်ဖို့ဘက်ကိုသာ အားပြု၏။ မြတ်သောစာတ်သည်ကား မြတ်စရှိလျှင် မြတ်ချင်ချင် ဆိုသည့်အလားလို အဘယ်အခါမှ မပျက်နိုင်သည်သာမက ကြီးလေ သာ၍လှလေဟု ဆိုအပ်သော အဆင်းကို ဆောင်နိုင်လေသည်။

သို့ဖြစ်၍ ဘယ်သူ့ကို ဘယ်နေရာမှာ ငါက ဘယ်လို ဆိုလိုက်တာပဲ၊ ငမဲဆိုတဲ့ အကောင်ကို ငါက လူထဲမှာ ဘယ်လိုလုပ်လိုက်တာ မျက်နှာများ မည်းပြီး တစ်ခါတည်း အရှက်ကွဲသွားတာပဲ

mgyoe.com

စသည့်စကားမျိုးကို အသုံးပြုခြင်းသည် မေတ္တာတရားနှင့် လွန်စွာဆန့်ကျင်ခြင်း ဖြစ်လေရာ ထို စကားမျိုးကို ပြောရင်းပြောရင်းပင် မိမိ၏တန်ဖိုးကို ဆုတ်ယုတ်အောင်ပြုရာသို့ ရောက်တတ်လေ၏။

အခါများစွာ လူအများတို့ ဝိုင်းဖွဲ့၍ စကားပြောဆိုနေကြရာ၌ ငြီးငွေ့ဖွယ်ရာဖြစ်သည့်အခါ အဆိုပါ လိပ်ပြာလှသော မိန်းမတစ်မျိုးသည် ပြုံးရွှင်သောမျက်နှာ၊ လတ်ဆတ်သော အမူအရာ၊ မေတ္တာဆိုသည့် ရောင်ခြည်ကို ဖြန့်ကာ ဝင်ရောက်၍လာသည့်အခါ ပူအိုက်သောအချိန်၌ ချမ်းမြေ့ အေးကြည်သော လေပြည် ဝှေ့လာ၍တိုက်သလို ဆိတ်ငြိမ်သောလူစုမှာ အသက်ဓာတ်ဝင်၍လာ သကဲ့သို့ဖြစ်ပြီး ရွှင်လန်း၍ လာတတ်ကြလေသည်။ ထိုမိန်းမပျိုသည် မိုးခေါင်၍ သွေ့ခြောက်သည့် အခါ ရွာသွန်းလောင်းချသော မိုးရေနှင့်လည်း တူကြလေသည်။

ထိုကဲ့သို့သော သတ္တိထူးမျိုး ရှိသူတို့သည် အခါများစွာ မိမိတို့၏သတ္တိ အဘယ်က ထွက်ပေါ် သည်၊ ၎င်းကို ဘယ်အတွက်ကြောင့် အများခင်မင်ကြသည်ဟု မသိတတ်ကြ။ မိမိတို့မှာ လူချစ် လူခင် များစေတတ်သော သတ္တိထူးတစ်ခုရှိသည်ကိုသာ သိတတ်ကြလေသည်။ သို့သော်လည်း ၎င်းသတ္တိကို အခြားအတတ်ပညာတစ်ခုခုထဲသို့ လေ့ကျင့်၍ယူလျှင် ရနိုင်လေသည်။ အကြောင်း မူကား ကနကမာတိုင်းမှာ ပုလဲမရှိသော်လည်း လူတိုင်းမှာ ထိုသတ္တိရှိအောင်လုပ်လျှင် ရှိနိုင်သည် ဟု စိတ်ချလက်ချ အတည်တကျ ယုံကြည်အပ်ပေသည်။

၎င်းဆွဲငင်တတ်သော သံလိုက်ဓာတ်ကို ရရှိပြီးနောက် အခြားအရေးကြီးသော အရာသည် ကား အပြောအဆို အပြုအမူ အနေအထိုင်၌ သင့် မသင့်၊ လျော် မလျော်ကို ချင့်ချိန်တတ်သော ဉာဏ်နှင့် အသုံးအနှုန်းပြုရာ ယဉ်ကျေးခြင်းဖြစ်လေသည်။

ဤအခါ၌ ဤစကားကိုပြောမှ တော်မည်၊ ဟိုအခါ၌ ဟိုလိုလုပ်မှ သင့်မည်ဟူသော သိတတ် သော အမြင်ရှိခြင်းသည် အဆိုပါသတ္တိထူးကို များစွာအထောက်အပံ့ပြုနိုင်လေသည်။ သို့ဖြစ်၍ မရှိ သည်ထက် မသိတာ ပို၍ခက်သည်ဟု ရှေးလူကြီးသူမများ ပြောကြလေသည်။

အချုပ်မှာ လူလူချင်း ပေါင်းသင်းဆက်ဆံရာ၌ တစ်စုံတစ်ယောက်၏စိတ်ကို ထိပါးငြိငြင် နာကျင်အောင်ပြုတတ်သော အသုံးအနှုန်း အပြောအဆို အပြုအမူတို့ကို အထူးသတိပြု၍ ရှောင် ကြဉ်အပ်လှပေသည်။

အများအားဖြင့် မီးရထားစီးရာ၌ နေပုံထိုင်ပုံကို ကြည့်ခြင်းဖြင့် လူကဲကိုခတ်ဖို့ရာ များစွာ လွယ်ကူခဲ့သည်။ သူတစ်ပါး မထိုင်ရအောင် နေရာကို ထမင်းချိ၍ထားခြင်း၊ ခြေလက်ကို တမင် ဆန့်နေခြင်း၊ မသန့်ရှင်းသောကိုယ်၊ မသန့်ရှင်းသော အဝတ်အစားနှင့် သန့်ရှင်းသော လူတို့၏ အကြားကို ဝင်၍တိုးခြင်း၊ ထိုင်ခြင်း စသည့် လူတစ်စုံတစ်ယောက်၏စိတ်၌ မချမ်းသာအောင် ပြု တတ်သော၊ အလိုက်မသိတတ်သော အလေ့အကျင့်တို့သည် မဆင်ခြင် မစဉ်းစား၊ အသိဉာဏ်

mgyoe.com

mgyoe.com

ခေါင်းပါးသော လူများ၏ ထင်ရှားသောလက္ခဏာဖြစ်သည့်ပြင် စိတ်ရင်းသဘောထား မကောင်းခြင်းကိုလည်း များစွာပင် သိသာလေသည်။

အတိုချုပ်မှတ်ရန်မှာ မိမိအတွက် တစ်ပါးသူတစ်ယောက်မှာ ဝန်လေးငြိငြင်ခြင်း မဖြစ်စေရအောင် အထူးသတိထားအပ်ခြင်းဖြစ်လေရာ မည်သူ့ကိုမှ ငြိငြင်အောင် မပြုတတ်သော သူတစ်ယောက်အပေါ်၌ မည်သူကမှ မုန်းအောင်ငြိငြင်လိမ့်မည်မဟုတ်ဟု ယုံကြည်အပ်ပေကြောင်း။

မည်သူမဆို ထူးမြတ်၍ အဖိုးမဖြတ်နိုင်သော အမွေအနှစ်ကို ရနိုင်၏။ ထိုအမွေအနှစ်သည်ကား အခြားမဟုတ်၊ ယဉ်ကျေးဖွယ်ရာ ပြုလုပ်တတ်ခြင်း၊ စိတ်ပါကိုယ်ရောက် ပြုတတ် စုတတ်ဧည့်ခံတတ်ခြင်း၊ စိတ်သဘောကြီးခြင်း၊ သူတစ်ပါး၏ ကျူးလွန်ခြင်းကို အခွင့်လွှတ်တတ်ခြင်း၊ သည်းညည်းခံတတ်ခြင်းများ ဖြစ်လေသည်။

သိန်းသန်းကုဋေ ရွှေငွေကျောက်သံအမွေတို့သည်ကား ပျက်စီးနိုင်၏။ ထိုအမွေတို့သည်ကား မပျက်စီးနိုင်ဘဲ အမြဲတည်တံ့လေသည်။

ကျွန်ုပ်တို့ မြန်မာလူမျိုးများမှာ အလွန်အဖိုးထိုက်သော ယဉ်ကျေးခြင်း အမွေအနှစ်ကို ရရှိသော်လည်း သူတစ်ပါး၏ ကျူးလွန်မှားယွင်းခြင်းကို အဟုတ်တကယ် အခွင့်လွှတ်တတ်သူ များ သင့်သလောက် မများကြသောကြောင့် ကြမ်းကြုတ်သော ရာဇဝတ်မှုတွေ များကြသည်ကို သိရလေသည်။

၎င်းအဆွဲဓာတ်သည် စီးပွားရှာသောအလုပ်မှာသာ အဖိုးတန်သည်မဟုတ်၊ နိုင်ငံရေးအလုပ်များ၌လည်း အထွတ်အထိပ်သို့ ရောက်အောင် ပို့နိုင်လေသည်။ ရှေ့နေဖြစ်လျှင် အမှုသည်တွေကို များစွာ ရနိုင်၏။ ရောင်းဝယ်သူဖြစ်လျှင် ဖောက်သည်တွေ ပေါများနိုင်၏။ ဆေးဆရာဖြစ်လျှင် လူမမာတွေ များစွာရနိုင်ပေသည်။ ၎င်းသတ္တိသည် မည်သည့်အလုပ်အကိုင်မှာမဆို ကြီးပွားခြင်းအတွက် မလွှဲသာသောသတ္တိ ဖြစ်လေသည်။ ၎င်းလူမျိုးသည် အရောင်းအဝယ်၌ မိမိတို့ထက် ပိုမို၍ အပင်ပန်းခံသူများထက်ပင် ပိုမိုတွင်ကျယ်နိုင်လေသည်။

များစွာသောသူတို့မှာ မိမိတို့၏အလုပ်ကို ကောင်းစွာနားလည်၍ အရည်အချင်းနှင့် လွန်စွာမှ ပြည့်စုံကြသော်လည်း ၎င်းအဆွဲဓာတ်သတ္တိ မရှိခြင်းကြောင့် တိုးတက်ကြီးပွားခြင်း မဖြစ်နိုင်ဘဲ နေကြလေသည်။

ထိုသတ္တိကို အပေါင်းကောင်းခြင်း၊ အပေါင်းဆုံခြင်း၊ ပေါက်ရောက်တွင်ကျယ်ခြင်းဟု ခေါ်ရလေသည်။ ထိုသတ္တိကို ရလိုလျှင် ကိုယ်ကောင်းကြံတတ်သောစိတ်၊ မိမိအလိုကိုသာ သိတတ်သော စိတ်မျိုး၊ အပါး အနပ် အလည် ဟူသောစိတ်မျိုးကို နည်းပါးအောင် သတိပြုကြရလေသည်။ အကြောင်းမူကား လိမ္မာခြင်းသည် မြတ်သော်လည်း ပါးနပ်ခြင်းသည် ယုတ်သောအကြောင်းဖြစ်သဖြင့် မနပ်ဘဲ လိမ္မာရမည်ဟု ပညာရှိများ ပြောဖူးလေသည်။ သို့ဖြစ်၍ လူပါးလူနပ်တို့ကို အားကျသည်ထက် လူလိမ္မာ လူကောင်းတို့ကို အားကျတုပအပ်လှပေကြောင်း။

mgyoe.com

 mgyoe.com 

များစွာသော ပျိုရွယ်သူတို့သည် နိမ့်ရာမှ မြင့်ကြသည်မှာ လွန်စွာ တတ်မြောက်သောကြောင့် မဟုတ်၊ ရင်းဆွဲဝင်သော သတ္တိထူးရှိသောကြောင့် ဖြစ်လေရာ ငါတတ်သည်ဟူသော ပညာမာနရှိသူတို့မှာ ၎င်းတို့၏ မာနက လွှမ်းမိုးပိတ်ဆို့သဖြင့် ကြီးမြင့်ရန် ခက်ကြလေသည်။ သို့ဖြစ်၍ ပျိုရွယ်သောသူ ယောက်ျားသည် အဘယ်မျှလောက် လောက၌ ကြီးမြင့်မည်ကို ပညာကိုကြည့်၍ အကဲမခတ်အပ်။ လူပေါင်းဆုံခြင်း၊ စိတ်ကောင်းခြင်းကို အထူးကြည့်၍ အကဲခတ်အပ်ပေကြောင်း၊ အဘယ်ကြောင့်ဆိုသော် လူတတ် လူတော်တို့သည် အများအားဖြင့် မိမိတို့လောက်မတတ်သောသူတို့ ခိုင်းစေရာကို ခံရသောကြောင့် ဘုရားကားအောက်၊ မျောက်ကားအထက်ဟု မခံချင်သော လူတတ်များက ပြောတတ်ဆိုတတ်ကြလေသည်။ ထိုသတ္တိထူးရှိသူတို့ ကြီးမြင့်တတ်ခြင်းမှာ အခြားကြောင့် မဟုတ်၊ မိတ်ကောင်း ဆွေကောင်းကို ရလွယ်ခြင်းကြောင့် ဖြစ်လေရာ လောက၌ အဆွေခင်ပွန်းကောင်းသည် အရေးအကြီးဆုံးဖြစ်သည်ကို သိန်းမ၊ သိန်းဖိုတို့ ဝံလိုရေလိပ်ရန်ကို နိုင်သော ခြသေ့်မင်းနှင့် ပေါင်းသင်းကြရသောကြောင့် မိမိတို့၏ သားသမီး အသိုက်အအုံ မပျက်၊ ချမ်းသာစွာနေရသော ထုံးကို နှလုံးသွင်းအပ်ကြလေသည်။ များစွာသောသူတို့မှာ စည်းစိမ်ဥစ္စာ ပျက်စီးပြီးနောက် အဆွေခင်ပွန်းကောင်းတွေ မပျက်စီးသဖြင့် ပြန်၍ထူထောင်ကြီးမြင့်ခြင်းကို ရောက်ကြသည်ကို အများကြီး တွေ့ရှိနိုင်ကြလေသည်။

သူတစ်ပါးအပေါ်မှာ နပ်ချင် ပါးချင်လျက် ကိုယ်ရဖို့ကို အမြဲကြံပြီး ကပ်စေးနဲတတ်လေရာ ကိုယ်ဥမှ ကိုယ့်ဟာမှတ်ထင်သောသူတို့ကို မည်သူမှ မပေါင်း မလုပ်လိုကြချေ။ ပြုံးလျှင် တကယ်ထိထိရောက်ရောက်ပြုံး၊ လက်ဆွဲနှုတ်ဆက်လျှင် စိတ်ပါကိုယ်ရောက် ကိုင်ဆွဲ၍ သူ့လက်ကို ကိုင်ရတာ အရသာရှိသဖြင့် ချက်ချင်းလွှတ်၍ မပစ်နိုင်သလို နှုတ်ဆက်ရမည်။ ထိုလူမျိုးသည် တက်နေ၏ အလင်းရောင်နှင့် တူ၏။ အလွန်စိတ်တိုသောသူသော်မှ လက်ခံစကားမပြောဘဲ မနေနိုင်ချေ။

လူတစ်ယောက်မှာ အဘယ်မျှပင် အလုပ်ရှုပ်၍ မည်သူ့ကိုမှ လက်ခံစကားမပြောလိုပေရာ ဤနေရောင်ခြည်အလင်းကိုဆောင်၍လာသောသူကိုမူကား လက်ခံစကားမပြောဘဲ မနေနိုင်ချေ။

ဤကဲ့သို့ အကြောင်းအရာများကို စာသင်ကျောင်းများ၌ မသင်မပြကြသည့်အတွက် ပညာတတ်သူများစွာတို့မှာ လူရိုင်းသာသာမျှ ရှိကြသောကြောင့် ၎င်းတို့ရရှိသောပညာမှာ များစွာအသုံးမဝင်ဘဲ နေရလေသည်။ ဤကဲ့သို့ ယဉ်ကျေးဖွယ်ရာသောသူတို့ကို မည်သူမျှ စော်ကားခြင်း မပြု၊ ထိပါးနာကျင်အောင် မပြော၊ သေးနုပ်အောင် မလှောင်မပြောင်၊ မထီမဲ့မြင်လည်း မပြု၊ ထိုလူမျိုးကို မြင်လျှင် အလိုလိုအားနာပြီး စကားမပြောမီကပင် အားပါးချင်သလိုလို ဖြစ်၍နေတတ်လေသည်။

သို့ဖြစ်၍ ကျောင်းကပညာကိုသာ အားမကိုးဘဲ လူလူချင်း ပေါင်းသင်းဆက်ဆံခြင်းဆိုင်ရာ မျက်မြင်လက်တွေ့ပညာကို အထူးအားကိုးကြရန် သတိပြုအပ်လေသည်။ စာအုပ်ထဲမှ ရသောပညာသည် အခြား အဖိုးတန်သောပညာ ဖြစ်၏။ သို့သော်လည်း လူလူချင်း ပေါင်းသင်း၍ သိမြင်

mgyoe.com

mgyoe.com

တတ်ကျွမ်းသော လက်တွေ့ပညာသည်ကား အဖိုးမဖြတ်နိုင်သောပညာ ဖြစ်လေသည်။ သို့ဖြစ်၍ အပေါင်းအသင်းကို များနိုင်သမျှများအောင် ကြိုးစားသင့်ကြလေသည်။ မိတ်ဆွေများက အသိများသည်။ အသိများက အလိမ္မာတိုးသည်၊ အလိမ္မာတိုးက အပေါင်းတတ်သည်။ အပေါင်းတတ်လျှင် ထပ်မံ၍ အသိမိတ်ဆွေတွေ ထပ်မံဆင့်ကဲ ပွားများမြဲလေသည်။

သို့ဖြစ်၍ အသိမိတ်ဆွေအသစ်ကို ရဖို့ အခန့်သင့်သည့်အခါတိုင်း မပေါ့မလျော့ မိတ်ဆွေဖွဲ့ဖို့ရန် သတိပြုသင့်ကြလေသည်။ အကြောင်းမူကား လူဟူသမျှ ရင်းပေါင်းသင်းခြင်း၌ ပေါင်းသင်း တတ်လျှင် သိဖို့ကြားဖို့ အလိမ္မာရဖို့ လမ်းအခွင့်တွေကို အမြဲတွေ့ရှိနိုင်လေရာ အခါများစွာ ထိုလမ်း အခွင့်များသည် အဖိုးမဖြတ်နိုင်အောင် ထိုက်တန်တတ်လေသည်။

ပေါင်းသင်းဆက်ဆံခြင်း၌ မာတ်ရေသဘောရှိးထား၍ ပရိယာယ်မများဘဲ မသိဘဲလျက် သိလေဟန်၊ မလိမ္မာဘဲလျက် လိမ္မာလေဟန် မပြုအပ်။ ကိုယ်တွင်းမှ အနှစ်သာရသည် သူ့ထက်ပိုပြီး ရှိသည်ဟု အထင်ခံရအောင် မလုပ်ကောင်းချေ။ ထိုကဲ့သို့ ပြုလုပ်ဟန်ဆောင်သောအခါ များစွာ အရှက်ကွဲဖို့အကြောင်းနှင့် တွေ့တတ်လေသည်။

ငြင်းခုံခြင်း၊ နက်နဲသူတစ်ယောက်အဖြစ် ဟန်ဆောင်ခြင်း၊ ငါတတ်သည် လိမ္မာသည်ဟု အထင်ခံရအောင် အရိပ်နိမိတ်ပြောခြင်း၊ စကားပြောရာ၌ မိမိအပေါ်မှာ သူတစ်ပါး အထင်ကြီး အောင် ကြွားလုံးကလေးတွေကို ညှပ်၍ပြောခြင်းသည် အသိအလိမ္မာရှိသောသူ၏ ရှေ့သို့ ရောက် သည့်အခါ အထင်ကြီးခြင်းကို မခံရ၊ အထင်အမြင်သေး၍ ရွတ်ချခြင်းကို ခံရတတ်လေသည်။

လောက၌ စင်စစ်အားဖြင့် မည်သူမှာမှ မော်မောက်ကြွားဝါလောက်သော ဂုဏ်မရှိ၊ မိမိ ထက် သာသောလူတွေကို မော်ကြည့်ကာ နှိမ့်ချသောစိတ် ရှိသင့်လှပေသည်။ မမြင့်လျှင် မကျဟု စိတ်ချအပ်လှပေသည်။

ကျုပ်လေ ဘယ်လောက်ရတယ်၊ ကြားက ဘယ်ရွေ့၊ မိမိစရိတ်က တစ်လသုံးရာနဲ့ ဘာ လောက်မလဲ၊ သားကြီးက တစ်လ ဘယ်လောက်သုံးတာပဲ၊ စိန်ဝယ်ဖို့ပြောတာက မတည့်သေး ဘူး၊ မော်တော်ကားပျက်နေလို့မို့ ကားတိုက်မှာ အပ်ထားတာနဲ့ လန်ချားစီးနေရတယ်။ ဒရိုင်ဘာ က တစ်လ ၄၀ ဆိုပေမယ့် နိုးတာနဲ့ ဘာနဲ့ တစ်ရာ့ငါးဆယ်လောက်တော့ ခိုက်သွားတာပဲ စသည် ဖြင့် ပြောသောစကားများသည် ယခုကာလ လူတိုင်းကြွားလုံးဟု မနာလိုကြွလုံးတွေ ဖြစ်ကြလေ သည်။

[ဒဂုန်မဂ္ဂဇင်း၊ နံပါတ် (၆၉)၊ မေလ၊ စာမျက်နှာ ၂၀၄ - ၂၁၁ မှ]

ဝ

mgyoe.com

mgyoe.com

# အိပ်မက်ကြောင့်

**သင်၏ကြီးပွားရေးအတွက် မနှောင့်နှေးနှင့်**
**ခုဇ ကောင်၊ မြင်းပွဲ၊ ထီတွေ လူများနေခြင်းသည်**
**အိပ်မက်ကို ယုံကြည်ကြသူတို့ကြောင့်ပင် ဖြစ်၏**

ကျွန်ုပ်တို့ မြန်မာလူမျိုးသည် အိပ်မက်ကို လွန်စွာအလေးပြုကြ၏။ အိပ်မက်ကြောင့် ပူပင်ကြောင့်ကြ ဖြစ်ကြရ၏။ အိပ်မက်ကြောင့် ချမ်းသာတော့မည်၊ ထီပေါက်တော့မည်ဟု ယုံကြည်ကာ အကြံအစည် အလုပ်အကိုင် ပေါ့လျော့ကြ၏။ အိပ်မက်ကြောင့် သုံးဆယ့်ခြောက်ကောင်နှင့် မြင်းပွဲမှာ ငွေကုန်ကြရလေသည်။

အိပ်မက်သည် အတိတ်ကိုဆောင်သည် ဟူသောစကားသည် မှန်၏။ အများအားဖြင့် အတိတ်က အဖြစ်အပျက်များ ပြန်၍ ပေါ်ပေါက်ခြင်း ဖြစ်လေသည်။

ကျွန်ုပ်လည်း ဆိုင်ကိုလိုဂျီပညာကို မလေ့ကျက်မီက အိပ်မက်ကို အတော်ယုံကြည်မိသဖြင့် ကိစ္စများခဲ့ဖူးလေသည်။ ယခုသည်ကား အဘယ်လို ကြောက်မက်ဖွယ်ကောင်းသော အိပ်မက်ကိုပင် မက်စေကာမူ အရေးမစိုက်၊ မကြောက်မရွံ့ အဘယ်မျှလောက် ကောင်းသောအိပ်မက်ကို မက်သော်လည်း အယုံတရားမရှိပေ။ အိပ်မက်ကို စဉ်းစားတတ်လျှင် အဖိုးမဖြတ်နိုင်သော အသိဉာဏ်ကို ရနိုင်လေသည်။

(၁) အိပ်မက်သည် အတိတ်အခါက တွေ့ကြုံဖြစ်ပျက်ခဲ့ပြီးနောက် မေ့လျော့ပျောက်ပျက်၍နေသော အကြောင်းအရာ အဖြစ်အပျက်တစ်ခုခုကို အရိပ်အယောင်ပြန်၍ ထင်ခြင်း။

(၂) အိပ်မက်သည် မက်သူ၏စိတ်၌ ဖြစ်ပေါ်၍နေသော ကြောင့်ကြပူပင်ခြင်း၊ လှုပ်ရှားခြင်း တစ်ခုခုကြောင့်လည်း ဖြစ်တတ်၏။

mgyoe.com

mgyoe.com

(၃) အိပ်မက်သည် ဘေးအန္တရာယ်၊ ပျက်စီး ဆင်းရဲခြင်းကို နိမိတ်ပြသည်ဟု အဘယ်သောအခါမျှ စွဲမှတ်ခြင်းမပြုရ၊ အိပ်မက်ရာမက် မကောင်းဟူသောစကားကို ဖျောက်ရမည်။

(၄) အိပ်မက်သည် တောင့်တချက်တစ်ခုခုကို မရသဖြင့် စိတ်လျှော့ ဖျောက်ဖျက် မေ့လျော့၍ ထားရာမှ ပေါ်ပေါက်ကာ အလိုပြည့်သည်ဟူ၍လည်း မက်တတ်၏။ ကြိုက်သောမိန်းမနှင့် ပေါင်းရသည်ဟူသောမက်နည်းမျိုး မပြုလုပ်ဘဲ ချုပ်၍ထားသော အမှုတစ်ခုခုကိုလည်း ပြုရသည်ဟူ၍ မက်တတ်၏။

(၅) အိပ်မက်သည် အတိတ်အဖြစ်အပျက်များ၏ ကာတွန်းရုပ်ပြောင်များနှင့်လည်း တူ၏။ သို့ဖြစ်လေရာ အတိတ်ကာလ အဖြစ်အပျက်တစ်ခုခုကို မေ့လျော့ပြီးနောက် ထိုအဖြစ်အပျက်သည် စိတ်၌ အတုံး (complex) ဖြစ်ကာ ကိုယ်၌လည်းကောင်း၊ စိတ်၌လည်းကောင်း ရောဂါတစ်ခုဖြစ်သည့်အခါ အိပ်မက်ကို စစ်ဆေး၍ အကြောင်းရင်းကို ရှာဖွေကာ မေ့နေသောအဖြစ်အပျက်ကို သတိရအောင် ပြုခြင်းဖြင့် ရောဂါကို ပျောက်စေနိုင်၏။

ယခင် ဤဂျာနယ်တစ်ပတ်၌ 'လူကြောက်ကြီး' ဟူသော ဝတ္ထုမှာ မိန်းမနှင့်တွေ့လျှင် စကားမပြောနိုင်သော သူသည် အတိတ်၌ အရှက်ရခဲ့ပြီး မေ့၍နေခြင်းကြောင့် ဖြစ်လေသည်။

အကယ်၍ ထိုသူသည် အိပ်မက်များကို သေချာစွာ စစ်ဆေးချေက မေ့လျော့နေသော ထိုအတိတ်အဖြစ်အပျက်ကို သတိပြန်၍ရဖို့ရှိ၏။ သတိရသည်နှင့်တစ်ပြိုင်နက် ထိုရောဂါ အလိုလိုပျောက်ဖို့ရှိလေသည်။

သို့အတွက် ရူးသွပ်သော ဝေဒနာမှစ၍ ပယောဂနှင့်တူသော ဝေဒနာအမျိုးမျိုး မဖြစ်နိုင်အောင် အိပ်မက်များကို စစ်ဆေးကာ မေ့လျော့သော အတိတ်အဖြစ်အပျက်များကို ပြန်၍သတိရအောင် အမြဲရှုစိုက်သင့်ကြလေသည်။ အများအားဖြင့် ရူးသွပ်သောဝေဒနာ ဖြစ်တတ်လေသည်။

တစ်စုံတစ်ရာကို အတိတ်ကာလ၌ ထိတ်လန့်ခဲ့ပြီး မေ့၍ နေအံ့။ ကြောက်လည်း ကြောက်သည်ဟု အော်ကာ အရူးရောဂါ စတတ်လေသသည်။ အကြံကြီးတစ်ခုကို ကြံခဲ့ပြီးနောက် မဖြစ်မြောက် မေ့လျော့ပျောက်ပျက်သည့်အခါ မင်းစိတ်၊ စိုးစိတ်၊ သူဌေးစိတ်မျိုးကဲ့သို့ ဘဝင်မြင့်ကာ ရူးတတ်ကြလေသည်။

(၆) လူ၏ အတွင်းစိတ် ခေါ် Subconscious minds သည် အဘယ်သောအခါမျှ မအိပ်၊ နိုးလျက်သာ နေ၏။ ထိုစိတ်သည် လွန်စွာတန်ခိုးကြီး၏။ ထိုစိတ်သည် ခပ်သိမ်းသောအရာတို့ကို သိ၏။ အိပ်ပျော်သည့်အခါ အိပ်မက်သည် ထိုစိတ်ဖြစ်၏။ ထိုစိတ်သည် အိပ်မက်တည်းဟူသော ရက်ကန်းကို ရှည်၍နေစဉ် နိုးကြားသောစိတ် ပေါ်၍လာမှ ထို

mgyoe.com

အိပ်မက်ကို မှတ်မိ၏။ နိုးကြားသောစိတ် လုံးလုံးလျားလျား အိပ်၍နေလျှင် မှတ်မိမည် မဟုတ်ပေ။

ဆိုလိုရင်းကား မနိုးတနိုး ခေါ်သော အခြေအနေ၌ မနိုးကြားသောစိတ်၏ ရက်ကန်းစင်ကို နိုးကြားသောစိတ်သည် အရိပ်အယောင် သိမြင်၏။ လင်းလင်းကြီးနိုးသောအခါ အတွင်းစိတ်သည် ရက်ကန်းရှည်ခြင်းအလုပ်ကို လျင်မြန်စွာရုပ်သိမ်း၍ ပြေး၏။ သို့ဖြစ်လေရာ နိုးကြားသော စိတ်နှင့် မနိုးကြားသောစိတ်မှာ သိသိသာသာ ကြာကြာတွေ့လေ့မရှိပေ။ ထိုစိတ်နှစ်ခု ကြာကြာတွေ့ချေက လောက၌ အတိတ်၊ အနာဂတ်ကိုလည်းကောင်း၊ အဖြစ်အပျက် သဘောတရားတို့ကို လည်းကောင်း အကုန်အစင် သိမြင်သောဉာဏ်ကို ရနိုင်လေသည်။

အကြောင်းမူကား ထိုစိတ်နှစ်ခု တွေ့ဖန်များသောအခါ အရာခပ်သိမ်းကို သိသော၊ မနိုးကြားသော စိတ်ထံ၌ နိုးကြားသောစိတ်သည် တပည့်ခံယူနိုင်လေသည်။ ထိုစိတ်နှစ်ခု တွေ့ကြုံအောင် အဘယ်ပုံ လေ့ကျင့်ရပါမည်နည်း။

ညဉ့် အိပ်ရာဝင်သည့်အခါ အိပ်ပျော်သည့်တိုင်အောင် နိုးကြားသောစိတ်နှင့် အောက်ပါ အတိုင်း စူးစိုက်စွာ ဆင်ခြင်ရမည်။

'ငါ၏ နိုးကြားသောစိတ်သည် မနိုးကြားသောစိတ်နှင့် တွေ့လိမ့်မည်၊ အိပ်မက်ဟူသမျှကို အကုန်အစင် မှတ်မိလိမ့်မည်' ဟူသော ထင်မြင်နည်းပင် ဖြစ်လေသည်။

ကျွန်ုပ်တို့သည် နိုးကြားသောစိတ် အသိပညာနှင့် နေကြရ၏။ မနိုးကြားသောစိတ်၏ အသိပညာမှာ ထိုထက်ကြီး၍ အစအဆုံး မရှိပေ။ သို့သော်လည်း ထိုအသိပညာများကို နိုးကြားသော စိတ်က မရမရှိသောကြောင့်သာ သိသင့်သလောက် မသိဘဲ နေကြရလေသည်။

ထိုစိတ်နှစ်ခုကို အဘယ်အခါမဆို တွေ့ကြုံအောင် လုပ်နိုင်သူသည် အိပ်မှုန်စုံမွှား မနိုးမပျော် သော အခြေအနေ၌ ရှိနေ၏။ ထိုအခြေအနေ၌ အတိတ်၊ အနာဂတ်ကိုလည်းကောင်း၊ အဝေးကို လည်းကောင်း ထင်မြင်နိုင်လေသည်။

အိပ်မက်များကို ဒိုင်ယာရီနှင့် ရေးမှတ်ကာ မကြာမကြာဖတ်ရှု၍ အတိတ်ကို ပြန်လှန်တွေး တောခြင်းသည် ဆန်းကြယ်သော ဝေဒနာများ၊ ရှုံးသွပ်သော ဝေဒနာများမှ ကွယ်ကာခြင်းပင်ဖြစ် ၏။

(၇) နသောအိပ်မက်များသည် နိုးကြားသော စိတ်ကို မထိခိုက်သဖြင့် မေ့လျော့ ပျောက် ပျက်၏။ သတ်ခြင်း၊ ပုတ်ခြင်း၊ အမြင့်က ကျခြင်း စသည့် အိပ်မက်ကြမ်းများမှာ မနိုး ကြားသော စိတ်၏လက်မှ လွတ်ကာ နိုးကြားသောစိတ်ကို ထိခိုက်သဖြင့် မှတ်မိ လွယ်၏။

(၈) အိပ်မက်၏ သဘာဝတစ်ခုကား တစ်စက္ကန့်မျှသောအချိန်၌ နာရီပေါင်းများစွာ ကြာသည့် အဖြစ်အပျက်များကို မက်တတ်ခြင်း ဖြစ်လေသည်။

mgyoe.com

mgyoe.com

သာလွန်အရေးကြီးသော အချက်ကား အိပ်မက်နှင့်ပတ်သက်၍ ကြောင့်ကြပူပန်ခြင်း မရှိအပ်ခြင်း၊ အိပ်မက်ကို အားကိုးပြီး အကြံအစည် မပေါ့အပ်ခြင်းတို့ ဖြစ်လေသည်။

ထီထိုး၍ထားခိုက်မှာ စိတ်မှာ ကြွယ်ဝလိုသောဆန္ဒ ကြီးစွာရှိ၏။ သို့ဖြစ်သောကြောင့် သူဌေးသူကြွယ်များ၏ အခြေအနေမျိုးတွေကို အိပ်မက် မက်တတ်လေသည်။ လူတစ်ယောက်ကို တွေ့ဖူး၏။ ၎င်းသည် ထီဟူသမျှ ထိုး၏။ အိပ်မက်ကောင်းကို ရပြီးသော နံနက်အခါများ၌ အလုပ်ကိုမလုပ်တော့ပေ။ အိပ်မက်ကိုသာ ပြော၍နေလေသည်။ ဤနည်းမျိုးနှင့် ဘဝင်မြင့်ကာ ရူး၍နေသူ တစ်ယောက်ကိုလည်း တွေ့ဖူးလေသည်။

ခရီးသွားသူတစ်ယောက်အတွက် စိတ်ပူအားကြီးသည့်အခါ စိုးရိမ်ဖွယ်ရာ၊ ထိတ်လန့်ဖွယ်ရာ အိပ်မက်များကို ထိုလူနှင့်ပတ်သက်၍ မြင်မက်တတ်၏။

[ဘားမားဂျာနယ်၊ နံပါတ် (၃၅)၊ ဇန်နဝါရီလ၊ စာမျက်နှာ ၅၊ ၆ မှ]

၀

mgyoe.com

mgyoe.com

# အဆုတ်ရောဂါ ကွယ်ပျောက်နိုင်သည့် နည်းလမ်းကောင်း

အထက်ကျော်အခါများ၌ အဆုတ်နာဖြစ်ခြင်း၏အကြောင်းရင်းနှင့်ပတ်သက်၍ နှစ်ကြိမ်သုံးကြိမ် ရေးခဲ့ဖူးလေပြီ။ ယခု ရေးသားရာ၌ အကြောင်းရင်းတစ်ခုကိုသာ ဖော်ပြခဲ့၏။ ထိုအကြောင်းရင်းကား ငယ်စဉ်အခါ၌ အပျော်အပါးလိုက်စားခြင်း ဖြစ်လေသည်။

အပျော်အပါးလိုက်စားပြီးနောက် ဝမ်းနုတ်ဆေးကဲ့သို့သော ဆေးတစ်မျိုးမျိုးကို စားသဖြင့် ထိုအပျော်အပါး ရောဂါသည် ခဏမျှ ငြိမ်ဝပ်၍နေခဲ့ရာ ၎င်း၌ ရောဂါရှင်းပြီးဟု အောက်မေ့လျက် စိတ်ချလက်ချ နေသည့်အတွင်း အတွင်းအင်္ဂါတစ်ခုခုကို ထိရောက်ကာ ဝေဒနာကြီးသောအခါကျမှ သိကြသဖြင့် ရောဂါကျွမ်း၍ အသက်သို့တိုင်ရခြင်း ဖြစ်လေသည်။

သို့သော်လည်း အဆုတ်နာဖြစ်ခြင်း၏ အကြောင်းရင်းမှာ ထိုအကြောင်းရင်း တစ်ခုသာမဟုတ်၊ အခြားအကြောင်းတွေ များစွာရှိကြလေသည်။

ထိုအကြောင်းရင်းများ၌ အရေးအကြီးဆုံးသော အရာများကား အောက်ပါအတိုင်း ဖြစ်ကြလေသည်။

အသက်မွေးနေထိုင်ပုံ တစ်ခုခုကို ရုတ်တရက် အကုန်အစင် ပြောင်းလဲခြင်းသည် အသက်အား ကုန်ခန်းခြင်း၏ အကြောင်းရင်းဖြစ်၏။

အသက်အား ဆုတ်ယုတ်ကုန်ခန်းခြင်းသည် အဆုတ်နာဖြစ်ခြင်းအတွက် လမ်းခင်းခြင်းဖြစ်၏။

တစ်သက်လုံး ငြိမ်သက်စွာနေခဲ့သူ၊ နူးညံ့သိမ်မွေ့စွာ နေခဲ့သူတစ်ယောက်သည် ရုတ်တရက် ချက်ချင်း အလုပ်ကြမ်းများကို လုပ်ခြင်း၊ တစ်သက်လုံး ကြမ်းတမ်းစွာ အသက်မွေး၍လာခဲ့သူ တစ်ယောက်သည် နူးညံ့သိမ်မွေ့သောအဖြစ်သို့ ရုတ်တရက် ရောက်၍သွားခြင်း။

'မိန်းမပျင်း ခြေဆင်း၊ ယောကျ်ားပျင်း ကျောခင်း' ဟူသောစကားအရ ခြေဆင်းရှာ၊ ကျော

mgyoe.com

ခင်းရာမှာ သတိတရားရကြလျက် မိမိတို့ကိုယ်ကို ပြုပြင်ပြောင်းလဲလိုသော စိတ်ကောင်းစိတ်မြတ် ပေါ်ပေါက်ကာ ထကြွလှုံ့လရှိခြင်း အခြေအနေသို့ ရုတ်တရက်ပြောင်းလဲလိုက်ခြင်း စသည့် လျင်မြန်သော ပြောင်းလဲခြင်းများသည် အဆုတ်နာကို ဖြစ်စေတတ်လေသည်။

လွန်စွာ စကားပြောခြင်းသည်လည်း ထိုရောဂါကို ဖြစ်စေတတ်လေသည်။ ၂၄ နာရီအတွင်း နှစ်နာရီ သုံးနာရီ ပြောဟောသော ပုဂ္ဂိုလ်တို့မှာ ဘေးအန္တရာယ် မဖြစ်နိုင်။ ၂၄ နာရီအတွင်း ၁၂ နာရီ စကားများသော သူတို့မှာ စိုးရိမ်ရလေသည်။

အမေရိကန်ပြည်၌ မိန်းမတစ်ယောက်သည် အက်ဒမန်ရှုပ်စ်ဗရီး ခေါ် စိတ်ပညာဆရာကြီးထံ လာရောက်ကာ မိမိမှာ တစ်နေ့တခြား အားအင်ဆုတ်ယုတ်နေကြောင်း၊ အဆုတ်နာဖြစ်မည်ကို စိုးရိမ်ကြောင်း၊ ထိုရောဂါမှ ကင်းလွတ်စေမည့် နည်းလမ်းကို ပြပါမည့်အကြောင်းနှင့် တောင်းပန်လေသည်။ ထိုအခါ ၎င်းဆရာကြီးသည် ထိုမိန်းမ၏ အလေ့အကျင့်များကို စုံစမ်းသောအခါ လွန်စွာ စကားများသူဖြစ်ကြောင်း သိရလေ၏။

သို့ သိရလေရာ ခင်ဗျား စကားများသည်ဟု ပြောရမည်ခက်သဖြင့် တနင်္ဂနွေတစ်ပတ် အတွင်း စကားမပြောရ၊ တစ်စုံတစ်ရာ ပြောလိုသည့်အခါ စာရေး၍ပြောရမည်ဟူသောအမိန့်ကို ပေး၍ ထားလေ၏။ ခုနစ်ရက်ကြာသောအခါ ရောဂါပျောက်၍ သွားလေသည်။

လူတို့၏ သန္တာန်၌ မာဂနက်တီဇင် ခေါ် သံလိုက်ဓာတ် ပါရှိ၏။ ထိုသံလိုက်ဓာတ်သည် အသက်ဓာတ်ပင် ဖြစ်၏။ ရည်ရွယ်ချက်မရှိဘဲ အကျိုးမဲ့ အားစိုက်ခြင်းဟူသမျှ၊ အကျိုးမဲ့ လှုပ်ရှားခြင်း ဟူသမျှ၊ အကျိုးမဲ့ ဆူညံခြင်းဟူသမျှသည် ထိုအသက်ဓာတ်ကို ဆုတ်ယုတ်ကုန်ခန်းစေ၏။ သို့ ဆုတ်ယုတ်ကုန်ခန်းသည့်အခါ အဆုတ်ဝေဒနာအတွက် လမ်းကောင်းကို ဖွင့်၍ပေးသကဲ့သို့ ဖြစ်၍နေ၏။

အကျိုးမဲ့ ဒူးကိုလှုပ်ခြင်း၊ စားပွဲကို လက်ချောင်းများဖြင့် အကြောင်းမဲ့ တီးခေါက်ခြင်း၊ မျက်နှာ၌ရှိသော အကြောအခြင်များကိုလည်းကောင်း၊ နှုတ်ခမ်းများကိုလည်းကောင်း၊ ဦးခေါင်းကိုလည်းကောင်း အကျိုးမဲ့ ရည်ရွယ်ချက်မရှိသော ဟန်အမူအရာနှင့်ဆိုင်သည့် လှုပ်ရှားခြင်းအလုပ်များကို ပေးခြင်း၊ ဤအပိုလှုပ်ရှားခြင်းသည် အသက်ဓာတ်ကို ဆုတ်ယုတ်ကုန်ခန်းစေသောအရာများ ဖြစ်ကြလေသည်။

နှုတ်ခမ်းများကို သွားများဖြင့် ခြစ်ခြင်း၊ သို့မဟုတ် သွားများကို နှုတ်ခမ်းများဖြင့်အုပ်၍ ခြစ်ခြင်း၊ လျှာကို မကြာမကြာ အပြင်သို့ထုတ်ခြင်း၊ လျှာဖြင့် နှုတ်ခမ်းများကို သုံးသပ်ခြင်း၊ ဤအမူအရာများသည် အိုစ ပြုခြင်း၏ အထိမ်းအမှတ်များ ဖြစ်ကြလေသည်။

အသက်မကြီးဘဲလည်း ဆိုနိုင်၏၊ အိုခါနီးသည့်အခါ ထိုကဲ့သို့ ဖြစ်နိုင်လေသည်။ အိုခြင်းသည် အသက်ဓာတ် ကုန်ခန်းဆုတ်ယုတ်ခြင်းပင် ဖြစ်လေသည်။

mgyoe.com

mgyoe.com

အဆုတ်နာဖြစ်ခြင်း အကြီးဆုံးသော အကြောင်းရင်းတစ်ခုသည်ကား ရင်ဘတ်ကို ဝမ်းဗိုက်ပေါ်သို့ ကျရောက်အောင် နေထိုင်သွားလာခြင်း ဖြစ်လေသည်။ ဤအကျင့်မှ ကင်းလွတ်သူဟူသမျှ အဆုတ်ရောဂါ မဖြစ်နိုင်။ ထိုကဲ့သို့နေခြင်းသည် ကိုယ်ခန္ဓာ၌ အရေးအကြီးဆုံးဖြစ်သော နှလုံး၏ အလုပ်ကို အနှောင့်အယှက်ပြုသည်နှင့် တူလေသည်။

ရင်ဘတ်ကို ကော့လျက် သွားလာနေထိုင်ခြင်းသည် နှလုံး၏အလုပ်ကို အနှောင့်အယှက် မပေး၊ လွတ်လပ်ချောမောစွာ လုပ်စေသည့်နည်း ဖြစ်လေသည်။

ထိုနှလုံးသွေးသည် ထိုနည်းဖြင့် သွားလမ်းလာလမ်း မှန်လျက် အဆုတ်နှင့်တကွ အတွင်းအင်္ဂါအားလုံးကို အသက်ဓာတ်အားဖြင့် ပြည့်လျှံစေ၏။ သွေးသည် အသက်ပင်ဖြစ်၏။ နှလုံးသွေး၏အလုပ်ကို အနှောင့်အယှက်ပေးက အသက်ဓာတ် ဆုတ်ယုတ်မည်သာတည်း။

သွေးအားကောင်း၍ သွေးအရှိန်ထက်သန်သည့်အခါ အဆုတ်ကိုစားသော ပိုးများ မနေနိုင်။ ကျောင်းဟူသမျှ၌ ကလေးများအား ထိုနည်းလမ်းကို သင်၍ပေးကြချေကလည်းကောင်း၊ ထိုကဲ့သို့ နေထိုင်သွားလာသူများကို တွေ့ရှိရသည့်အခါ အကျိုးအကြောင်းကို ပြောပြကြသဖြင့် ထိုအကျင့်ဆိုးကြီးသည် လူ့ပြည်၌ ကွယ်ပျောက်၍သွားသောအခါ၌လည်းကောင်း လူ့ပြည်၌ အဆုတ်ရောဂါဟူသောစကားသည် ကွယ်ပျောက်၍သွားမည်ကား ဆရာကောင်း သမားကောင်းဟူသူတို့ စိတ်ချယုံကြည်၍ထားသောအယူ ဖြစ်ပေသတည်း။

(ဘားမားဂျာနယ်၊ အတွဲ (၂၂)၊ နိုဝင်ဘာ၊ စာမျက်နှာ ၂၁၊ ၂၂)
(၁၂၉၉ ခု၊ တန်ဆောင်မုန်းလဆန်း ၄ ရက်၊ ဘားမားဂျာနယ်၊ ဒုတိယတွဲ၊ နံပါတ် (၂၂) မှ)

ဝ

mgyoe.com

mgyoe.com

# တက်လူကလေးများ

နိုင်ငံရေးလုပ်မည့်သူတို့မှာ အောက်ပါမေးခွန်းများဖြင့် မိမိကိုယ်ကို မေးကြည့်စမ်းပါ။

အမျိုးသား၏ တိုးတက်ခြင်း၊ လွတ်မြောက်ခြင်းသည် နိုင်ငံရေးတစ်ဖက်သတ်ဖြင့် မဖြစ်နိုင်။ အခြားအလုပ်များလည်း လိုလေသည်။

နိုင်ငံရေးအလုပ်ကို လုပ်သူတို့သည် ထိုအချက်ကို အထူးသတိမူအပ်ကြလေသည်။ ကျွန်ုပ်တို့ထက် ပညာကြီးကြသည့်ပြင် အဟုတ်တကယ် စွန့်စားရုံမက မိမိတို့၏ ကိုယ်ပိုင်ပစ္စည်းများကို စွန့်ပစ်၍လည်းကောင်း၊ မိမိတို့၏ ကြီးပွားလမ်းကို စွန့်လွှတ်၍လည်းကောင်း နိုင်ငံရေးအလုပ်ကို လုပ်ကြသော အိန္ဒိယတိုင်း ကမ္ဘာကျော် ခေါင်းဆောင်ကြီးများသော်မှ ယခုအခါသို့တိုင်အောင် တစ်စုံတစ်ရာ ဖြစ်မြောက်အောင်မြင်ကြသည်ဟု မကြားသိရသေးပေ။ မဟတ္တာ ဂန္ဒီ ကိုယ်တိုင်သော်မှ တစ်စုံတစ်ရာ ဖြစ်မြောက်အောင် မတတ်နိုင်ခဲ့ပေ။

ကျွန်ုပ်တို့ မြန်မာပြည်၌ ယခုအခါ နိုင်ငံရေးအလုပ် (ဝါ) လွတ်မြောက်ရေးအလုပ်ကို လုပ်လိုသူများမှာ အိန္ဒိယနိုင်ငံရေးသမားများနှင့် အဘယ်ပုံခြားနားသည်ကို အထူးပြောဖို့မလို၊ ကလေးသူငယ်ကလေးများသာ ဖြစ်ကြသေးသဖြင့် အစိုးရများ နှိပ်စက်တိုင်း ခံရဖို့သာ ရှိလေသည်။

ထို့ပြင် ၎င်းတို့အထဲတွင် အစစ်အမှန်မဟုတ် တကယ်လွတ်မြောက်ရေးကို လိုလား၍ တည်ကြည်သောစိတ် ရှိသူ နည်းပါးလေသည်။ အချို့ကား အားကျ၍ လုပ်သူများ ဖြစ်ကြ၏။ အချို့ကား တိုက်တွန်းသူများကို အားနာ၍ လိုက်ပါကြ၏။ အချို့ကား ဂုဏ်သတင်းနာမည်အတွက် လုပ်၍နေကြ၏။ အချို့ကား အခြားသူများ ယောင်သဖြင့် ရောယောင်၍ နေကြလေသည်။

ဤနည်းမျိုးသည် ‘အသံကြောင့် ဖားသေ’ သော နည်းမျိုးဖြစ်ရာ အသံကျယ်သည်ထက် အလုပ်ထက်ဖို့ လိုလေသည်။

mgyoe.com

 mgyoe.com 

နိုင်ငံရေးအလုပ်ကို အဟုတ်တကယ် လုပ်လိုသူတို့သည် မိမိတို့၏စိတ်ကို သေချာစွာ စစ်ဆေး၍ ပိုင်နိုင်စွာ ဆုံးဖြတ်ချက်ချသူများ ဖြစ်ရလေသည်။ အဘယ်ပုံ စစ်ဆေး၍ အဘယ်ပုံ ဆုံးဖြတ်ချက် ချပါမည်နည်း။

ငါသည် အမျိုးသားကို တကယ်ချစ်သူ မှန်၏လော။

လွတ်မြောက်ခြင်းကို တကယ်လိုလားပါသလော။

အဘယ်အတွက် နိုင်ငံရေးအလုပ်ကို လုပ်လိုပါသနည်း။

ဂုဏ်၊ နာမည်ကြောင့်လော။

အားကျ၍လော။

ထောင်ကျလျှင် သူရဲကောင်းနာမည် တွင်လိုသောကြောင့်လော။

အဟုတ်တကယ် စွန့်စားနိုင်မည်လော။

သားမယား၊ မိဘ၊ ဆွေမျိုး ဖျက်လျှင် ပျက်မှာလား။

မှန်းခြေမပေါက်လျှင် စိတ်ကိုလျှော့ကာ ထိုင်မှာလား။

အရပ်ရပ်၌ အများလူတို့၏ မြှောက်စားချီးကျူးခြင်း ခံလိုသောစိတ်ကြောင့်လား။

အရိုးကြေကြေ အရေခန်းခန်း သေသည့်တိုင်အောင် ဆောင်ရွက်နိုင်ပါမည်လား။

ဟူသော မေးခွန်းများဖြင့် မိမိကိုယ်ကို မေးကာ ပိုင်နိုင်စွာ ဆုံးဖြတ်ချက်များကို ချနိုင်မှ ထိုအလုပ်ကို လုပ်သင့်ကြလေသည်။

ထိုကဲ့သို့ ပိုင်နိုင်သောဆုံးဖြတ်ချက်ကို မချနိုင်က အဘယ်အတွက် အချိန်ကို ဖြုန်းသင့်ပါသနည်း။ အဘယ်အတွက် နိုင်ငံရေးကျမ်းတွေကို ဖတ်ကာ အဖိုးတန်သောအရွယ်ကို ကုန်လွန်စေသင့်ပါသနည်း။

နိုင်ငံရေးကျမ်း၊ ဝါဒကျမ်း၊ ရေးပညာရှိတို့ရေးသော ထမင်းအစာရဖို့နှင့် မသက်မဆိုင်သော နက်နဲသောကျမ်းတွေကို ကိုင်ကာ ခေါင်းဆောင်ဟန်နှင့် ဘဝင်မြင့်၍ နေသင့်ပါသနည်း။

လွတ်မြောက်ရေးအလုပ်သည် ဤနည်းလမ်းများဖြင့်သာ လုပ်ရသောအလုပ် မဟုတ်။ သူသူငါငါ မိမိကိုယ်ကို ကြီးပွားအောင် ကြိုးစားခြင်း၊ ကြီးပွားသောအခါ အမျိုးသား၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးအလုပ်များ၌ အကူအညီပေးခြင်းဖြင့်လည်း လွတ်မြောက်ရေးအလုပ်ကို လုပ်နိုင်ကြလေသည်။

သို့ဖြစ်လေရာ အထက်ဖော်ပြသည့်နည်းအတိုင်း မိမိကိုယ်ကို စစ်ဆေးရာ၌ စိတ်ကို ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ခြင်း မပြုနိုင်ချေက အချိန်ကို မဖြုန်းဘဲ ငါ၏ကြီးပွားလမ်းသည် အဘယ်မှာ ရှိပါသနည်း။

ငါကြီးပွားမှ ငါအားကောင်းမှ ငါ၏ အမျိုးသားကို ကူညီနိုင်မည်။ ငါ မြန်မြန်အားကောင်း

mgyoe.com

အောင် ဘာကိုလုပ်ရမည်နည်း။ ဘာကို ကြံရမည်နည်း။ ဘယ်အတတ်၊ ဘယ်ပညာကို သင်ရမည်နည်း။ အဘယ်အရပ်ကို သွားရမည်နည်းဟု ရှာကြံစဉ်းစားကာ ကြီးပွားဖို့၊ ကိုယ်တိုင်အားကောင်းဖို့ အလုပ်ကို လုပ်သင့်ကြလေသည်။

ငယ်ရွယ်သူဟူသမျှ ထိုနည်းဖြင့် ပညာအားသော်လည်းကောင်း၊ အကြံဉာဏ်အားသော်လည်းကောင်း၊ ဥစ္စာပစ္စည်းအားသော်လည်းကောင်း အသီးသီး ကောင်းကြသောအခါ၌ လွတ်မြောက်ရေးအလုပ်မှာ အလိုလို အားကောင်း၍လာမည်ကား ယုံမှားဖွယ်မရှိပေ။

သို့မဟုတ်မူ၍ ကုလကွေးလေး အသေးအကွေး၊ ပေမေ့းစွေစောင်း၊ အခေါင်းအပွ၊ ဟန်သာပြ၍၊ ဘာမျှမရှိ၊ နတ္ထိဗလာ၊ ပညာကင်းမဲ့၊ ဥစ္စာနဲ့နှင့်၊ ချိုကျိုးနားပဲ၊ ခါးနွဲ့မခိုင်၊ ယိုင်တည့်ယိုင်တိုင် ချက်မပိုင်သူတို့၏ အစုအဝေးသည် ဖားလက်တက် တက်တက်မြည်ရင်း ပေါင်စင်း၍သေဖို့ရန် ကြိမ်အဆော်ခံရတတ်လေသည်။

[ဘားမားဂျာနယ်၊ နံပါတ် (၅၁) မေလ၊ စာ-၁၃၊ ၁၉၃၇ ခုနှစ်မှ]

ဝ

mgyoe.com

mgyoe.com

# စွန့်စားခြင်း

## စွန့်စားခြင်းမရှိသော လောကသည် အသေနှင့်တူ၏

လောက၌ ကြီးကျယ်ခြင်း၏အကြောင်းသည် ကံကြမ္မာကို မယုံခြင်း၊ လုံ့လဝီရိယရှိခြင်း၊ ချွေတာခြင်းပင် ဖြစ်လေသည်။

ကျွန်ုပ်တို့သည် ယခုကာလ အသိဉာဏ်တိုးလာသဖြင့် ကံဟူသောစကားကို မယုံကြည်ပါဟု သူသူငါငါ ပြောကြလေသည်။

စီးပွားရှာခြင်း၌ ကံမဟုတ်ဟု ဆိုကြသော်လည်း ကံကိုယုံကြည်သော စိတ်ကို လုံးလုံးကြီး ဖျောက်ဖျက်၍ မရပေ။

အလုပ်အကိုင်တစ်ခုခုကို လုပ်ကိုင်ကြံစည်မည်ရှိသည့်အခါ ရှေးဦးပထမ အနှောင့်အယှက် အဖျက်အဆီး တစ်ခုခုနှင့် တွေ့ရသည့်အခါ နိမိတ်မကောင်းဘူး၊ အစကနဦး၌ ဤကဲ့သို့ဖြစ်လျှင် ဤအလုပ် အဘယ်သို့ ဖြစ်မြောက်အောင်မြင်နိုင်ပါတော့မည်နည်းဟူသော အတွေးသည် အလုပ်ကို လုပ်ရန်၊ အကြံကိုပြုရန် စိတ်အားထက်သန်ခြင်းကို ဖျက်ဆီးတတ်လေသည်။

စိတ်အားမထက်သန်ကလည်း အကြံအစည် အလုပ်အကိုင်တို့မည်သည် အောင်မြင်သင့်သလောက် အောင်မြင်ကြမည် မဟုတ်ပေ။ ကိုလံဘတ်စ်သည် အမေရိကတိုက်ရှိသည်ကို နှစ်ပေါင်း အစိတ်မျှကြာစွာ သိရှိယုံကြည်ခဲ့လေသည်။ သို့သော်လည်း အနှောင့်အယှက် အဖျက်အဆီး အမျိုးမျိုးတို့နှင့် တွေ့ရသောကြောင့် သွားး၍မရှာနိုင်ဘဲ အရပ်ထဲမှာ အရူးဟူ၍သာ အပြောခံခဲ့ရလေသည်။

သင်္ဘောနှင့် ထွက်ရသောအခါ၌လည်း အနှောင့်အယှက် အဖျက်အဆီးအမျိုးမျိုးနှင့် တွေ့ခဲ့ရလေသည်။ သို့တွေ့ရငြားသော်လည်း စိတ်မပျက်ဘဲ ဆက်လက်ကာ အသက်ကိုစွန့်၍ ရှာဖွေ

mgyoe.com

mgyoe.com

လေရာ နောက်ဆုံး၌ ရွှေတောင်ကြီးကို တိုက်မိသလို ရွှေပေါသော အမေရိကတိုက်ကို တန်းတန်းမတ်မတ် ဆိုက်ရောက်လျက် ကျွန်းပေါ်၌ အောင်လံကို စိုက်ထူခဲ့ရလေသည်။

၎င်း၏အလုပ်သည် မြေပေါ်၌ ကြံစည်လုပ်ကိုင်ရသော စွန့်စားခြင်းမဟုတ်၊ ဘေးရန်များပြားသော ပင်လယ်ကြော၌ သေးငယ်သော ရွက်သင်္ဘောကလေးနှင့် စွန့်စားရလေရာ မြန်မာလူမျိုးတို့၏အတွေးနှင့်ဆိုသော် တွေးခေါ်စရာ နိမိတ်ယူစရာ အချက်အလက်တွေ လွန်စွာများသော စွန့်စားခြင်း ဖြစ်လေသည်။

လောက၌ စွန့်စားခြင်းရှိမှသာလျှင် ရဲရင့်ခြင်းနှင့် သတ္တိအစွမ်းသည် ထင်ပေါ်ကျော်ကြားနိုင်လေသည်။ စွန့်စားခြင်းမရှိသော လောကသည် အသေနှင့် တူလေသည်။ စွန့်စားရမှသာလျှင် အနှစ်သာရနှင့် ပြည့်စုံသည်ဟု မှတ်ကြရ၏။

စွန့်စားခြင်းသည် ကုသိုလ်ကံနိမိတ်ကို ယုံကြည်သောလူမျိုး၏ ရန်သူဖြစ်လေသည်။ ကံ၊ ကံ၏ နိမိတ်ကို အစွဲပြုသော လူမျိုးသည် စွန့်စားခြင်းကို ပြုနိုင်ကြမည် မဟုတ်ပေ။ မစွန့်စားကလည်း လောကကြီး၌ အောက်ကျနောက်ကျ နေကြရပေမည်။

ကမ္ဘာပေါ်၌ မစွန့်စားသောလူမျိုးကို စွန့်စားသော အခြားလူမျိုးတို့သည် နိုင်ငံခြားမှ လာရောက်တိုက်ခိုက် နှိမ်နင်းကြမြဲဖြစ်လေသည်။ ရှေးတာတန်လူမျိုးတို့သည် ထိုကဲ့သို့ စွန့်စားသဖြင့် ဥရောပတစ်တိုက်လုံးကို သိမ်းကျုံးယူငင် အုပ်စိုးခဲ့ကြဖူးလေသည်။

ကျွန်ုပ်တို့ မြန်မာပြည်မှာလည်း ထိုတာတန်လူမျိုးတို့၏ စော်ကားခြင်းကို အကြီးအကျယ်ခံခဲ့ရသည်မှာ တရုတ်ပြေးမင်းလက်ထက် ဖြစ်လေသည်။ ယခု ကျွန်ုပ်တို့သည်လည်း မစွန့်စားမှုကြောင့် စွန့်စားသောလူမျိုးကြွဲ၏အောက်၌ ထင်သလိုပြုလုပ်သမျှကို ခံယူနေကြရလေသည်။

'စိတ်ချလုံခြုံရေးကို ရှေးဦးပထမ လိုလားသည်' ဟူသောစကားသည် အင်္ဂလိပ်မှာ ရှိ၏။ မြန်မာမှာကား ထိုစကား မရှိပေ။ သို့သော်လည်း အလွန်စိတ်ချလက်ချ နေတတ်သူများ ဖြစ်တတ်လေသည်။ အင်္ဂလိပ်မှာကား စိတ်ချလက်ချနေခြင်းသည် ပထမအရေးဟု ဆိုရာ၌ စိတ်ချရအောင် တင်ကြို ပြုလုပ်စီမံခြင်းကို ဆိုလိုသည်။

စိတ်ချရအောင် အဘယ်ပုံ ကြိုတင်ပြုလုပ်ရပါသနည်းဟုဆိုသော် ငြိမ်သက်အေးချမ်းစွာနေခြင်းကို မဆိုလို၊ ငြိမ်သက်အေးချမ်းစွာ နေနိုင်အောင် ဘေးရန်ရှိသမျှကို တင်ကြိုလုပ်ကြံဖြိုဖျက်ခြင်းကို ဆိုလိုလေသည်။

ဤနည်းသည် ရန်သူကို နှိမ်နင်းခြင်းဖြင့် စိတ်ချလုံခြုံခြင်းအရေးကို ရှာဖွေခြင်း ဖြစ်လေသည်။ ထိုကဲ့သို့မဟုတ်မူ၍ ဘာကိုမျှမလုပ်ဘဲ စိတ်ချလက်ချနေခြင်းသည်ကား ရူးမိုက်ခြင်း ဖြစ်လေသည်။

ဘာကိုမျှ မလုပ်ဘဲ စိတ်ချလက်ချ လုံခြုံခြင်းသည် ဘာကိုမျှမဖြစ်စေနိုင်သဖြင့် အသုံးမဝင်

mgyoe.com

 mgyoe.com 

အလဟဿသာလျှင် ဖြစ်လေသည်။ အလုပ်အကိုင် အကြံအစည်တို့၌ မစွန့်စားသူသည် မိမိ၏ အလုပ်ကို စိတ်ချရသည်ဟု ဆိုပေလိမ့်မည်။ စွန့်လျှင်ကား မတော်တဆ နစ်မွန်းမည်ကို စိုးရသည် ဟု ပြောကြပေလိမ့်မည်။

ဤစကားသည် မှန်၏။ သို့သော်လည်း မစွန့်စားသမျှ ကြီးကြီးကျယ်ကျယ် အောင်မြင်ကြ မည် မဟုတ်ပေ။ လူ၌ ကိုယ်ပိုင်စဉ်းစားဉာဏ်သည်လည်းကောင်း၊ ကိုယ်တိုင်ထက် အသိအလိမ္မာ ရှိသောသူများ၏ စဉ်းစားဉာဏ်သည်လည်းကောင်း အမြဲအားဖြင့် ကျွန်ုပ်တို့အား အကူအညီကို ပေးနိုင်ကြလေသည်။

သို့ဖြစ်လေရာ စွန့်စားခြင်းသည် အထီးကျန်မဟုတ်၊ စွန့်စားသော သူရဲကောင်းတို့မှာ အမြဲ အားဖြင့် အကူအညီနှင့် နေကြရလေသည်။ စွန့်စားခြင်းဆိုသည်မှာ 'ဆင်ကန်းတောတိုး' မစဉ်း မစား မတိုင်မပင်ဘဲ ပြုအပ်သောအလုပ် မဟုတ်ပေ။ စဉ်းစားရာ၏။ တိုင်ပင်ရာ၏။ ၎င်းပြင် ကိုယ် ပိုင် ဉာဏ်ကို လျင်မြန်စွာ အသုံးပြုတတ်ရလေသည်။

မစွန့်စားအပ်သောအချိန်အခါဟူ၍ မရှိပေ။ အဘယ်အခါမှာမဆို စွန့်စားဝံ့သောသူအတွက် စွန့်စားရန်အလုပ်တွေ ရှိကြလေသည်။ စွန့်စားသောသူကိုလည်း တိုင်းပြည်က ချီးမြှောက်မြဲ ဖြစ် လေသည်။ သို့သော်လည်း သူတစ်ပါးကို တိုင်ပင်ရာ၌ အလုပ်အကိုင်တစ်ခုခုအကြောင်းကို သေ ချာစွာ မစဉ်းစားဘဲ ဟုတ်သည်၊ ကောင်းသည်၊ အင်မတန်နေရာကျတာပဲ ဟူသောစကားမျိုးကို ပေါ့ပေါ့ဆဆ လိုက်လျော၍ ပြောသူများလည်း ရှိကြလေသည်။

၎င်းတို့သည် တစ်ဖက်သားကို ပျက်စီးစေလိုသောစိတ်နှင့် ပြောခြင်းကား မဟုတ်ပေ။ မစဉ်း မစား လိုက်လျောအားပေးခြင်းမျှ ဖြစ်လေသည်။ ထိုလူမျိုးသည် တိုင်ပင်သည့်အခါ ကျိုးကြောင်း ကို ကောင်းစွာမစဉ်းစားဘဲ ရုတ်တရက်ချက်ချင်း လွန်စွာဝမ်းမြောက်သည့် အမူအရာနှင့် အားပေး တတ်ကြလေသည်။ ၎င်းတို့၏အမူအရာမှာ အကြံအစည် လွန်စွာကောင်းသဖြင့် အလွန်အမင်း သဘောကျဟန်ရှိသည့် အမူအရာမျိုး ဖြစ်လေသည်။

ထိုအမူအရာမျိုးကြောင့် အလိမ်မိကာ ဘိုင်အိုစကုပ်ထောင်သူတွေ ပျက်စီးကြရလေပြီ။ သတင်းစာတိုက် ဖွင့်လှစ်သူတွေ ပျက်စီးကြရလေပြီ။

အချုပ်မှာကား စွန့်စားခြင်းသည် မစွန့်စားခြင်းထက် ကြီးပွားနိုင်သည်ကား မှန်၏။ စွန့်စား သောကြောင့် ပျက်စီးသူတို့သည် လွန်စွာနည်းပါး၏။ မစွန့်စားသူများထက် ကြီးပွားအောင်မြင်ကြ သည်သာ များလေသည်။

သို့သော် ဆင်ခြင်စဉ်းစားခြင်းသည် လွန်စွာအရေးကြီးလေသည်။ လောက၌ အလုပ်တစ်စုံ တစ်ရာ လုပ်ကိုင်ကြံစည်သည့်အခါ အဟုတ်တကယ် ဖြစ်မြောက်အောင်မြင်မည်ဟု မည်သူမျှ စိတ်ချလက်ချ မပြောနိုင်ပေ။ သို့သော်လည်း စဉ်းစားဆင်ခြင်ခြင်း၊ တိုင်ပင်ခြင်း တည်းဟူသော

mgyoe.com

mgyoe.com

ညာဏ်မျက်စိဖြင့် ကြည့်သောအခါ၌လည်းကောင်း၊ သတ်မှတ်သော အချိန်ကာလအတွင်း ထို အလုပ် ထိုအကြံကို စွဲစွဲမြဲမြဲ လုပ်ကိုင်ကြံစည်နိုင်သည့်အခါ၌သော်လည်းကောင်း ကံဟုဆိုသော အကြောင်းတရားသည် တစ်လှည့်မပေါ် တစ်လှည့်ပေါ်ရမည်ကား ယုံမှားဖွယ်ရာ မရှိပေ။

[တိုးတက်ရေးမဂ္ဂဇင်း၊ နံပါတ် (၅၉)၊ မတ်လ၊ စာမျက်နှာ ၁၀၄ - ၁၀၇ မှ]

၀

mgyoe.com

mgyoe.com

# ပန်းသစ်သီး စိုက်ပျိုးခြင်း

ကျွန်ုပ်တို့ မြန်မာပြည်၌ တောသူတောင်သားများမှာ မိမိတို့ နှစ်စဉ်လုပ်နေကျဖြစ်သော လယ်လုပ်မှုတစ်ပါး အခြားစီးပွားဖြစ်လောက်သော စိုက်ပျိုးရေးအလုပ်များကို လုပ်လေ့မရှိကြချေ။

သို့မလုပ်ခြင်းသည် အခြားကြောင့် မဟုတ်၊ မြန်မာလူမျိုးတို့၏စိတ်၌ လုပ်နေကျအလုပ်မှ တစ်ပါး အခြားအလုပ်တစ်ခုခုကို အသစ်အဆန်းထွင်၍ လုပ်ကြလျှင် ထူးပေဆန်းပေသည်ဟု ပြောဆိုကာ အများက သို့လောသို့သော တစ်မျိုးတစ်မည် လူစားဖြစ်သလောဟု တွေးခေါ်ပြောဆိုမှာကို ရှက်ကြောက်ကြခြင်းကြောင့် တစ်ကြောင်း၊ မရဲခြင်းကြောင့် တစ်ကြောင်း ဖြစ်လေသည်။

မြန်မာလူမျိုးတို့၏စိတ်၌ မြေကြီးကို ထွန်ယက်စိုက်ပျိုးသော အလုပ်များအနက် စီးပွားဖြစ် အလုပ်မှာ ကောက်ပဲအသီးအနှံနှင့် ဘူး၊ ဖရုံ၊ ငရုတ်၊ သခွား စသည်ကလေးများကို စိုက်ပျိုးသော ယာအလုပ်၊ ကိုင်းအလုပ်သာ ရှိသည်။ အခြား အသီးအပွင့်များမှာ စီးပွားမဖြစ်နိုင်ဟူ၍ သဘောထားကြဟန် တူလေသည်။

သစ်သီးအလုပ်သည် နေရာတကျလုပ်ကိုင်လျှင် အစ၌သာ အတော်အတန် အပင်ပန်းခံရပြီး နောက်အရှည်သဖြင့် သက်သက်သာသာနှင့် ငွေဝင်လမ်းအမျိုးမျိုးကို ဖွင့်နိုင်ကြလေသည်။

သစ်သီးများသည် ဩဇာဓာတ် (ဗီတာမင်) လွန်စွာများ၍ လူများနှင့် အထူးသင့်မြတ်သော အာဟာရဓာတ် များစွာ ပါရှိလေရာ အစာလည်း ကြေလွယ်၊ ဝမ်းဓာတ်ကိုလည်း မှန်စေသောကြောင့် ကျန်းမာခြင်းကို အလိုရှိသောသူဟူသမျှ မမှီဝဲ မသုံးစွဲဘဲ မနေနိုင်၊ လူမမာများအတွက်လည်း သစ်သီးများသည် ဓာတ်စာများပင် ဖြစ်ကြလေသည်။

ပြင်သစ်ပြည်၌ လူဦးရေ ဆယ်ယောက်လျှင် တစ်ဧကကျ သစ်သီးစိုက်ကြ၏။ ယူနိုက်တက်စတိတ် နိုင်ငံ၌ လူ ၅၆ ယောက်လျှင် တစ်ဧကကျ စိုက်ပျိုးကြ၏။ အိန္ဒိယနိုင်ငံ၌ လူပေါင်း ၄၅၀ မှာမှ တစ်ဧကသာ သစ်သီးစိုက်ပျိုးကြလေသည်။ ထိုခန့်မှန်းခြေများ၌ မြန်မာပြည်လည်း ပါဝင်လေ

mgyoe.com

mgyoe.com

သည်။ အထူးသဖြင့် မြန်မာပြည်မှာ သစ်သီးစိုက်ပျိုးခြင်းအလုပ်၌ များစွာ လစ်ဟင်း၍ နေလေသည်။

ဒိစတြိတ်တောနယ်များ၌ မြေကို လုံးလုံးမစိုက်၊ သီးချင်သီး မသီးချင်နေဟု စွန့်ပစ်၍ ထားသော ဥယျာဉ်တွေ၊ ခြံတွေ မြောက်မြားစွာ ရှိကြလေသည်။

တိုး၍လုပ်ရန် မြေလွတ်၊ မြေလပ်များလည်း ရှိကြလေသည်။ ကြွေးဆုံး၍ စွန့်ပစ်ထားသော လယ်မြေတွေလည်း ရှိကြလေရာ မြေကြီးကို ဂရုစိုက်ပြီး သစ်သီးများကို နေရာကန့်သတ်လျက် အဘယ်သစ်သီးမျိုးကို အဘယ်ပုံ စိုက်ပျိုးရသည်ဟူသော နည်းစနစ်အတိုင်း စနစ်ကျစွာ စိုက်ပျိုးကြမည်ဆိုလျှင် ဆင်းရဲသားများမှာ ယခုလောက် အနေအထိုင် အောက်တန်းကျ၍ နေကြမည် မဟုတ်ချေ။

သစ်သီးအမျိုးမျိုးကို အဘယ်ပုံ စိုက်ရသည်၊ မြေကို အဘယ်ပုံပြုပြင်ရသည်ဟူသော အကြောင်းကို ကျွန်ုပ်တို့ ဤစာ၌ ဖော်ပြရလျှင် ကောင်းစွာနားလည်ကြမည်လည်း မဟုတ်၊ အကုန်အစင်လည်း ဖော်ပြနိုင်မည်မဟုတ်ပေ။

သို့သော်လည်း မည်သည့်အလုပ်မဆို ဖြစ်မြောက်အောင် လုပ်လိုက နည်းလမ်းကို ရနိုင်လေသည်။ အစိုးရလယ်ယာစိုက်ပျိုးရေးဌာနဆိုင်ရာ စိုက်ပျိုးသည့်စခန်းများသို့ သွားရောက်ကြည့်ရှုစုံစမ်းလျှင် အဘယ်လိုမြေမျိုးမှာ အဘယ်အပင်မျိုးကို စိုက်ရသည်၊ မြေကို အဘယ်ပုံ ပြုပြင်ရသည်ဟူသော စနစ်များကို သိနိုင်လေသည်။ အစိုးရမင်းများကလည်း ဤနည်းလမ်းများကို စာအုပ်စာတမ်းများ ရိုက်နှိပ်၍ အခမဲ့ဖြစ်စေ၊ အဖိုးအနည်းငယ်ထား၍ဖြစ်စေ လိုလားသူတို့အား ပေးသင့်လေသည်။ သို့တည်းမဟုတ် စာသင်ကျောင်းများ၊ ဘုန်းကြီးကျောင်းများ၌ ထိုအတတ်ကို အရေးကြီးသော ဘာသာအဖြစ်နှင့် လက်တွေ့သင်ပေးအပ်ကြလေသည်။

ပထမအရေးမှာ သစ်သီးများကို တွင်အောင်ရောင်းချသော ရောင်းချက်ရောင်းကွက် ဖြစ်လေရာ ပျက်စီးလွယ်သောသစ်သီးများကို ဝေးလံသောခရီးမှ မြို့များသို့တင်ပို့ရာ၌ မပျက်မစီးစေဖို့၊ ပွဲစားများက နှိပ်စက်သည့်အတွက် ရတ်တရက် မရောင်းရသောကြောင့် ပျက်စီးခြင်း ဖြစ်တတ်သည့်အခြေအနေများမှ ကင်းလွတ်ဖို့ နည်းလမ်းများကို ရှေးဦးပထမ စီစဉ်အပ်ခြင်း ဖြစ်ပေသည်။

သစ်သီးအချိန်၌ ခြံသို့ လာရောက်သိမ်းဝယ်သူများရှိက ထိုက်သင့်သောဈေးကို ရနိုင်လျှင် ထိုနည်းကို သင့်မြတ်သောနည်းဟု ဆိုနိုင်၏။ သို့သော်လည်း စိတ်ချယုံကြည်ရသော အတွင်းလူခံများ မြို့ကြီးများ၌ ရှိချေက ကိုယ်တိုင်တင်ပို့ရောင်းချနိုင်လျှင် သာ၍ပင် အကျိုးများနိုင်လေသည်။

ငှက်ပျောအလုပ်သည် အသီးအနှံအပေါင်းတို့တွင် မြန်မာပြည်၌ အတော်ထင်ရှားသော အလုပ် ဖြစ်သော်လည်း စိုက်ပုံစိုက်နည်းမှာ ရှေးရိုးအစဉ်အလာအတိုင်း ဖြစ်၍နေသောကြောင့် အကျိုးခံစားသင့်သလောက် မခံစားကြရပေ။ ထိုနည်းအတူ နာနတ်၊ သြဇာ၊ ရှောက်၊ လိမ္မော်၊ သရက် စသည်တို့ကိုလည်း ရှေးရိုးအတိုင်းပင် လွှတ်၍ထားကြလေသည်။

mgyoe.com

mgyoe.com

စပျစ်သီးအလုပ်သည် အသီးအနှံအပေါင်းတို့တွင် မြန်မာပြည်၌ မဖြစ်နိုင်သော အလုပ် မဟုတ်၊ အထက် ရှမ်းပြည်နယ်များ၌ ၎င်းအသီးအတွက် သင့်လျော်သော ဥတုဒေသများ ရှိကြ လေသည်။ အမရပူရ၌ စပျစ်သီးများကို စိုက်ပျိုးရောင်းချကြသည်ဟု ကြားရလေသည်။ သို့သော် လည်း နည်းစနစ်ကျစွာ ထိထိရောက်ရောက်စိုက်ပျိုးခြင်း မပြုကြသေးပေ။

ရန်ကုန်မြို့၌ ဆလတ်၊ ဂေါ်ဖီ၊ နံနံ၊ မုန်လာ၊ မုန်ညင်း၊ ဘိုစားပဲ စသည်တို့နှင့် ဘူး၊ ဖရုံစသည် တို့ကို ကိုယ်တိုင်စိုက်ပျိုးပြီး ရန်ကုန်ဈေးသို့ လှည်းများနှင့် တင်ပို့ရောင်းချကြသော တရုတ်လူမျိုး များ ရှိကြလေသည်။ တောရပ်များ၌ အလေ့ပေါက်သော ကြွေဥ၊ ဝဥများကိုပင် စိုက်၍ ရောင်းကြ လေသည်။ ၎င်းတို့မှာ များစွာစီးပွားဖြစ်ကြောင်း သိရလေသည်။ အချို့လည်း ပန်းအမျိုးမျိုးကို စိုက် ကြလေသည်။

ကိုယ်ပိုင်မြေရှိမှ ထိုအလုပ်များကို လုပ်ကိုင်နိုင်မည် မဟုတ်။ မြေပိုင်ရှင်များ၊ ဂရုမစိုက်ဘဲ ထားသော ခြံမြေများကို ငှား၍ လုပ်ကိုင်ထွန်ယက်စိုက်ပျိုးလျှင် ဖြစ်နိုင်လေသည်။

မြေကြီးသည် အကြွယ်ဝဆုံးသော မိခင်ဖြစ်လေရာ ၎င်း၏ရင်ခွင်ကို ယုံကြည်ကိုးစားသော စိတ်နှင့် အားကိုးလုပ်ကိုင်သူတို့အား ထိုမိခင်သည် ပေါများစွာ ထုတ်၍ပေးမြဲ ဖြစ်လေသည်။

ရေဝပ်သောမြေ၊ လျင်မြန်စွာ သွေ့ခြောက်လွယ်သော မြေများသည် သစ်သီးစိုက်ပျိုးရန် အတွက် မသင့်လျော်ပေ။

သစ်သီးပင်များမှာ အမြစ်တိမ်သဖြင့် အမြစ်ထိ ရောက်သောမြေမှာ သွေ့ခြောက်တတ်၏။ သို့ဖြစ်သောကြောင့် အမြဲအားဖြင့် ရေလည်းလွန်စွာမများ၊ သွေ့ခြောက်၍လည်းမနေမှ သင့်လျော် ပေသည်။

သစ်သီးများကို အမျိုးမျိုး ထင်သလို မစိုက်ရ၊ အဘယ်အသီးမျိုးကို စိုက်မည်၊ ဤမြေသည် အဘယ်အပင်မျိုးနှင့်သာ တော်သည်ဟူသောအချက်ကို စဉ်းစားပြီး အစဉ်လယ်များကို ထွန်သလို ထယ်ထိုးသလို ပြုပြင်ပြီးမှာ အခြား အမြစ်နက်စူးသော မြေပဲမျိုးတို့ကို စိုက်ပျိုး၍ ၎င်းပဲများ၊ အသီး များကို ယူပြီးနောက် အပင်များကို ထိုမြေပေါ်၌ ကျန်ရှိစေပြီး ၎င်းတို့အပေါ်တွင် ထပ်၍ ထယ်ထိုး ထွန်ယက်ရလေသည်။ ထိုနောက်မှ တွင်းမြောင်းတူးပြီး အပင်များကို စီတန်း၍ စိုက်ရလေသည်။

အသီးများကို ရောင်းရုံအလုပ်ဖြင့် မပြီး၊ ရောင်း၍မကုန်သော အသီးများကို ယိုလုပ်ခြင်း၊ စည်သွတ်ခြင်း အတတ်ကလေးများကိုလည်း တတ်ကြရမည်။ သို့မှသာ ထိုက်သင့်သမျှသော အကျိုးစီးပွားကို အကုန်အစင် ရရှိခံစားရနိုင်လေသည်။ ရှေ့အပတ်၌ သစ်သီးများ စည်သွတ်နည်း ကို ဖော်ပြပါမည်။

[ဆယ်သန်း၊ တွဲ-၁၊ အမှတ် (၈) ဇက်တင်ဘာ၊ ၁၉၃၅၊ စာ ၁၀၆-၁၁၁]

၀

mgyoe.com

mgyoe.com

# နောင်ရေးကို မျှော်

ကမ္ဘာ့ရာဇဝင်၏ ယခုအစိတ်အပိုင်းသည် အဘယ်ခေတ်နှင့်မျှ မတူအောင် ပြောင်းလဲ တိုးတက်ခြင်းတွေ လျှင်မြန်ကြီးကျယ်သောခေတ်ကြီး ဖြစ်လေသည်။

သို့သော်လည်း ယခု မျက်မြင် တွေ့ရှိရသော ပြောင်းလဲတိုးတက်ခြင်းများသည် လာလတ္တံ့သော နှစ်ပေါင်း အစိတ်သုံးဆယ်နှင့်စာလျှင် လွန်စွာမှ သိမ်ငယ်သည်ဟု မှတ်ထင်ကြရပေလိမ့်မည်။

လာလတ္တံ့သော ထိုခေတ်သည် ဤစာကို ဖတ်သောသူများအနက် အများပင် ကြုံတွေ့ကြရမည့် ခေတ်ပင် ဖြစ်လေသည်။

လွန်ခဲ့သော နှစ်ပေါင်း အစိတ်သုံးဆယ်ခန့်အခါက လေယာဉ်ပျံများ ပေါ်စ ပြုသဖြင့် တစ်ကြောင်း၊ ဂရာမဖုံး ဓာတ်စက်ကလေးများ မပီကလာ ပီကလာ ပေါ်လာစ ပြုသဖြင့် တစ်ကြောင်း၊ ခလုတ်ကလေးကို နှိပ်လိုက်လျှင် မီးကလေး ပွင့်၍လာသောကြောင့် တစ်ကြောင်း အတော်ကလေး ကြီးသည်ဟု ဆိုလောက်သော မီးသဘော်အနည်းငယ်တို့ကို ဆောက်လုပ်အောင်မြင်ကြသဖြင့် တစ်ကြောင်း၊ ကမ္ဘာကြီးပေါက်ကွဲတော့မည့် ပညာစွမ်း ဉာဏ်စွမ်းတို့၏ တိုးတက်ခြင်းအရှိန်သည် လွန်စွာမှ ပြင်းထန်လှသည် စသည်ဖြင့် ပြောကြလေသည်။

ပြောခဲ့ကြသည့်အတိုင်း ထန်းသီးကြွေခိုက် ကျီးနင်းခိုက် ဆိုသည့်စကားအတိုင်း ဥရောပစစ်ကြီး ဖြစ်ခဲ့ရာ ကမ္ဘာကြီးမှာ ကွဲပေါက်သကဲ့သို့ ဖြစ်ခဲ့လေသည်။

သို့သော်လည်း ထိုကွဲပေါက်ခြင်းသည် ၎င်းတို့မှတ်ထင်တွေးခေါ်သော နည်းမျိုးအတိုင်း တိုးတက်ခြင်း အရှိန်ကြောင့် ကွဲပေါက်ခြင်းမဟုတ်၊ တိုးတက်ခြင်း၏ အစမျှ ဖြစ်ခဲ့လေသည်။

အကြောင်းမူကား ဆင်းရဲလေလေ သံဝေရရ ဟူသောစကားအရ ကမ္ဘာစစ်ကြီးကြောင့်

mgyoe.com

mgyoe.com

ကမ္ဘာသူကမ္ဘာသားတို့မှာ ရှေးအခါက မကြုံစဖူး အထူးကြီးကျယ်သော ဆင်းရဲဒုက္ခများနှင့် တွေ့ကြုံကြရလေသည်။

၎င်းစစ်ကြီး၏အစွမ်းကြောင့် ကမ္ဘာ့စီးပွားရေးစက်မှာ ဖရိုဖရဲဖြစ်ခဲ့လေသည်။ သို့ဖြစ်လေရာ လူသတ္တဝါတို့မှာ မိမိတို့၏ ဉာဏ်စွမ်း၊ ဝီရိယစွမ်းကိုသာ အားကိုးရာလက်နက်သဖွယ် အသုံးပြုခဲ့ကြရလေသည်။ သို့အားပြုလုပ်ကိုင်ရာကြံကြခြင်းပင်လျှင် ကြီးပွားတိုးတက်ခြင်း၏ နှီးစက်ကြီးဖြစ်ခဲ့လေသည်။

ယခုအခါ၌ကား တိုးတက်ခြင်း၏ အရှိန်နှင့် ပမာဏသည် သိသိသာသာ ပိုမိုကြီးမား၍နေသည်ကို မျက်မြင်တွေ့ရှိကြရသောကြောင့် အဆိုပါကမ္ဘာကြီး ပေါက်ကွဲမည် ဟူသော စကားမျိုးကို မပြောကြတော့ပေ။

နောင်နှစ်ပေါင်း အစိတ်သုံးဆယ်အတွင်း အဘယ်မျှလောက် ပိုမိုကြီးကျယ်မည်ကို ထင်မြင်ကာ ယခု မျက်မြင်တွေ့ရှိရသမျှကိုပင် ကြီးကျယ်သည်ဟူ၍ မှတ်ထင်ခြင်းမရှိတော့ပေ။

ထိုအခါ၌ ကျွန်ုပ်တို့ အာရှတိုင်းသားအချင်းချင်းဖြစ်ကြသော တရုတ်လူမျိုး၊ ဖိလစ်ပိုင်လူမျိုး၊ အိန္ဒိယတိုင်းသားတို့မှာလည်း ဥရောပ၊ အမေရိက တိုင်းသားများ၏ အဆင့်အတန်းကို ဧကန်ရောက်ကြရပေတော့မည်။ တရုတ်လူမျိုးမှာ နိုးကြားခြင်း၊ ပြောင်းလဲခြင်းအရာ၌ လွန်စွာမြန်၍ ယခုပင် အရှိန်ကြီးလှပေပြီ။ ဖိလစ်ပိုင်လူမျိုးတို့မှာ စပိန်၏လက်အောက်မှ၊ အမေရိက၏လက်အောက်သို့တိုင်အောင် လေ့ကျင့်ခဲ့ရာ လွတ်မြောက်ခြင်း ရကြတော့မည်ဟု ကြားသိရလေပြီ။ သို့ဖြစ်သောကြောင့် ၎င်းလူမျိုးတို့မှာ ထိုအခါ၌ ဧကန် အထက်တန်းစားတွေ ဖြစ်ကြရတော့မည်ကား မလွဲပေ။

၎င်းပြင် ဂျပန်လူမျိုးများ၏ လက်အောက်ဖြစ်ကြသော ကိုရီးယားလူမျိုးများမှာ အသွေးအရောင်၊ အကျင့်အလေ့မှာ ဂျပန်နှင့် မခြားလှသဖြင့် အင်္ဂလိပ်လက်အောက်၌ အိုင်ယာလန်လူမျိုးကြီးမြင့်သည့် နည်းမျိုးအတိုင်း ကြီးမြင့်ကြရပေမည်။ ယိုးဒယားမှာလည်း အားမကျဘဲ အသေလိုနေနိုင်တော့မည် မဟုတ်ပေ။ အိန္ဒိယတိုင်းသားများမှာကား ကျွန်ုပ်တို့နှင့် လက်အောက်နိုင်ငံသားချင်းပင် တူစေကာမူ ယခုပင် ကျွန်ုပ်တို့ထက် ပညာတတ်သူတွေ၊ ဉစ္စာရှိသူတွေ၊ ကမ္ဘာလုံး ကျော်ကြားသူတွေ ရှိကြလေရာ ထိုအခါသမယ၌ ပြောဖွယ်ရာရှိမည် မဟုတ်ပေ။ မတော်တဆ မြန်မာပြည်မှာ အခွဲယောင်ယောင်၊ အတွဲယောင်ယောင်နှင့် အိပ်မှုန်စုံမွှား ဖြစ်၍နေရချေက အုပ်ချုပ်ခြင်းမှာပင် ကျွန်ုပ်တို့ထက် မြင့်၍သွားဖို့ ရှိလေသည်။

ယခုထက်တိုင် နိုးကြားစ မပြုသေးသော မြန်မာလူမျိုး၊ နိုင်ငံရေးအလုပ်လည်း အဘယ်လမ်းကို လိုက်ရမည်ဟု ယခုထက်တိုင် သဲသဲကွဲကွဲ မသိသေးသော မြန်မာလူမျိုး၊ ယခုထက်တိုင် အချင်းချင်း ဂုဏ်တုဂုဏ်ပြိုင်အလုပ်တွေကို လုပ်၍နေသော မြန်မာလူမျိုး၊ ယခုထက်တိုင် အသုံးများလျက် စွန့်စွန့်စားစား စီးပွားမရှာသေးသော မြန်မာလူမျိုး၊ ယခုထက်တိုင် အကလေးပမာ

mgyoe.com

mgyoe.com

ပျော်ရွှင်စွာနေဖို့သာ သိသော မြန်မာလူမျိုး၊ ယခုထက်တိုင် မယုံအပ်မယုံရာ Superstition ခေါ် အယူအစွဲ လွဲမှားခြင်းများ၌ နစ်မြုပ်၍နေသော မြန်မာလူမျိုး၊ ယခုတိုင် ကံကိုယုံကာ ကယ်မည့်သူ ဗုဒ္ဓရာဇာကို မျှော်၍နေသော မြန်မာလူမျိုး၊ ဤအကျွန်ုပ်တို့ မြန်မာလူမျိုးသည် တစ်ကမ္ဘာလုံး အောက်ခြေသိမ်း မြင့်တက်ကြရမည်ဖြစ်သော ထိုမကြာမနောင်းသော အနာဂတ်ကာလ၌ အဘယ်သို့သော အခြေအနေ၌ ရှိနေမည်ကို ဖူးပွေ့လက်တင် ဆင်ခြင်ထင်မြင်လိုက်သည့်အခါ လွန်စွာမှ ကြောက်မက်ဖွယ်ကောင်းလှပေသည်။

ပြောင်းလဲတိုးတက်ခြင်းအရှိန်သည် လွန်စွာမှ ကြီးမားလေရာ လွန်ခဲ့သော နှစ်ပေါင်းအစိတ်မှာ မိုင်တစ်ရာရောက်ခဲ့လျှင် လာလတ္တံ့သော နှစ်ပေါင်းအစိတ်မှာ မိုင် ငါးရာတစ်ထောင် ရောက်နိုင်လေသည်။

ယခုအခါ အခြားလူမျိုးတို့ကို မီအောင်ကြိုးစားလျှင် မီနိုင်သေး၏။ အပြတ်အသတ် ကွာသော အခါ၌ကား မီတော့မည်မဟုတ်။ လူမျိုးကွဲတို့၏ ခိုင်းစေရာကို ခံ၍သာ နေကြရမည်ကို တွေးလိုက် လျှင် ကြောက်မက်ဖွယ်ကောင်းလှပေသည်။

အချို့က ငါတို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးသည် ကမ္ဘာပေါ်၌ အမြတ်ဆုံးသော သာကီဝင်မျိုး ဖြစ်သည်၊ ဤအဖြစ်မျိုးသို့ မရောက်နိုင်၊ တစ်ကမ္ဘာလုံးပင် ပျက်သော်လည်း မြန်မာလူမျိုးမှာ ပျက် စီးနိုင်မည်မဟုတ်ဟု အတိတ်တဘောင် စကားများနှင့် မြှောက်ပင့်ကာ ပြောကြပေလိမ့်မည်။ မသိ သူ များစွာတို့ကလည်း သဘောကျ၍ လက်ခုပ်လက်ဝါး တီးကြပေလိမ့်မည်။ နောက်ဆုံးဖြစ်ရမည့် အခြေအနေသည်ကား လက်ခုပ်တီးခြင်းဖြင့် တားဆီးကွယ်ကာ၍ ရမည်မဟုတ်ပေ။ ယခု ချက် ချင်း သံဝေဂရကြ၍ အချင်းချင်းကူညီရိုင်းပင်းကြမှ ငါတို့၏ သားမြေး ဆင်းရဲဒုက္ခတွေကြရမည်ကို ဆင်ခြင်ကာ သနားကြမှသာလျှင် တွေ့ရမည့်ဘေးကြီးမှ လွတ်ကင်းနိုင်ဖို့ ရှိလေသည်။

ကျွန်ုပ်တို့၏ ကျောင်းကန်ဘုရားများသည် နောင်လူမျိုးကွဲများ စော်ကားမော်ကားပြုခြင်း ဘေးမှ လွတ်ကင်းချမ်းသာဖို့ နည်းလမ်းသည် ဗုဒ္ဓရာဇာမှာ မရှိ၊ ကျွန်ုပ်တို့မှာသာ ရှိ၏။ ငယ်ရွယ်သူ မှန်သမျှ၊ ကောလိပ်ကျောင်းသားမှန်သမျှ အမျိုးသားကို ငါ အဘယ်နည်းနှင့် ကယ်ရပါမည်နည်း။ ကုလားမိတာ၏ လက်သို့ရောက်သော ဘုရားလို အခြားဘုရားများ မဖြစ်ကြရလေအောင် သာ သနာတော်မြတ်ကြီးကို ငါအဘယ်ပုံ ကယ်ရပါမည်နည်း။ ငါ အဘယ်အတွက် သာသနာ့ဒါယကာ မဖြစ်နိုင်ပါသနည်း ဟူသောစိတ်ကို ထားကာ ပညာတစ်ခုခုကိုဖြစ်စေ၊ တစ်ဖက်ကမ်းခတ် ပေါက် ရောက်အောင် သင်အပ်ကြလေသည်။ သို့မဟုတ် မြဲမြံသော အရာဌာနနှင့် တစ်စုံတစ်ရာကိုဖြစ် စေ ဖြစ်မြောက်အောင်လုပ်မည်ဟူသော ရည်ရွယ်ချက်တစ်ခုကို ထားအပ်ကြလေသည်။ ကျောင်း သားမှန်သမျှ အမျိုးနှင့် ဘာသာကို အဘယ်ပုံ ကယ်ရပါမည်နည်းဟူသောစိတ်ကို ထားကာ နည်း လမ်း တစ်မျိုးစီ စိတ်ကူးကြပြီးလျှင် အဘယ်အရွယ်သို့ရောက်လျှင် အဘယ်မျှ ပေါက်ရောက်

mgyoe.com

mgyoe.com

အောင် ငါကြိုးစားမည်ဟူသော ရည်ရွယ်ချက်မျိုးကို တစ်ခုစီ ထားကြချေက ထိုရည်ရွယ်ချက်များသည် အမြဲတေများဖြစ်ကြလျက် ရည်ရွယ်ချက်ရှိသော ကျောင်းသား ငယ်ရွယ်သူဟူသမျှမှာ အမြဲတေတစ်ခုစီနှင့် လူတွေသာ ဖြစ်ဖို့ရှိသည်။ ငါအမျိုးသားကို ကယ်နိုင်သူဖြစ်သည်။ အဘယ်ပုံကယ်ရပါမည်နည်းဟူသောစိတ်ကို မြဲမြဲစွာ ထားကြချေက ဇေကန်ဒိဋ္ဌ အောင်မြင်ပေါက်ရောက်သူ၊ တစ်ယောက် နှစ်ယောက် သုံးယောက် စသည်ဖြင့် ထွက်ပေါ်ထွန်းပေါက်ရမည်ကား မလွဲပေ။

ထိုကဲ့သို့သော ငယ်ရွယ်သူတို့သည် ဆင်းရဲအောက်ကျ စုတ်နုပ်သော အမျိုးသားများလိုဖြစ်သည့်အခါတိုင်း ၎င်းဆင်းရဲသူများ၏နေရာ၌ မိခင်မြန်မာပြည်ကို ထားကာ ငါ၏မိခင်မှာ ဤအခြေအနေသို့ ရောက်၍နေရလေခြင်းဟူသောစိတ်ကို ထားပြီးလျှင် မခံချင်သောစိတ် ပေါ်ပေါက်အောင် နှိုးကြရမည်။ ငါတို့၏ အမျိုးသား အောက်ကျခြင်းကြောင့် လူမျိုးကွဲတို့ကို မုန်း၍နေခြင်းဖြင့် ကိစ္စမပြီး၊ မည်သူ့ကိုမျှ မုန်းဖို့မရှိ။ ငါတို့အပြစ်၊ ငါတို့အပြစ်၊ ငါတို့အပြစ် ဟူ၍သာ ပြောကာ ငါတို့၏ရင်ကိုသာ ငါတို့ ထုကြရမည်။

အဟုတ်တကယ် ကြီးပွားတိုးတက်လိုသောစိတ်၊ အဟုတ်တကယ် လွတ်မြောက်လိုသောစိတ်နှင့် အဟုတ်တကယ် ကြိုးစားကြလျှင် လာလတ္တံ့သော တကယ့်တိုးတက်ခြင်းခေတ်ကြီးမှာ နောက်ကျန်၍ နေကြရမည်မဟုတ်ပေ။

သို့မဟုတ်မူ၍ အများယောင်ရာသို့ လိုက်ပါကာ တောင်မသိ မြောက်မသိ ထင်မိထင်ရာကို လုပ်ကာ ကံထမ်းလာမှာကို စောင့်စား၍နေကြချေက တကယ်တိုးတက်သော ခေတ်ကြီး၌ လူမျိုးကွဲတွေ၊ ဩစတြေးယား၊ ကနေဒါ၊ ဂျပန်၊ စူမတ္တရား၊ ယိုးဒယား၊ ဥရောပ စသည့်အရပ်များသို့ နေ့ချင်းပြန် လေသင်္ဘောတွေနှင့် တပျော်တပါး အလည်သွားကြသည်များကို ရှုမောလျက်သာ နေကြရဖို့ ရှိလေရာ အကပ်အရပ်ကောင်းသူ အနည်းငယ်တို့မှာသာ လက်ပါးစေ နောက်ပါအဖြစ်နှင့် လူမျိုးကွဲ ခိုင်းစေရာကိုခံလျက် လိုက်ပါကြရမည် ဖြစ်လေသတည်း။

ဤကဲ့သို့သော အောက်ကျနောက်ကျ အခြေအနေသို့ မရောက်ရအောင် ကြိုးစားကြဖို့ရန် အချိန်သည် မကုန်သေး၊ မလွန်သေးပေ။ အမျိုးသားကို ကယ်ဆယ်လိုသူ ဟူသမျှ ရှေးဦးပထမ မိမိတို့ကိုယ်ကို ဆင်းရဲအောက်ကျခြင်းအခြေအနေသို့ မရောက်ရအောင် လူမျိုးကွဲများ ကြီးကျယ်သလောက် ကြီးကျယ်နိုင်အောင် ကြိုးစားကြရမည်။ ကိုယ်စွမ်းကိုယ်စဖြင့် တစ်ယောက်တလေမျှ မကြီးပွားဘဲ နေချေက ကျွန်ုပ်တို့လူမျိုးမှာ ဇာတိပင်ကိုကပင် ညံ့ဖျင်းအောက်ကျရာရောက်၍ နေပေလိမ့်မည်။

သို့ဖြစ်လေရာ အမျိုးသားကို ကယ်လိုသော စိတ်ရင်းစေတနာကြီးကို မီးတုတ်ကြီးပမာ ကိုင်ဆောင်ကာ ရှေးဦးပထမ ကိုယ်တိုင်ကြီးပွားအောင် ကြိုးစားသူမှန်က အဟုတ်အမှန် ဇေကန်ဒိဋ္ဌ ကြီးပွားရမည်သာတည်း။

mgyoe.com

mgyoe.com

ထိုအခါသမယ၌ လူသတ္တဝါတို့မှာ တိုးတက်ကြီးကျယ်သလောက် လောကကြီးတစ်ခုလုံးမှာ ပျော်ဖွယ်ရာ နတ်ပြည်နတ်ဘုံကြီးကဲ့သို့ ဖြစ်ဖို့ရှိလေရာ ထိုလောကနိဗ္ဗာန်ခေတ်ကြီးကို မီကြရအောင် ယခုက စတင်ကြိုးစားအားထုတ်ကြရမည် ဖြစ်ပေသတည်း။

[တိုးတက်ရေးမဂ္ဂဇင်း၊ နံပါတ် (၁၅) ၁၉၃၄၊ ဒီဇင်ဘာ၊ စာ ၅၂-၅၅]

ဝ

mgyoe.com

mgyoe.com

# စိတ်ကို ဆေးကုနည်း

ဒေါသဖြစ်သောစိတ်၊ မနာလိုမုန်းထား မျက်ကြွတ်ရန်လိုသောစိတ်၊ အားငယ်ပေါ့ပြက်သော စိတ် ၎င်းစိတ်တို့ကို အိပ်ဖော်အိပ်ဖက် ပြုလုပ်ကာ အိပ်ရာထဲသို့ ခေါ်၍မသွင်းကြရန် သတိပြုသင့်ကြလေသည်။ မကျေချမ်းသောစိတ်ဖြင့် မျက်နှာကို ရှုံ့ကာ အိပ်ရာကို မဝင်သင့်၊ မအိပ်မီ သိမ်မွေ့ ပျော့ရွှင် ကြည်လင်သောမျက်နှာကို မအိပ်မီ ပြုပြင်ပြောင်းလဲထားရာ၏။ စိတ်ညစ်သောအသွင်ကို မျက်နှာ၌ထင်ကာ အိပ်ရာကို မဝင်အပ်။ မကောင်းသောစိတ်တွေကို မအိပ်မီ မိမိ၏အပါး၌ မနေရအောင် မောင်းနှင်ခြောက်လှန့်၍ ပစ်ရာ၏။ မြွေကင်းပေါသော အောက်အရပ်ဒေသများ၌ အချို့သော မြို့ရွာများတွင် အိပ်ရာကိုဝင်သည့်အခါ အိပ်ရာထဲ၌လည်းကောင်း၊ အိပ်ရာအနီးအနား၌လည်းကောင်း မြွေ ကင်း မနေရအောင် ရိုက်နှက်ခြောက်လှန့်၊ မောင်းနှင်၍ ပစ်ကြရလေသည်။ အဆိုပါ စိတ်ဆိုး စိတ်ကြမ်း၊ စိတ်ယုတ် စိတ်ညံ့၊ စိတ်အို စိတ်နာတို့သည်ကား မြွေ ကင်းများနှင့် မခြားမနား ကြောက်မက်ဖွယ်ကောင်းသော စိတ်ပိုးစိတ်မွှားများ ဖြစ်ကြလေသည်။ ထိုစိတ်မျိုးကို ဘီလူးစိတ် သဘက်စိတ်ဆိုလျှင်လည်း မမှားချေ။ အဘယ်ကြောင့်ဆိုသော် ညဥ့်အိပ်ရာဝင်သော အခါ၌ စိတ်အလုပ်များသူတို့မှာ အိပ်ပျော်သည့်အခါ ကျွန်ုပ်တို့ မြန်မာဘာသာဖြင့် ဘီလူးစီးသည်၊ ထမင်းလုံးတစ္ဆေခြောက်သည်ဟုဆိုသော Nighatmare ခေါ် ရောဂါမျိုး ဖြစ်တတ်သည်ဟု အင်္ဂလိပ်ဆေးကျမ်း၌ တွေ့ရလေသည်။ မကြင်နာသောစိတ်၊ အငြိုးထားသောစိတ်၊ ရက်စက်ကြမ်းကြုတ်သောစိတ်တို့သည် ညဥ့်အချိန် အိပ်ပျော်သည့်အခါ၌ လွန်စွာ အဆိပ်ထန်သော မြွေများနှင့် တူသဖြင့် အခြားသောသူကို မပေါက်ရ မကိုက်ရသောအခါ မွေးမြူပိုက်လွယ်သူကို ခဲတတ်သည်။ ထိုစိတ်မျိုးကို အမြဲထားခြင်းသည် အဆိပ်ထန်သောမြွေကို ခါးပိုက်ဝယ် ဆောင်ထားခြင်း ဖြစ်လေသည်။

mgyoe.com

mgyoe.com

တစ်စုံတစ်ယောက်က စိတ်ဆိုးအောင်လုပ်သဖြင့် စိတ်ဆိုးရခြင်းသည် အတော်ပင် လွန်သောအရာ ဖြစ်လေရာ စိတ်ဆိုးပြေပြီးနောက် ထိုသူ၏ပြုမူခြင်းကို တမင်သက်သက် အဖန်ဖန် တွေးတောပြီး တစ်ကိုယ်တည်း စိတ်ဆိုးခြင်းသည် မိမိ၏စိတ်၊ မိမိ၏လိပ်ပြာကို အရုပ်ဆိုးအောင်၊ မကောင်းအောင်၊ ယုတ်ညံ့လေအောင် ပြုမူကြံဆောင် ဖန်တီးရာသို့ ရောက်လေသည်။

ကျက်သရေရှိ၍ လှပြင်လျှင် ချစ်ခင်ရသောမျက်နှာသည် အခါခပ်သိမ်း လှသောမျက်နှာ မဟုတ်ချေ။ လှခြင်းကြောင့် ချစ်ခင်သူ များသည်မဟုတ်၊ သို့သော်လည်း လှဖို့ရန် ခက်၏။ အမိ မွေးရာမှ ပါလာသောမျက်နှာကို ပန်းပုဆရာထံ ပြန်၍အပ်တောင် လှအောင်မလုပ်နိုင်ချေ။ ပါရီမြို့ သူတို့သည် အလှဆရာများထံသို့ သွားပြီး အနာခံ၍ မျက်နှာကို လှီးဖြတ်ပြုပြင်သည်ဟု ကြားရဖူး သော်လည်း ထိုပြုပြင်နည်းသည် အလွန်တရာဝန်လေးသောနည်းဖြစ်၍ မျက်နှာ၌ အပေါက်အနာ ဖြစ်ပြီး ထပ်မံဖုံးဖိမှ ဖြစ်နိုင်လေသည်။ စိတ်ကောင်းကို ထားချေက ထိုကဲ့သို့ မပြုပြင်ဘဲ ချစ်ဖွယ် သော မျက်နှာကို ရနိုင်လေသည်။

လှပြင်လျှင် ချစ်ခင်ရသော မျက်နှာမျိုးကိုမူကား မည်သူမဆို ရနိုင်လေသည်။ လောက၌ အရုပ်ဆိုးလွန်းသူဟူ၍ မရှိချေ။ မျက်ကြွက်ရန်လိုသောစိတ်ကို အမြဲထားပြီး ထိုစိတ်မျိုးကိုအိပ်ရာ သို့ အပါခေါ်ဆောင်သောသူတို့သာလျှင် လှပြင်လျှင် မုန်းဖွယ်ရာဖြစ်တတ်လေသည်။ အကြောင်း မူကား အိပ်ပျော်ရာ၌ ဆက်လက်တည်နေ၍ ဆိုးသောစိတ်၊ ရှုံ့တွသောစိတ်သည် မျက်နှာ၌ ဆိုး သော အကြောင်းအလိပ် အတွန့်တို့ကို တဖြည်းဖြည်း ဖြစ်စေနိုင်လေသည်။

ဤဘဝသည် တိုတောင်းသောဘဝ ဖြစ်၏။ မိမိကို အရုပ်ဆိုးစေသော၊ မိမိကို အကျိုးယုတ် စေသော၊ မိမိ၏ခယန်းမာခြင်းကို ဖြိုဖျက်သော၊ အိုလွယ်ရင့်လွယ်ခြင်းကိုဖြစ်စေသော စိတ်တို့ကို တမင်သက်သက် နဖူးလက်တင်ကာ မနေ့က ဘယ်သူက ငါ့ကို ဘယ်လိုဆိုလိုက်တာပဲ၊ ဘယ် အကောင်က ငါ့ကို ဘယ်လိုထင်တာပဲ၊ ဘယ်သူဟာ နွားပဲ၊ ဘယ်ဝါဟာ အင်မတန် ယုတ်မာတဲ့ သတ္တဝါ၊ ခွေးသား၊ သွားကျွတ်အောင် ပါးချပ်ကို ဖိနပ်နှင့် ချဖို့ကောင်းတဲ့အကောင်၊ ဟိုခွေးသား တစ်ကောင်တော့ ထိသွားပါပကော၊ အခု အလုပ်ပြုတ်လို့ ထမင်းငတ်နေပြီ၊ ဒါမှ ကောင်းတယ်၊ ဘာမသား ညာမသား၊ ကလေးတွေ တစ်ပြုံကြီးနဲ့ ငတ်နေမှာပဲ စသည့်စိတ်မျိုးတွေကို အလွန်တရာ မွန်မြတ်လှစွာသော ဦးခေါင်းထဲ၊ စိတ်နှလုံးအတွင်းသားထဲမှာ အဆွေခင်ပွန်းကောင်း၊ ကိုယ်စောင့် နတ်သဖွယ် ဧည့်ထောက်ခံကာ ဦးနောက်တည်းဟူသော ပလ္လင်ထက်၌ လေးမြတ်စွာ တင်ပြီး အိပ်ရာကို ဝင်ခြင်းသည် အလုပ်အကိုင် အကြံအစည်ကို တွေး၍အိပ်သူထက်ပင် ပိုမိုကြီးလေး သော ပျက်စီးခြင်းတို့ကို အကြောအခြင် အသွေးအသား မျက်နှာထား မျက်နှာနေမှာ ဖြစ်စေတတ် လေသည်။

မည်သူမဆို မိမိကိုချစ်သောသူ၊ မိမိနှင့် သင့်သောသူအပေါ်၌ ပျားသကာလို မျက်နှာချို၏။ အလွန်တရာ ကြမ်းကြုတ်သော ခွေးသားအုပ်မပင် ဖြစ်စေကာမူ မိမိ၏ ကလေးများအပေါ်၌

mgyoe.com

ကောင်း၏၊ ကြင်နာ၏။ ဤလိုအကောင်းမျိုးဖြင့် လူကောင်းဟု မဆိုနိုင်ချေ။ မိမိကို ရန်လိုသောသူ အပေါ်၌ စိတ်ကို ကောင်းကောင်းထားနိုင်သော သူမှသာလျှင် လူကောင်းလူမြတ် ဖြစ်လေသည်။

ရာဇဝတ်မှုကို မကျူးလွန်ရုံမျှနှင့်လည်း လူကောင်းမဟုတ်၊ ရာဇဝတ်မှုကို ကျူးလွန်မိတိုင်းလည်း လူဆိုးမဟုတ်၊ မိမိ၏ရန်သူကို အကျိုးယုတ်စေလိုသောစိတ်နှင့် အမြဲရှု၍နေသော သူသည် ဘာကိုမှ မလုပ်သော်လည်း ထိုရန်သူထက်ပင် ပိုမို၍မြတ်တော့သည် မဟုတ်၊ ထိုရန်သူ၏ ယုတ်ညံ့ခြင်းမျိုးအထဲသို့ ခြေနင်း၍နေသူပင် ဖြစ်လေသည်။

အများအားဖြင့် တစ်ပါးသူ၏ ဆိုးသွမ်းမှုကို တဖျစ်တောက်တောက် ပြောနေသော သူတို့သည် မိမိတို့ကိုယ်ကို သူတော်ကောင်းဟု မှတ်ထင်၍နေသူများ ဖြစ်ကြလေသည်။ သို့သော်လည်း ထိုလူမျိုး၏စိတ်သည် တကယ် ကိုယ်ထိလက်ရောက် ဆိုးယုတ်သောသူတို့ထက် မကောင်းစိတ် ပိုမို၍ကြီးတတ်လေသည်။ ဤသဘောသည် အော်၍ပိုသောသူ၏ အဆွေးထက် ကြိတ်၍ပိုသောသူ၏ အဆွေးက ပိုမိုပြင်းထန်လေ့ရှိသော သဘောမျိုးပင် ဖြစ်လေသည်။ ထိုကဲ့သို့သော ပါးစပ်သူတော်ကောင်းတို့မှာ ပါးစပ်ဖြင့် ကံထိုက်၍နေလေရာ သူရသတ္တိနည်းသူများ ဖြစ်ကြလေသည်။ ၎င်းသူရသတ္တိနည်းသူတို့သည် အခွင့်တန်ခိုးကို ရသည့်အခါ အတိအလင်း အတိုင်းအရှည် မရှိအောင် ဆိုးသွမ်းနိုင်ကြလေသည်။

အလွန်တရာ ဆိုးသွမ်းရက်စက်သော နီရိုသည် ရောမဘုရင်၏ အဖြစ်သို့ ရောက်စဉ် တိရစ္ဆာန်အသက်ကိုမှ မသတ်ဝံ့ချေ။ ဘုရင်ဖြစ်၍လာသောအခါ၌မူကား မိမိစားဖို့ မွေး၍ထားသော ငါးကန်ကြီးထဲ၌ အလွန်လှပသော မိန်းမတွေ၊ ကျေးတွေ ကျွန်တွေကို အရှင်လတ်လတ် ပစ်ချကာ ငါးစာကျွေး၏။ ပွဲလမ်းသဘင် ကျင်းပသည့်အခါ 'အံဖီသီယေတာ' ကစားရုံကြီး၌ လူစုလူဝေးများကို ခြင်္သေ့များအား ပစ်ချကာ အစာကျွေး၏။ မိမိ၏ပျော်ပွဲ၌ လူတွေကို အဝတ်ပတ်ကာ ဆီလောင်း၍ ရောမမြို့လမ်းများမှာ ဓာတ်မီးတိုင်ကြီးများသဖွယ် မီးရှို့၍ လူမီးတိုင်ကြီးတွေကို ထွန်းလေသည်။ နောက်ဆုံး၌ ရောမမြို့ကြီးကို မီးရှို့ပြီး တိုက်ထိပ်ပေါ်၌ စောင်းတီး၍ မီးကို ကြည့်လေသည်။

ကမ္ဘာလောကကြီးတစ်ခုလုံးနှင့် သင့်တင့်စွာနေတတ်သောသူသည် အသက်ရှည်၏။ ကမ္ဘာပေါ်၌ရှိသော သူတို့ကို ဆွေမျိုးဉာတိသဖွယ် သဘောထားသူမှာ မကောင်းသောစိတ်တို့၏ ညှဉ်းဆဲခြင်းကို မခံရသောကြောင့် စိတ်၏ထောင်းထုခြင်းကို ကိုယ်ခန္ဓာ၌ မခံရချေ။ သို့ဖြစ်၍ ညဉ့်အိပ်ရာဝင်တော့မည် ရှိသည့်အခါ မိမိနှင့် မသင့်မတင့်ဖူးသူ၊ မိမိအပေါ်၌ မကောင်းအလွဲထင်သောသူ၊ မိမိကို မုန်းသောသူတွေကို အကုန်စိတ်ထဲ၌ စာရင်းကောက်ရမည်။ သို့စာရင်းကောက်သည့်အခါ ၎င်းတို့၏ မုန်းစရာကောင်းသော မျက်နှာများသည် စာထဲတွင် ပေါ်လာလိမ့်မည်။ ပေါ်၍လာသော အခါ မြင်လျှင်မြင်ချင်း အမုန်းစိတ်သည် ကိုက်ခဲခြင်းပြုရန် ခွေးဆိုးပမာ သွားဖြဲပြီး ဟိန်းလျက် ထွက်ပေါ်၍ လာလိမ့်မည်။ သို့ထွက်ပေါ်လာသောအခါ ၎င်းခွေး၏ နှုတ်သီးကို ဂိန်ခနဲမြည်အောင် ဆီး၍ ရိုက်ပြီး မောင်းနှင်ပစ်ရမည်။ သို့မောင်းနှင်၍ပစ်ပြီးနောက် ထိုမုန်းစရာကောင်းသော မျက်နှာတို့ကို

mgyoe.com

mgyoe.com

မေတ္တာစိတ်နှင့်ရှုကာ အခွင့်ကို လွှတ်ရမည်။ သို့အခွင့်လွှတ်လိုက်သောအခါ အသင်၏စိတ်သည် ကြည်လင်သန့်ရှင်း အေးချမ်းသာကြည်၍ သွားလိမ့်မည်။

ထိုအခါ စိတ်ကို ရေသုံးသပ်သကဲ့သို့ ဖြစ်ပြီးလျှင် အိပ်ရခြင်း၌ ကိုယ်ကို ဆေးကြောသုတ်သင်သည်ထက် ချမ်းသာခြင်းဖြစ်ကာ နံနက်မိုးသောက်သည့်အခါ၌ ပေါ့ပါးစွာ နိုး၍လာလိမ့်မည်။ ထိုကဲ့သို့ ပြုနေကြသောအခါ အသင်၏စိတ်သည် တစ်နေ့တခြား ပိုမိုမြင့်မြတ်ပြီး အသွေးကို စင်ကြယ်စေ၍ ရုပ်ကို ကြည်လင်သန့်စွမ်းခြင်းဖြစ်စေလျက် အသက်ကို ရှည်စေလိမ့်မည်ဟု ယုံကြည်လေသလော။ မတော်တဆ ပုထုဇဉ်တို့၏ သဘာဝအလျောက် နေ့အချိန်၌ တစ်စုံတစ်ရာကို ဆိုးသွမ်းကြမ်းကြုတ်စွာ ပြုမူမိသည်ဖြစ်စေ၊ မုန်းထားငြိုငြင်၊ မရှုဆိတ်သောစိတ်ကို ထားမိသည်ဖြစ်စေ အိပ်ရာဝင်ရာ၌ စိတ်တည်းဟူသော သင်ပုန်းကို ချေဖျက်ဆေးကြော၊ ချောမောသန့်ရှင်းခြင်း ဖြစ်စေရာ၏။ 'အသင်၏ အမျက်ဒေါသအပေါ်၌ နေကို မဝင်စေနှင့်' ဟု ခရစ်တော်၏ တမန်တော်ကြီး စိန်ပေါ ပြောခဲ့ဖူးလေသည်။

အကယ်၍ အသင်၏စိတ်၌ မသန့်ရှင်းသော ထိုစိတ်တို့ကို ဆေးကြောသုတ်သင်တန် ခက်ခဲလျှင် ကောင်းသော၊ မြတ်သော၊ သိမ်မွေ့သော စာတစ်အုပ်ကို ဖတ်ရမည်။ ဤကဲ့သို့ စိတ်ကိုမလေ့ကျင့် မပြုပြင်ချေက မကောင်းသောစိတ်တို့သည် သင်ပုန်းကို သံချောင်းနှင့်ခြစ်သလို မပျောက်နိုင်သောအကြောင်းများ စိတ်၌ထင်၍နေတတ်လေသည်။ ထိုကဲ့သို့ပြုပြင်လေ့ရှိသည့်အခါ၊ မကောင်းသော စိတ်ယုတ်မာတရားတို့ ပေါ်လာသည့်အခါ ငါသည် အလွန်တရာ သိမ်ဖျင်းသေးနုပ်လှပေသည်တကားဟု တွေးမိပြီး အလိုလို ရှက်တတ်သောစိတ် ပေါ်၍လာလိမ့်မည်။

အများအားဖြင့် ကဲ့ရဲ့တတ်သောစိတ်သည် မကောင်းသောစိတ်အပေါင်းတို့၏ မျိုးစေ့ ဖြစ်၏။ ကဲ့ရဲ့ခြင်းသည် သူတစ်ပါး၏အပြစ်ကို ကြည့်၍ စိတ်ပျော်ခြင်းတစ်မျိုး၊ သူ ငါ့ထက် ယုတ်သည်ဟု တွေးပြီး နှစ်မြို့ကြည်နူးခြင်း တစ်မျိုး၊ သူတစ်ပါး ယုတ်ညံ့ဖျင်းသိမ်ခြင်း၌ ဝမ်းသာခြင်းတစ်မျိုး ဖြစ်လေရာ တစ်စုံတစ်ယောက် ပျက်စီးသည်ကို ကြားရသည့်အခါ 'ဩော်.. ဟုတ်လား၊ ဖြစ်မှ ဖြစ်ရလေတော်၊ ဒါမျိုးကြားရတာ စိတ်မကောင်းပါဘူး၊ ပျက်စီးမှာပေါ့ ဘယ်လိုလုပ်တာလဲ၊ သူတို့က ကောင်းမှ မကောင်းဘဲကိုး' ဟူသော စကားမျိုးကို ပြောသည့်အခါ ဝမ်းမြောက်သော စိတ်ကလေး မပါလာရအောင် အထူးသတိပြုသင့်ကြလေသည်။

မိမိ၏စိတ်ကို အမြဲပြုပြင်သောသူတို့မှာ ကြာကြာကြီး အရွယ်တင်လျက် ပါးရေလိပ်ခြင်းကို စောစောမရောက်လာရအောင် ကွယ်ကာနိုင်လေသည်။ အကြောင်းမူကား ကောင်းသောစိတ်သည် ကောင်းသောအသွင်ကို ဖြစ်စေနိုင်လေသည်။

မိမိ၏စိတ်ကို မြင့်မြတ်သောအကြံအစည်တို့နှင့် ပြည့်ဝစေလျက် အလွန်တရာ မြတ်သော စိတ် ရှိသူတို့၏ စိတ်နေစိတ်ထားကို မိမိတို့၏စိတ်ထဲ၌ နမူနာကဲ့သို့ထားပြီး ကောင်းမြတ်သော အဖြစ်မျိုးသို့ ရောက်အောင် အမြဲကြိုးစားကြမည်ဆိုလျှင် မြင့်မြတ်သောအဖြစ်သို့ ရောက်နိုင်လေ

mgyoe.com

mgyoe.com


သည်။ လူတို့၏ စိတ်နေသဘောထားသည် ပြောင်းလဲပြုပြင်၍မရသောစိတ် မဟုတ်ချေ။ ထိုကဲ့သို့ စိတ်ကို ပြုပြင်ခြင်း၌ အလေ့အကျင့်ရသောအခါ ချမ်းမြေ့၍ လာလိမ့်မည်။

ရင်ကို ထုကာ ထုကာ မငြိးနိုင် မလိမ်းနိုင်ဖြစ်ပြီး ညဥ့်နက်အောင် ဆေးပေါ့လိပ်ကို မဲ၍ ဖွာလျက် စုန်းတောက်၍နေသူတို့သည် မကောင်းညစ်ကြေးသောစိတ်တို့၌ တောက်စားကျက်စား၍ နေသူများနှင့် တူကြလေသည်။ ထိုလူမျိုးသည် စိတ်ထောင်း၍ ကိုယ်ကြေပြီး စိတ်သာဆိုးသည် မဟုတ်၊ လူရုပ်ပါ ညှိုးပြီး အဆိုးရုပ် ကြွ၍လာတတ်လေသည်။

'ဆရာ.. ကျွန်တော် ညကျရင် ရုံးကအလုပ်တွေကို မတွေးဘဲ မနေနိုင်ဘူး၊ အိပ်ရာထဲမှာ တွေးရင်း ညဥ့်နက်၍ အိပ်ပျော်သွားသည့်အခါ နံနက်မိုးလင်းရင် အအိပ်ပျက်သလိုပဲ ဖြစ်နေပါတယ်၊ ဘယ်လိုလုပ်ရမလဲ' ဟု လွန်ခဲ့သော ခုနစ်နှစ်လောက်က ရန်ကုန်မြို့ စက္ကရီတေရီရဲ့ ရုံးကြီးမှာလုပ်သော မိတ်ဆွေတစ်ယောက်က မေးဖူးလေသည်။ ၎င်းသည် တကယ် အအိပ်ပျက်သူဖြစ်၏။ အဘယ်ကြောင့်ဆိုလျှင် အိပ်ပျော်၍သွားသောအခါ စိတ်သည် အားလပ်ခွင့်မရ၊ ဆက်၍တွေးကြလျက် အလုပ်ကို ဆက်၍လုပ်နေသောစိတ် ဖြစ်လေသည်။

လွန်ခဲ့သော ၁၅ နှစ်လောက်အခါက ရိုင်ဒါဟတ်ဂါ ရေးသော မောင်တီဂွါမာ့စ် ဒေါ်တား ခေါ် ဝတ္ထုကြီးတစ်ခုကို ညဥ့်အိပ်ရာဝင်သည့်အခါ ဖတ်မိဖူးလေသည်။ သို့ဖတ်ပြီး စာအုပ်ကို ချ၍ အိပ်သောအခါ တစ်ညလုံး လူရိုင်းတွေနှင့် ပြေးလားလွှားလား လုပ်၍နေရလေသည်။ သတ်၍ပွဖော်ခြင်းကို ခံရသော လူရိုင်းတို့၏အော်သံ၊ ဟစ်သံ၊ ကယ်ပါ ယူပါဟူသော အသံတို့ကို တစ်ညလုံး ကြား၍နေရ၏။ ထိုကဲ့သို့ သုံးည လေးည ဆက်၍ဖတ်ရာ တစ်ညမှ ကောင်းကောင်းမအိပ်ရသဖြင့် ယခုထက်တိုင် ဤဝတ္ထုကို အဆုံးသို့ရောက်အောင် မဖတ်ရဘဲ စွန့်ပစ်ရလေသည်။

နေ့အချိန်၌ အလုပ်ကို လုပ်သောသူတို့သည် အလုပ်ခန်းတံခါးကို ပိတ်သည်နှင့်တစ်ပြိုင်တည်း မိမိ၏ ဦးနှောက်၌ရှိသော အလုပ်ရုံတံခါးကို ပိတ်ကြရာ၏။ အလုပ်တိုက်မှ ထွက်၍လာသောအခါ စိတ်ကို တစ်ခါတည်းပြောင်းပြီး အဝတ်ကို လဲသလို လဲကြရလေသည်။ အလုပ်ကို မေ့လျော့ဖျောက်ဖျက်ပြီး မိမိ၏စိတ်ကို သားထဲ သမီးထဲသို့လည်းကောင်း၊ အပြစ်ကင်းသော အပျော်အရွှင်များထဲသို့လည်းကောင်း ပြောင်းလဲသွတ်သွင်းရာ၏။ ပျော်စရာဝတ္ထုစာအုပ်များကို လည်းကောင်း၊ ရယ်ရွှင်ဖွယ် စာအုပ်များကိုလည်းကောင်း၊ အပျော်နှင့် အသိအလိမ္မာ ရော၍ထားသော စာအုပ်များကိုလည်းကောင်း ဖတ်ကြရလေသည်။ ဤလောကသည် အပျော်မရှိလျှင် မပြီးသော လောကကြီး ဖြစ်၏။ မြတ်စွာဘုရားသော်မှ ပျော်စရာဇာတ်တော်များနှင့် ဆုံးမတော်မူခဲ့ရလေသည်။

နက်နဲသော စာပေကျမ်းဂန်ကို အမြဲကြံသောသူတို့သည်လည်း အမြဲနက်နဲစွာ တွေးတော၍သာ မနေအပ်၊ အဘိဓမ္မာကို ဖတ်သောသူသည် အပျော်အရွှင်ဝတ္ထုကို တစ်ခါတစ်ခါ ဖတ်ရင်းဖြင့်
mgyoe.com

စိတ်၏အညောင်းကို ဖြေရလေသည်။ မြတ်စွာဘုရားသည် အဘိဓမ္မာကိုသာ ထားခဲ့သည်မဟုတ်၊ ဇာတ်တော်များကိုလည်း ထားခဲ့လေသည်။ အမြဲနက်နဲသော စာတို့ကိုသာ ကြံ၍နေခြင်းသည် ဦးနောက်ကို ပျက်စေနိုင်သည်ဟု ပညာရှိတို့ ပြောကြလေသည်။

လမ်းလျှောက်ခြင်း၊ လည်ပတ်ပခင်း၊ သန့်ရှင်းစင်ကြယ်သောလေကို အပြင်သို့ ထွက်၍ ရှူရှိုက်လေ့ရှိခြင်း၊ အားလပ်သည့်အခါ စူး၊ ဆောက် ကိရိယာတို့ဖြင့် လက်သမားအလုပ်၊ စက်အလုပ်စသည် ရသေ့စိတ်ဖြေ အလုပ်တစ်မျိုးမျိုးကို လုပ်ခြင်း၊ သို့မဟုတ် ရဟန်းမဟုတ်သော လူပုဂ္ဂိုလ်များမှာ ကခုန်၊ တေးဆို ကစားခြင်းများကို ပြုနိုင်ကြရလေသည်။ ထိုအခါ မကောင်းသောစိတ်တို့သည် ဝင်ခွင့်မရ။ ဤကဲ့သို့သော သာယာသော စိတ်ခြံကြီးထဲသို့ မကောင်းသော စိတ်ရိုင်း၊ ကျွဲ၊ နွား၊ တောခွေး၊ သားရဲတို့သည် ဝင်ဖို့ရန် လာသော်လည်း ၎င်းခြံကြီး၌ ပျော်ပျော်ရွှင်ရွှင် မအားမလပ် ကစား၍နေကြသော သူတော်ကောင်း နတ်ဒေဝါတို့နှင့်တူသော အလုပ်တွေက လှုပ်ရှားဆူညံ၍ နေကြသောကြောင့် ဝင်ခွင့်မရဘဲ အပြင်ဘက်ကသာ မျှော်၍ကြည့်ပြီး ရှောင်ကွင်းထွက်သွားတတ်ကြလေသည်။ ဥရောပတိုင်းရင်းသားတို့သည် အသက် ၇၀၊ ၈၀ ရှိသော်လည်း တေးဆိုခြင်း၊ လေချွန်ခြင်း၊ ကခုန်ခြင်းကို မရပ်ကြချေ။ ကျွန်ုပ်တို့ မြန်မာလူမျိုး စိတ်၌မူကား ထိုအလုပ်မျိုးကို ကလေးဆန်သည်ဟု ဆိုကြလေသည်။ သို့သော် ကျွန်ုပ်၏ ဦးကြီး၊ ဝရီး၊ ဘကြီးများကို ကခုန်ရ၊ လေချွန်ရမည်ဟု မဆိုလို၊ စစ်တုရင်ထိုးခြင်း၊ ကက်ဆွဲခြင်း၊ မြင်းပွဲသို့ ငါးကျပ်စ တစ်ဆယ်စ သွား၍ ရေဖိတ်စပါး လုပ်ခြင်း၊ ဦးရွှေရိုးကြီးတို့ကို တစ်ခါတလေသွား၍ကြည့်ခြင်း၊ အငြိမ့်ပွဲ သွားခြင်း၊ အိမ်၌ တီးမှုတ်သူများကို ပင့်ခေါ်ချီးမြှောက်ခြင်း၊ အာလာပ သလ္လာပ နီးနှောခြင်း၊ ရယ်စရာမောစရာ ပြောခြင်း၊ လှလှပပ ဝတ်ဆင်ပြီး လမ်းလျှောက်ခြင်း၊ (အဘိုးကြီး ပါးရေတွန့်သော်လည်း အဝတ်အစားမှာ အချိုးကျရင် ကြည့်၍ ကောင်းလေသည်၊ လှတစ်မျက်နှာ ယဉ်တစ်ကိုယ်လုံးဟူသောစကားလည်း ရှိလေသည်)။ ဤကဲ့သို့ အပျော်အပါးတို့ကြောင့် အဝီစိငရဲသို့ သွားမည်ဟု မည်သူ ပြောပါသနည်း။ အကယ်၍ ဆရာဖြေ ဝတ်ရွတ်စဉ်၊ မစ္စတာ မောင်မှိုင်း လေးချိုးကြီးများ၊ လယ်တီပဏ္ဍိတ၏ ရှစ်လုံးဘွဲ့ကဗျာ စသည်တို့ကို အလွတ်ရလျှင်လည်း ရွတ်ဆို၍ နေနိုင်လေသည်။ မော်ဘီဆရာသိန်းကြီး၏ အချိုးကလေးများသည်လည်း ရိုးသားသောအသံရှိ၍ နေ့စဉ်ပြောသော စကားလုံးများကို ကဗျာဖြစ်အောင် ရေးစပ်၍ထားသောကြောင့် ဖတ်ဆိုရခြင်း၌ ကွာစေ့ကို စားရသလို အရသာကို ရတတ်လျှင် အတော်ပင်ကောင်းလေသည်။ ၎င်း၏စာများကို အောင်မြန်မာ သတင်းစာ၌ ယခုအခါ များစွာပင် တွေ့ရှိရလေသည်။ ဤကဲ့သို့ ကလေးကလားနေခြင်းသည် နာမည်က ကလေးကလားဖြစ်သော်လည်း စိတ်ကို စင်ကြယ်စေသဖြင့် ဆိုးသောစိတ်ဖိစီးနှိပ်စက်ခြင်းကို မခံရ၊ မိမိ၏စိတ်ကို အစိုးရဖို့ဖြစ်လေရာ အသက်ရှည်ခြင်း၊ ရောဂါကင်းခြင်း၊ မကောင်းမှုမှ လွတ်ကင်းခြင်း ဖြစ်နိုင်လေသည်။ အကြောင်းမူကား နိုင်ငံကို အစိုးရသော တန်ခိုး

mgyee.com

ကြီးသော မင်းတို့သည် မိမိတို့၏စိတ်ကို အစိုးမရကြသောကြောင့် ပျက်စီးခြင်းသို့ ရောက်ဖူးလှသည်ကို ရာဇဝင်များ၌ တွေ့ရလေသည်။

အသင် အိပ်သော အိပ်ရာခန်း၌ ထင်ရှားသော နေရာတစ်ခုတွင် အောက်ပါစာကို ဆွဲချိတ်၍ ထားရမည်ဟု ဒေါက်တာမာဒင် ပြောလေသည်။ ထိုစာမှာ 'ဤအခန်း၌ တွေးကြံခြင်းကို မပြုရ' ဟူသောစာ ဖြစ်လေသည်။

အိပ်ရာ၌ အိပ်သောအခါ တွေးတောခြင်းဟူသမျှကို မလာရအောင် စိတ်၏တံခါးကို ပိတ်ပြီး အကြောအခြင်တို့ကို လျှော့ကာ မျက်လုံးများကို မှိတ်၍နေလျှင် ကလေးသူငယ်များ အိပ်သကဲ့သို့ လွယ်ကူစွာ အိပ်ပျော်၍ သွားလိမ့်မည်။ အကယ်၍ မတွေးဘဲ မနေနိုင်လျှင် အထက်၌ ဖော်ပြခဲ့သော ကောင်းသောအရာတို့ကို တွေးနိုင်လေသည်။ သို့မဟုတ် ကောင်းသောစာကို ဖတ်နိုင်လေသည်။

အိပ်ရာ၌ ဝတ္ထုဖတ်ခြင်းသည် မကောင်းသောအလေ့ ဖြစ်လေသည်။ ဝတ္ထုသည် အိပ်ခြင်းကို ဖျက်ဆီးတတ်သဖြင့် 'ဘုရားပုခက်' ဟု ခေါ်ဆိုအပ်သော တရားစာတို့ကို ဖတ်လျှင် လွယ်ကူစွာ အိပ်ပျော်၍ သွားနိုင်လေသည်။ ညဉ့်အိပ်ရာ၌ ဘုရားတရားကို ဆင်ခြင်ခြင်း၊ ဆုတောင်းမေတ္တာပို့ခြင်းသည်ကား မိမိ၏စိတ်ကို လောကကြီးတစ်ခုလုံးနှင့် မဟာမိတ်ဖွဲ့သကဲ့သို့ ဖြစ်သဖြင့် အလွန်အကျိုးများလေသည်။

ပျို့ရွယ်သူ မိန်းမ ယောကျ်ားတို့သည် အိပ်ရာဝင်ခါနီး၌ ဘုရားရှိခိုးကြရမည်။ အိပ်ရာဝင်သော အချိန်သည် အသေကလေး သေဖို့ရန် ပြင်ဆင်သောအချိန် ဖြစ်၏။ တစ်နေ့လုံး ဘုရားတရားကို သတိမရသော်လည်း ညဉ့်အိပ်ရာဝင်သည့်အခါ သတိရကြဖို့ သင့်လေသည်။ ၂၄ နာရီမှာ ငါးမိနစ်မျှ ရတနာသုံးပါးကို သတိမရသောသူသည် လူကောင်းတစ်ယောက်ဟု ခေါ်ဆိုအပ်ပါမည်လား။

ကျွန်ုပ်တို့ ဗုဒ္ဓဘာသာသည် လွန်စွာလွတ်လပ်သော ဘာသာဖြစ်၏။ အခြားဘာသာများနှင့် မတူ၊ ဘုရားကို တစ်နေ့လျှင် ဘယ်နခါ ရှိခိုးရမည်ဟု ပညတ်ခြင်း မရှိချေ။ သို့သော်လည်း ငါ လူကောင်းကပဲဟု ပြောရုံနှင့် မပြီး၊ လူကောင်း၏ လက္ခဏာဖြစ်သော အလုပ်ကိုလည်း လုပ်မှ လူကောင်း ပီသနိုင်လေသည်။ အစိုးမဖြတ်နိုင်သော ရတနာတို့ဖြင့် ကျွန်ုပ်တို့ကို မွမ်းမံကာ ဝဋ်မှ လွတ်ရာလွတ်ကြောင်း နည်းလမ်းကောင်းတို့ကို ညွှန်ပြသော ဘုရား၊ တရား၊ သံဃာကို တစ်နေ့လျှင် အိပ်ရာမဝင်မီ ငါးမိနစ် ဆယ်မိနစ်မျှ သတိမရ၊ ကျေးဇူးမတင်လျှင် လူကောင်းတစ်ယောက်ဖြစ်ဖို့ရန် ခက်လေသည်။

အိပ်ရာဝင်သောအခါ စိတ်လက်ကောင်းစွာထားတတ်သော သူသည် နံနက်အိပ်ရာမှ ထသောအခါ စိတ်လက်ကြည်လင်ပေါ့ပါးပြီး အလုပ်အကိုင် လုပ်ကိုင်ရန်အတွက် စိတ်ဉာဏ်ထက်သန်နိုင်သဖြင့် 'အအိပ်ကောင်းက အနိုးကောင်းသည်' ဟု ယုံကြည်အပ်လေသည်။ ဤကဲ့သို့ စိတ်

mgyoe.com

mgyoe.com

ကို ကောင်းစွာထား၍ အိပ်လေ့ရှိသောသူသည် မအိုလွယ်ဘဲ ရှည်မြင့်စွာ ပျိုလျက် ရောဂါကင်း၍ ကျန်းမာခြင်းကို အမြဲဖြစ်စေနိုင်လေသည့်ပြင် သာလွန်အရေးကြီးသော အချက်တစ်ခုမှာ စိတ်သဘောကို တိုးတက်ကောင်းမွန် မြင့်မြတ်အောင် ပြုပြင်နိုင်သောသတ္တိ ဖြစ်လေသည်။ ဤကဲ့သို့ တစ်လလောက် သတိထား၍ လေ့ကျင့်ပြီးသောအခါ ကိုယ်ရောစိတ်ရော ကြီးစွာသော ပြောင်းလဲခြင်း ဖြစ်ပြီး လူဟောင်းပျောက်ကာ လူသစ်တစ်ယောက် ဖြစ်၍လာသည်ကို တွေ့ရှိရလိမ့်မည်။ ညဉ့်အိပ်ရာဝင်သည့်အခါတိုင်း နေ့၌ မှားယွင်းခဲ့သမျှတွေကို ပြုပြင်ရန် အကြံနှင့် မကောင်းသမျှ အမှောင်စိတ်တို့ကို ပယ်ဖျောက်လေ့ရှိသောသူ၊ မနာလိုမုန်းထားခြင်းတွေကို ကင်းအောင် ညတိုင်း ကြိုးစားသူ၊ စိတ်လက် ပူပန်ငြိုငြင်ခြင်းကို ည၌ ဖျောက်ဖျက်လေ့ရှိသူ၊ ငါသည် ရေးကနှင့် မတူ၊ လူသစ် လူကောင်း၊ စိတ်အားထက်သန်သူ၊ ကြီးမြင့်သူတစ်ယောက်ပေတကားဟူ၍ စိတ်၌ ယုံကြည်ခြင်းကို အမြဲထားသူ၊ ဆင်းရဲမှာကို ကြောက်သောစိတ် ပေါ်လာတိုင်း ဖျောက်ဖျက်ကာ ငါဘာပြုလို့ ဆင်းရဲရမှာတုံး၊ ငါ ဘယ်တော့မှ ဆင်းရဲမယ့်လူ မဟုတ်၊ ဆင်းရဲအောက်ကျသောအဖြစ်မျိုးနဲ့ တွေ့ရဖို့ ငါ လူဖြစ်၍လာသူ မဟုတ်ဟု စိတ်ချ၍ အိပ်သူ၊ ငါ၌ ရန်သူမရှိ မုန်းသူမရှိဟု အမြဲအားကိုးသူ၊ ငါ၏ဘဝသည် ပျော်စရာကောင်းသော ဘဝပေတကား၊ ငါ၏လမ်း၌ ဆင်းရဲငြိုငြင် ပူပင်စရာမရှိ၊ ရှင်းလင်းချောမောသော လမ်းပေတကားဟု အားထားယုံကြည်သောစိတ်နှင့် အိပ်လေ့ရှိသူ၊ မကောင်းတဲ့ အနိဋ္ဌာရုံတို့ကို မတွေး၊ ဝင်းထိန်တောက်ပ ပြည့်စုံပြည် ကျက်သရေတို့နှင့် ရွှန်းရွှန်း ဝေသော မိမိ၏အခြေအနေတို့ကို စိတ်၌ဖန်ဆင်း၍ ထင်အောင် မြင်အောင်ကြည့်လျက် အိပ်လေ့ရှိသူ၊ ငါသည် ချမ်းသာခြင်းဖြစ်၏။ ငါသည် အောင်မြင်ခြင်းဖြစ်၏။ ဤလောကကြီးသည် ငါ၏ စည်းစိမ်ဥစ္စာ ဖြစ်၏ဟု လက်ာဆရာကြီး ရိုးလ်စမစ်ကဲ့သို့ ပြောဆိုစိတ်ချသူ၊ လူဟူသမျှကို ချစ်ခင်သောစိတ်နှင့် အိပ်သူသည် မိမိ၌ တန်ခိုးကျက်သရေတို့နှင့် ပြည့်စုံ၍လာပြီးလျှင် ကိုယ်ကျင့်တရားပါ တိုးတက်ကောင်းမွန်၍ လာမည်ကား စိတ်ဖန်ဆင်းရာဖြစ်သော လောကဓာတ်၏ သဘောတရား ဖြစ်လေသည်။ အကြောင်းမူကား လူသည် ဆူဖြိုးကြွယ်ဝ၊ ကြီးကျယ်ခမ်းနားလှသော လောကကြီး၏ အစိတ်အပိုင်းပင် ဖြစ်လေသည်။ ဤတရားသည် လောကုတ္တရာတရား မဟုတ်၊ ဤလောက၌ ကြီးမြင့်လိုသူတို့အတွက် ဖြစ်သော၊ လောကီ လောကဓာတ် အစီအမံဖြစ်လေသည်။

ကျွန်ုပ်တို့၏ အတွင်းသန္တာန်၌ အလွန်ကြီးသော တန်ခိုးသတ္တိတစ်ခု ရှိသည်ကို လောကဓာတ်ပညာဖြင့် ယခုအခါ သိစကလေးမျှ ရှိသေး၏။ နေ့၏လှုပ်ရှားခြင်းတို့မှ ကင်းငြိမ်း၍ ငြိမ်သက်လျက်ရှိသော အိပ်ပျော်ရာ၌ ထိုတန်ခိုးသတ္တိသည် နိုး၍နေသဖြင့် မကောင်းသောစိတ်တွေနှင့် နှီးလျှင် မကောင်းဘက်၌ တန်ခိုးကြီး၍လာ၏။ ကောင်းသောအကြံတို့နှင့် နှီးလျှင် အကောင်းဘက်မှာ တန်ခိုးကြီး၏။ သို့ဖြစ်၍ ဤကောင်းသောစိတ်အကြံ နှီးဆေးတို့ကို ဦးနှောက်၌ မည်သူမဆို ထိုးနှံ၍ထားအပ်လေသည်။ အိပ်ပျော်ရာ၌ ထိုစိတ်၏ တန်ခိုးသတ္တိကြီးခြင်းအကြောင်းကို လူမမာတို့အား အိပ်မွေ့ချပြီး စိတ်ကိုစေနိုင်း၍ ကုသောနည်းဖြင့် သိသာလေသည်။ အချို့သောလူတို့သည်

mgyoe.com

နေ့အချိန်၌ ကြံ၍မရသော ပုစ္ဆာများကို စိတ်၌ကြံရင်း အိပ်ပျော်သွားရာ အိပ်ရာမှ မနိုးဘဲ ထပြီး ထို ပုစ္ဆာကို မှောင်ထဲ၌တွက်ရာ နေ့အခါမှာ ရောက်အောင်မတက်နိုင်သော မြင့်သောအထွတ်အဖျား၊ ကြောက်မက်ဖွယ်ကောင်းသော နေရာများကို ရောက်အောင် တက်နိုင်ကြလေသည်။

အခက်အခဲတစ်ခုခုကို ကြံ၍မရသည့်အခါ 'ဒီအခက်အခဲအပေါ်မှာ' ငါ အိပ်လိုက်ချင်ပါဘိ တော့တယ်' ဟု အင်္ဂလိပ်များ ပြောကြလေသည်။ ထိုစကား၌ စိတ်ပညာနှင့် ဆိုင်သော အနက် အဓိပ္ပာယ် ပါရှိလေသည်။ အိပ်ပျော်သည့်အခါ၌ စိတ်ထဲတွင် အခက်အခဲတို့ကို ရှင်းလင်းစေနိုင် သော သတ္တိတစ်ခု နိုးကြား၍နေလေသည်။ ထိုသတ္တိသည် Subconscious mind ဟု ခေါ်သော အတွင်းစိတ်မှ ထွက်ပေါ်လာလေသည်။ ထိုစိတ်ကို စိတ်ပညာဆရာတို့သည် ကိုယ်စောင့်နတ်နှင့် တူသည်ဟု ပြောကြလေသည်။ ထိုစိတ်၏ သတ္တိကို ယခုအခါ လောကဓာတ်ပညာဖြင့် အနည်း ငယ်မျှသာ သိကြသေး၏။ နောင် ယခုထက် တိုးတက်၍ သိကြရသောအခါ လူသည် ယခုထက် မြောက်မြားစွာ ပိုမိုတန်ခိုးကြီးသော သတ္တဝါတစ်မျိုးဖြစ်ဖို့ရှိလေသည်။

အခါများစွာ လွန်ခဲ့သောနေ့၌ အကြံပြုခဲ့သော အရာတစ်ခုခုသည် နောက်တစ်နေ့ အိပ်ရာမှ နိုးသည့်အခါ နေရာမကျကြောင်း သိရလျက် မနေ့က ငါဒီလိုလုပ်လိုက်မိရင် အမှားပဲဟု ပြန်၍ သတိရတတ်လေသည်။ ဤကဲ့သို့ သတိရခြင်းသည် ငြိမ်သက်စွာပျော်သော အိပ်ခြင်း၏ကျေးဇူး ဖြစ်လေသည်။ သို့ဖြစ်၍ အကြံတစ်ခုခုကို ပြုမိသည့်အခါ တစ်ည နှစ်ည ကောင်းစွာအိပ်၍ စဉ်းစား သင့်ကြလေသည်။ လောကဓာတ်ဆရာ၊ နက္ခတ်ဆရာကြီးများသည် အခါများစွာ ခက်ခဲသောပုစ္ဆာ များကို နောက်တစ်နေ့ လွယ်လွယ်ကလေးနှင့် ကြံ၍ရတတ်ကြလေ၏။ ယနေ့ကျက်၍ကောင်းစွာ မရသေးသောစာကို ညဉ့်၌ ကောင်းစွာအိပ်ပြီး နက်ဖြန်ခါ ထပ်၍ဆိုကြည့်လျှင် လွယ်ကူစွာ ရ တတ်လေသည်။

ကိုယ်ကျင့်တရားကိုလည်း ထိုနည်းဖြင့် ပြုပြင်နိုင်၏။ ပျင်းရိလေ့ရှိသော သူသည် အိပ်ရာဝင် သည့်အခါ ငါ နက်ဖြန်ခါကျရင် ယနေ့လို မပျင်းတော့ဘူး၊ အပျင်းကို ငါနိုင်အောင် လုပ်တော့မယ်၊ ငါ့အပျင်းကို နိုင်တယ်ဟု စိတ်ကိုဆောင်လျက် အိပ်ချေက နောက်တစ်နေ့၌ အပျင်းကို ထူးခြားစွာ နိုင်နင်းနိုင်လေသည်။ ထို့အတူ အခြားသောဒုစရိုက်တို့ကို တဖြည်းဖြည်း နည်းပါးအောင် လုပ်နိုင် လေသည်။

ဒေါသကြီးခြင်း၊ မနာလိုတတ်ခြင်း၊ အပျော်အပါးတစ်ခုခု၌ လွန်ကြူးခြင်းတို့ကို ထိုနည်းဖြင့် နိုင်၏။ အကယ်၍ အပျော်အပါးကြီးသူသည် အိပ်ရာဝင်သည့်အခါ စိတ်လွှင့်တိုင်း လိုက်ပါပြီး အပျော်တွေကို စိတ်ကူးလျက် ညနေက သိမ်ကြီးဈေးအပြန်မှာ ငါမြင်ခဲ့ရတဲ့ ဆံထုံးကြီးမကလေး ရွှေခြေချင်းကလေး ဝင်းခနဲ ဝင်းခနဲ၊ ခြေသလုံးကလေးက လင်းခနဲ လင်းခနဲ၊ ခြေဖနောင့်သား ကလေးက နီခနဲ ရဲခနဲ စသည့် ရုပ်ရုံအဆီအခဲတို့ကို တပ်မက်စွဲလမ်းကာ အိပ်ပျော်၍ သွားချေက ထိုစိတ်သည် တစ်ညဉ့်လုံး ပါရမီဖြည့်လိုက်သလို နက်ဖြန်ခါ ဆတက်ထမ်းပိုး တက်တိုးပြီး ဈေးပြန်

mgyoe.com

mgyoe.com

ပိုးချိန်အခါကို လျင်မြန်စွာ ရောက်ပါစေကြောင်း တစ်နေ့လုံးဆုတောင်းကာ ကောင်းကောင်းမှ အလုပ်ကို မလုပ်နိုင်ဘဲ နေတတ်လေသည်။

သို့အိပ်ရာ၌ တွေးကြံသည့်အခါ အိပ်ပျော်၍ မေ့တစ်ချက် လျော့တစ်ချက်ဖြစ်ကာ အတွေးသည် တကယ်လိုဖြစ်၍လာအောင် တွေးရလေသည်။

ဤနည်းဖြင့် ပျို့မျှစ်နနယ်ခြင်း၊ အားခွန်ပြည့်ဝခြင်း၊ သန်စွမ်းကျန်းမာခြင်းကို ရုပ်ပုံနှင့် ထင်ပေါ်အောင် အမြဲတွေးချေက ကြာမြင့်စွာ အရွယ်တင်လျက် ရောဂါဥပဒ်ကင်းပြီးလျှင် အသက်ရှည်ရှည် နေနိုင်လေသည်။ လူတို့မှာ အသက်တမ်းအတိုင်း နေပိုင်၏။ အသက်တမ်းမရောက်ဘဲ သေခြင်းသည် သေနေ့စေ့သောကြောင့် သေခြင်းမဟုတ်၊ နာဖျား၍သေခြင်းဟု လောကဓာတ်ဆရာကြီးများ အယူရှိကြလေသည်။ နာဖျားခြင်းကို အနည်းနည်းနှင့် ကွယ်ကာနိုင်လျှင် အသက်ရှည်ပိုင်သည်ဟု ယုံကြည်ကြလေသည်။

စစ်ပွဲသို့သွား၍ သေကြသူတို့အား အားလုံး သေနေ့စေ့သူများ မဟုတ်ကြချေ။ နေ့သည် စုနစ်နေ့သာ ရှိ၏။ လူတို့သည်ကား မရေမတွက်နိုင်ကြချေ။ ထိုလူတို့သည်လည်း စုနစ်နေ့သားများသာ ဖြစ်ကြလေရာ မရေမတွက်နိုင်သော လူတို့မှာ သေနေ့နှင့် မွေးနေ့သည် ကြုံကြိုက် တိုက်ဆိုင်၍ နေကြရလေသည်။ အကြောင်းမူကား မည်သူမျှ ဤနေ့ရက်အပြင်ဘက်ကို ထွက်၍မသေနိုင်ကြချေ။ သို့ဖြစ်၍ မွေးနေ့မှာ သေခြင်းကိုလည်း သေနေ့ဟု မဆိုအပ်ချေ။

သို့သော်လည်း လောက၌ မိမိအသက်ကို ဉာဏ်နှင့်စောင့်ရှောက်ဖို့ရန် လူတိုင်းမှာ အခွင့်မရ။ လူတိုင်းမှာ ဉာဏ်မမီ၊ လူတိုင်းမှာလည်း မယုံကြည်၊ လူတိုင်းလည်း ဂရုမထား၊ အသက်တိုဖို့ရန် အနေအစား၊ အပျော်အပါး၊ အလုပ်အကိုင်တွေကို လိုက်စားသူတွေ များကြသောကြောင့် အသက်တမ်းသို့ မရောက်ဘဲ အတုံးအရုံးသေကြသည်ကို နေ့စဉ်ပင် မြင်၍နေကြသဖြင့် အသက်တမ်းကို ရောက်အောင်နေဖို့ရန် ကြိုးစားပေမယ့် ဖြစ်မှာမဟုတ်ပါဘူးလေ၊ သေနေ့စေ့ရင် သေမှာပါပဲဟု တွေးတတ်ကြလေသည်။ အသက်တမ်းမရောက်ဘဲ သေသူတွေ လွန်စွာများသည်ကို ထောက်လိုက်သောအခါ ထိုကဲ့သို့ တွေးတောမယ်ဆိုလျှင် တွေးတောစရာကြီး ဖြစ်၍နေလေသည်။ စင်စစ်မှာသော်ကား အသက်တမ်းသို့ရောက်အောင် မနေရသူတွေ များ၍ ရောက်အောင်နေရသူတွေ နည်းပါးခြင်းမှာ အခြားကြောင့်မဟုတ်၊ အသက်တမ်းရောက်အောင် နေရနိုင်ဖို့ အသိဉာဏ် ရှိသူ လွန်စွာနည်းသောကြောင့် ဖြစ်လေသည်။ သို့လွန်စွာနည်းသည့်အပြင် ဤ အသိဉာဏ်ရှိသူ အနည်းငယ်မျှအနက် အသိဉာဏ်ရှိသည့်အတိုင်း ကျင့်နိုင်သည့်အခြေအနေရှိသူ လွန်စွာ နည်းပြန်၏။ သို့လွန်စွာနည်းသူတို့အနက်လည်း အသိဉာဏ်ရှိသည့်အတိုင်း ကျင့်ချင်သူ လွန်စွာ နည်း၏။ သို့ကျင့်ချင်သူတို့အထဲ၌လည်း မိမိ၏ စိတ်အလိုကို မပြင်းဆန်နိုင်သဖြင့် သိသည့်အတိုင်း ကျင့်နိုင်သူ လွန်စွာနည်းကြလေသည်။

ထိုနည်းအားဖြင့် တွက်၍ကြည့်လိုက်သောအခါ အသက်တမ်းသို့ ရောက်အောင်နေဖို့ လူ

mgyoe.com

mgyoe.com

အရေအတွက်မှာ တစ်ထောင်မှ တစ်ယောက်လောက်မျှ မရှိသကဲ့သို့ ဖြစ်၍နေလေသည်။ သို့ဖြစ်လေသောအခါ စောစောသေသူတို့ကို ခဏခဏမြင်ကြရသဖြင့် သေနေ့စေ့လို့ သေကြတာပါပဲဟု စွဲမိတတ်ကြလေသည်။ သို့စွဲမိသောအခါ ဉာဏ်ဝီရိယကို လုံးလုံးလျှော့ပြီး ကံပါပဲလေဟု စိတ်ကိုစွဲကာ အသက်ရှည်ဖို့ကို အထူးဂရုမပြုဘဲ နေကြလေသည်။ ထိုကဲ့သို့နေသောအခါ လူ တစ်ထောင်မှာ အသက်တမ်းရောက်မည့်သူ တစ်ယောက်မဆိုချေနှင့် တစ်ပိုင်းလောက်မျှ မကျန်တော့ချေ။ အကယ်၍ သေနေ့ကို ယုံရမည်ဆိုလျှင် စောစောရောက်တဲ့ သေနေ့တွေက အဆမတန် ပိုမို၍များအားကြီးလှပေသည်တကား။ အသက်တမ်းရောက်မှ ဆိုက်လာမယ့် သေနေ့တွေက ဘာပြုလို့ ဤမျှလောက် အဆမတန် နည်းပါးရပါသတုံးဟု တွေးတောရန် မသင့်ပါလော။

ကျွန်ုပ်တို့ မြန်မာပြည်နှင့် အိန္ဒိယတိုင်း၌ ဆင်းရဲသောကလေး အသေအပျောက်သည် ဥရောပတိုင်းမှာထက် ပိုမိုများပြားသည်ဟု သိရလေသည်။ ဤတိုင်းပြည်၌ သေနေ့လွန်စွာ စောသောသူတို့သည် အဘယ်အတွက် ဤမျှလောက် များပါသနည်း။ 'ဘုရားချစ်သောသူတို့သည် စောစောသေသည်' ဟု အင်္ဂလိပ်စကားရှိ၏။ ဤတိုင်းပြည်များ၌ ဘုရားချစ်သောသူတွေ များအားကြီးလို့ပေလား။ ထာဝရဘုရားသည်ကား ဆင်းရဲသားတို့ကို ချစ်သည်ဟု အယူရှိကြလေသည်။ သို့သော်လည်း ဤတိုင်းပြည်သည် ဗုဒ္ဓဘာသာတိုင်းပြည် ဖြစ်လေသည်။

သို့သေနေ့ကို ယုံကြည်ခြင်းသည် တစ်နည်းအားဖြင့် ကောင်း၏။ အဘယ်ကြောင့်ဆိုသော် ချစ်လှသော သားငယ် သမီးငယ်တို့ သေသည့်အခါ မိဘများ၏ မှားယွင်းလစ်ဟင်း ပေါ့လျော့ခြင်းထင်ရှားခဲ့လျှင် တွေးလေတွေးလေ ဆွေးပွေမှာစိုးသဖြင့် 'သူသေဖို့ ဖြစ်လာတာပါ၊ စကတည်းကရောဂါဟာ ကျမှ မကျဘဲကလား၊ အိပ်မက်က ဘယ်လိုပဲ မက်တာကပဲ' စသည်ဖြင့် စိတ်ကို ဖြေဖျောက်နိုင်လေသည်။ အိပ်မက်ဆန်းတွေကို မက်ပြီး တစ်စုံတစ်ရာမှ မဖြစ်သည့်အခါ ၎င်းအိပ်မက်ကို မတွေးမိချေ။ တစ်ခုခုဖြစ်သောအခါ အိပ်မက်တွေ ပေါ်၍ပေါ်၍ လာလေသည်။ ထိထိုးပြီး အိပ်မက်ကို သတိထားလျှင် လွန်စွာကောင်းသော အိပ်မက်တွေကို ခဏခဏမက်နိုင်လေသည်။ သို့သော်လည်း အိပ်မက်အကြောင်းနှင့် ပတ်သက်၍ စိတ်ပညာအခန်းမှာ ကျယ်ဝန်းလှသဖြင့် ရေးဖို့ရန် နေရာမရသောကြောင့် ဤမျှသာ ရေးလိုက်ရလေသည်။

စိတ်အားငယ်တတ်သူ၊ စိတ်ညစ်တတ်သူတို့သည် အိပ်ရာဝင်သောအခါ ၎င်းစိတ်တို့၏ အကျိုးမဲ့ခြင်းအကြောင်းကို ဆင်ခြင်ရာ၏။ စိတ်လက်အေးချမ်းပျော်ရွှင်စရာတို့ကို တွေးရာ၏။ ကြီးပွားချမ်းသာလိုသူတို့သည် ပြည့်ဝစိုပြည်ဝပြောသာယာခြင်း၏အခြေအနေတို့ကို ထင်မြင်ကာ ထိုအခြေအနေတို့သည် ငါ၏အခြေအနေတွေဟူ၍ စိတ်ချလက်ချ ယုံကြည်သောစိတ်နှင့် အိပ်ပျော်၍ သွားရာ၏။ မကောင်းသော အလေ့အကျင့်တို့ကို ပျက်စေလိုလျှင် ထိုအလေ့အကျင့်တို့၏ အကျိုးမဲ့ခြင်းကို ဆင်ခြင်ပြီး ၎င်းတို့နှင့် ဗီလာဖြစ်သော မြတ်သောအကျင့်၊ ကောင်းသော အခြေအနေတို့ကို ထင်မြင်တွေးကြံရင်း အိပ်ကြရလေသည်။

mgyoe.com

mgyoe.com

ကလေးများကိုလည်း ထိုနည်းမျိုးဖြင့် သွန်သင်ဆုံးမနိုင်လေသည်။ စိတ်ကို ကုသခြင်း၌ တန်ခိုးကြီးသော စိတ်ဓာတ်သည် ကျွန်ုပ်တို့ နိုးကြားသည့်အခါ ထင်ရှားစွာ မပေါ်လာချေ။ တွေးခေါ်ကြံစည်ခြင်းကို ပြု၍ နိုးကြားသောစိတ်သည် အိပ်ပျော်ရပ်နား၍ နေသောအခါများ၌ အိပ်မက်နှင့်ဆိုင်သော အတွင်းစိတ်သည် နိုး၍လာ၏။ ၎င်းစိတ်သည် လွန်စွာတန်ခိုးကြီးသောစိတ် ဖြစ်လေသည်။ အမျိုးမျိုး ဖန်ဆင်း၍ ပြနိုင်လေသည်။ ညဥ့်အခါ၌ အထက်ဖော်ပြသော အံ့ဖွယ်သော ပြောင်းလဲခြင်းတို့ကို ပြုသောစိတ်သည် ထိုစိတ်ပင် ဖြစ်လေသည်။ ၎င်းစိတ်ကို ကျကျနန အသုံးချစေနိုင်းနိုင်လျှင် လူသည် အလွန်တရာ တန်ခိုးကြီးသော သတ္တဝါတစ်မျိုး ဖြစ်နိုင်လေသည်။

ကလေးတို့၌ ထိုစိတ်သည် လွန်စွာထက်သန်၏။ လိမ္မာသောမိခင်သည် ကလေးနှင့် အတူအိပ်သည့်အခါ ဒေါသကြီးခြင်း၊ ပျင်းရိခြင်း၊ ဆဲဆိုခြင်း၊ လိမ်လည်ပြောတတ်ခြင်း၊ တစ္ဆေသရဲကိုကြောက်ရွံ့ခြင်း၊ စာကို ကြိုးစား၍မသင်ခြင်း၊ ခိုးဝှက်ခြင်း၊ ရိုက်ပုတ်သတ်ဖြတ်တတ်ခြင်း စသည့်စိတ်တို့ကို ပပျောက်စေရန် ကလေးအိပ်ပျော်၍သွားသည့်အခါတိုင်အောင် ပြော၍ပြလျှင် ကလေး၏ စိတ်၌ သိသိသာသာ ပြောင်းလဲခြင်းဖြစ်နိုင်လေသည်။ သို့သော်လည်း ပြောနည်းကို သတိပြုအပ်လေသည်။ 'လိမ်တာ မကောင်းဘူး၊ ခိုးတာ မကောင်းဘူး၊ ငရဲကျတတ်တယ်' စသည်ဖြင့် ပြောပြခြင်းသည် အကျိုးမရှိချေ။ ဘုရားရှိခိုးလျှင် နတ်ပြည်ရောက်မည်ဟု ပြော၍မပြအပ်။ မကောင်းသောအရာကို ပြုလုပ်၍ ဘေးဒုက္ခသင့်ခြင်း၊ ကောင်းသောအမှုကို ပြုသဖြင့် ချမ်းသာခြင်း၊ ဆုလာဘ်ရခြင်း စသည့်အကြောင်းတို့ကို ကလေးများ နားလည်အောင် ပုံကလေးများလုပ်၍ ပြောအပ်လေသည်။ ထိုပုံတို့ကို အိပ်ပျော်၍သွားသောအခါ ကလေး၏အိပ်မက်သောစိတ်သည် မိမိ၏ကြီးမားသော သတ္တိတန်ခိုးဖြင့် ကလေး၏ဦးနှောက်ကို တံဆိပ်ခတ်နှိပ်လိမ့်မည်။

သားသမီးကို ကြီးပွားစေလိုသောသူတို့သည် အဆိုပါနည်းမျိုးဖြင့် အမြဲကြိုးစားပြုပြင်ကုသသင့်ကြလေသည်။ ကြီးပွားရေးအတွက် အထူးအရေးကြီးသောအချက်မှာ ကလေး၏စိတ်၌ကြွယ်ဝချမ်းသာ ကြီးကျယ်ခမ်းနားခြင်း၏ သဏ္ဍာန်တွေကို မြင်၍နေစိမ့်သောငှာ လိမ္မာသဖြင့်သူဌေးကြီးဖြစ်သွားသောပုံ၊ အစွမ်းကောင်းသဖြင့် မင်းသမီးကလေးကို ရသွားသောပုံ၊ ပညာတတ်သဖြင့် သူဌေးကြီးက ငွေတွေပေးပြီး သမီးကိုပေးသောပုံ၊ အိမ်ကြီး တိုက်ကြီး နန်းတော်ကြီးများနှင့် ဝင်းဝင်းထိန်ထိန်နေရသောပုံ စသည်တို့ကို ပြော၍ ပေးရလေသည်။ ထိုကဲ့သို့ ပြောပြခြင်းဖြင့် ကလေးတို့၏စိတ်သည် အထက်သို့ရောက်လျက် သိမ်သိမ်ငယ်ငယ် အောက်ကျနောက်ကျ အကြံတို့ကို ကြီးသည့်တိုင်အောင် ဘယ်အခါမျှ မကြံဘဲ လူမွဲ၏သားသမီးပင် ဖြစ်စေကာမူအထက်တန်း အမြင့်ဆုံးသောအခြေအနေကို မှန်း၍လာလိမ့်မည်။ လူတို့သည် မိမိတို့၏ အဆင့်အတန်းကို မိမိတို့ကိုယ်တိုင် သတ်မှတ်ကြ၏။ ငါအောက်တန်းစားပဲဟု မှတ်ထင်သူ ၁၀၀ အနက်၉၀ မှာ အောက်တန်း၌နေရင်း ငါအလယ်အလတ်လူစားပဲဟု မှတ်ထင်သူ ၁၀၀ အနက် ၉၀ မှာအလယ်အလတ်တွင် နေရလေသည်။

mgyoe.com

 mgyoe.com 

သို့ဖြစ်၍ အိပ်ရာဝင်သည့်အခါ ပျော်၍သွားသောစိတ်၌ စိတ်ပျက်ခြင်း၊ စိတ်ဆိုးခြင်း၊ အားငယ်ခြင်း၊ မွဲခြင်း၊ မုန်းထားမနာလိုခြင်း၊ ဆုံးရှုံးပျက်စီးခြင်း စသည့် စိတ်တို့၏အရိပ်အရောင်တွေ မရှိစေရဘဲ လင်းသောအရောင်၊ ကြည်သောအရောင်၊ အားတက်ခြင်း၊ ရဲရင့်ကျန်းမာ သာယာဝပြောခြင်း၊ စိတ်ကောင်းသဘော ရှိခြင်း၊ ချစ်ခင်ခြင်း၊ မျှော်လင့်ခြင်း၊ ပျော်ရွှင်ချမ်းမြေ့ခြင်း၏ အရောင်တို့ဖြင့် အမှောင်ကို ဖျောက်ကြစေသတည်း။

[ဒဂုန်မဂ္ဂဇင်း၊ အမှတ် (၇၄)၊ အတွဲ (၇)၊ စာ ၂၁၅ မှ ၂၃၀၊ ၁၉၂၆ အောက်တိုဘာ]

၀

mgyoe.com

mgyoe.com

## ဝတ္ထုရေးဆရာများ

မြန်မာဝတ္ထုရေးဆရာများကို အင်္ဂလိပ်ဝတ္ထုရေးဆရာများနှင့် နှိုင်းယှဉ်ကာ အပြစ်ဆိုခြင်းသည် လွန်စွာ မှားလေသည်။ အင်္ဂလိပ်လူမျိုးတို့မှာ အပင်ပန်းခံ၍ ရေးသလောက် အကျိုးခံစားရ၏။ မြန်မာဝတ္ထုရေးဆရာများမှာ မရပ်မနား တစ်အုပ်ပြီးတစ်အုပ် ဖယောင်းတိုင်တစ်ထုပ်လျှင် တစ်အုပ်ကျ ရေးနိုင်သူများသော်မှ ထမင်းမဝကြပေ။ အင်္ဂလိပ်ဝတ္ထုရေးဆရာအချို့မှာ စာတစ်အုပ်ကို လေးငါးနှစ် ရေးကြလေသည်။ ရေးသလောက်လည်း အကျိုးထူး ခံစားကြရလေသည်။

သို့ဖြစ်လေရာ မြန်မာဝတ္ထုရေးဆရာများမှာ ဝတ္ထုကောင်းထုတ်ဖို့ရန် လွန်စွာ ခဲယဉ်းလေသည်။ အင်္ဂလိပ်ဝတ္ထုကောင်းများကို ရရှိသည့်အခါမှသာ တစ်မျိုးတစ်မည် ဘာသာပြန်ဆိုသဖြင့် ဝတ္ထုကောင်းများကို ဖြစ်ပေါ်စေနိုင်ကြလေသည်။ မိမိကိုယ်တိုင် ခဲခဲယဉ်းယဉ်း အချိန်ကုန်ခံ၍ ကြံစည် ရေးသားရမည့်အစား အင်္ဂလိပ်ဝတ္ထုကောင်းများကို အသင့်ရရှိသည့်အခါ ပြန်ဆိုရေးသားခြင်းပင်လျှင် စာရေးဆရာမြောက်ခြင်းပင် ဖြစ်လေသည်။

အကြောင်းမူကား အနောက်တိုင်း စိတ်နေသဘောထားပုံ၊ အနောက်တိုင်း အလေ့အကျင့် အစဉ်အလာ အသုံးအနှုန်းများကို မြန်မာပီပီဖြစ်အောင် ရေးသားရခြင်းသည် လွယ်ကူသော အလုပ် မဟုတ်ပေ။ အချို့ကလည်း ကိုယ်ပိုင်ဉာဏ်မရှိသော သူများသာလျှင် ဘာသာပြန်ဝတ္ထုများကို ရေးသည်ဟု ပြောကြလေသည်။

ကျွန်ုပ်တို့၏ ကိုယ်ပိုင်ဉာဏ်သည် အနောက်တိုင်း ရေးပညာရှိများ၏ ကိုယ်ပိုင်ဉာဏ်ထက် ထူးကဲသာလွန်နိုင်ကြသည် မဟုတ်ပေ။ သို့ဖြစ်လေရာ ထိုထူးခြားကောင်းမွန်သော အနောက်တိုင်း ဝတ္ထုကြီးများကို ဘာသာပြန်ဆိုခြင်းဖြင့် တိုင်းပြည်အား အသုံးတော်ခံခြင်းသည် ကိုယ်ပိုင်ဉာဏ်ကို ပြလိုသော မာန်မာနကလေးမျိုးထက် ပိုမို၍ အရာရောက်သည် မဟုတ်ပါလော။ ထိုကဲ့

mgyoe.com

mgyoe.com

သို့သော စာအုပ်ကောင်းများကို ဘာသာပြန်ဆိုသူများသည် ယခုအခါ လွန်စွာပင် နည်းပါးသေးသည်ဟု ဆိုရပေမည်။

ရှိတ်စပီးယား ပညာရှိကြီးသော်မှ အခါခပ်သိမ်း ကိုယ်ပိုင်ဉာဏ်ကို အသုံးမပြုခဲ့ပေ။ တစ်ကြောင်းမှာလည်း အင်္ဂလိပ်စာတတ်သော မြန်မာလူမျိုးတို့၏စိတ်၌ အင်္ဂလိပ်ဆိုလျှင် အကောင်းချည်း မှတ်ထင်ကြလေသည်။ ထိုကဲ့သို့ မဟုတ်ပေ၊ H.G. Well ၏ Undyin Fire ခေါ် ဝတ္ထုမျိုးကို မြန်မာဘာသာ ပြန်ဆိုချေက သည်လူ ဘာတွေကို ရေးပါလိမ့်မလဲဟု ပြောကြပေလိမ့်မည်။ ဘားနဒ်ရှော၏ ဇာတ်လမ်းများကို မြန်မာဘာသာပြန်ဆိုချေက ဘယ်အတွက် ဤလိုဇာတ်မျိုးကို ရေးပါသလဲဟု ပြောကြပေလိမ့်မည်။

ကျွန်ုပ်သည် ဝတ္ထုတိုပေါင်းမြောက်မြားစွာ ရေးခဲ့၏။ ထိုဝတ္ထုများအနက် အများဆုံးသော ကိုယ်ပိုင်ဝတ္ထုတိုများသည် အင်္ဂလိပ်လက်ဖြင့် ရေးချေက ကောင်းလိုက်တာဟု ပြောကြပေလိမ့်မည်။ She was a Queen 'စောဒေဝီ' ခေါ် ဝတ္ထုလည်းမကျ ရာဇဝင်လည်း မဟုတ်သော စာအုပ်မှာအင်္ဂလိပ်ရေးသောကြောင့် သိပ်ကောင်းတာပဲဟု ပြောကြ၏။ မြန်မာရေးလျှင် ဤကဲ့သို့အပြောခံရမည် မဟုတ်ပေ။ Voltaire ၏ ပုံတိုကဲလေးများကို မြန်မာပြန်ချေက ဆားပေါ့၍ နေလိမ့်မည်။

Sir Hallcain ရေးသော ဝတ္ထုများမှာလည်း အလွန်တရာ ဖတ်၍ကောင်းလေသည်။ သို့သော်လည်း အစမှအဆုံးသို့တိုင်အောင် သူ့အတိုင်း ပြန်ဆိုရေးသားချေက မြန်မာများသဘောနှင့် တွေ့ကြမည် မဟုတ်ပေ။

အလိတ်ဇန်ဒါဂျူးမတ်စ်သည် အလွန်အကြူး အထူးကောင်းသော ဝတ္ထုရေးဆရာဟု ဆိုရပေမည်။ ၎င်း၏စာအုပ်တစ်အုပ်ကို ဇန္ဒုလမဂ္ဂဇင်း၌ ဘာသာပြန်ထည့်ဖူးရာ အများကဲ့ရဲ့ကြသဖြင့် ရပ်၍ထားရလေသည်။

ကျွန်ုပ်ပြန်ဆိုရေးသားသော 'သူ့ရဲကောင်းသုံးယောက်' စာအုပ်မှာလည်း ၎င်းဆရာကြီး၏ ဝတ္ထုပင် ဖြစ်လေသည်။ ထိုဝတ္ထုမှာလည်း များစွာ အပြစ်ပြောခံရလေသည်။ ထိုစာအုပ်မှာ အပြစ်လုံးလုံးမရှိပေ။

အကြောင်းမူကား လူတို့၏စိတ်၌ ဖြစ်တတ်သော သဘောတရားကို Art မြောက်အောင် ရေးသားခြင်းမျှ ဖြစ်လေသည်။ ကျူးလွန်ဖောက်ပြားခြင်း တစ်စုံတစ်ရာမရှိပေ။ လူသည် ခြောက်ပြစ်ကင်း သတ္တဝါမဟုတ်ပေ။ သို့ပါလျက် ခြောက်ပြစ်ကင်းအနေနှင့် ဝတ္ထုလုပ်ကာ ရေးချေက Art ပျက်ဖွယ်ရာသာ ရှိလေသည်။

ဝတ္ထုရေးခြင်းသည် ပျော်ဖို့ပါးဖို့ ရေးခြင်းဖြစ်၏၊ တရားသဘော လုံးလုံးမပါအောင် အပျော်သက်သက် ဝတ္ထုများလည်း မရှိနိုင်ပေ။ ဝတ္ထုရေးဆရာသည် ရည်ရွယ်မှန်းထားခြင်းပင် မရှိစေကာမူ ကောင်းသောအချက်တစ်ခုခုကို စာဖတ်သူတို့အား သင်ပြရာ၏။ မသင်မပြဘဲ မနေနိုင်ပေ။ လူ

mgyoe.com

.com

တို့၏စိတ်သဘောသည်လည်း အမျိုးမျိုးရှိ၏။ ဝတ္ထုကို မဖတ်နိုင်သောလူများလည်း ရှိကြပေလိမ့်မည်။ ထိုလူများသည်ကား အဘယ်ဝတ္ထုမျိုးကိုမျှ ကောင်းသည်ဟု ဆိုကြမည်မဟုတ်ပေ။ အချို့ကား ရေးပညာရှိမှန်လျှင် ကောင်းပြီဟု အယူရှိတတ်ကြလေသည်။

ကျွန်ုပ်သည် အသက်အာမခံကုမ္ပဏီတစ်ခုမှ ကြော်ငြာတစ်ခုကို ပြန်ဆိုခဲ့ဖူးလေသည်။ ၎င်းအသက်အာမခံတိုက်၌ လူတစ်ယောက်ကို တွေ့ခဲ့ရ၏။ ထိုသူက ဤကြော်ငြာကို မည်သူပြန်မှာလဲဟု မေးလေသည်။ စာရေးတစ်ယောက်က ပီမိုးနင်းပြန်ဆိုလိမ့်မည်ဟု ပြောရာ မေးသောသူက ပီမိုးနင်းပြန်ဆိုလျှင် ဘယ်နေရာကျမလဲ၊ ရေးက လှိုင်ထိပ်ခေါင်တင်တို့ ရေးတဲ့စာတွေ ကျုပ်အိမ်မှာ တစ်ပုံကြီးဟု ပြောလေသည်။

၎င်း၏စကားသည် အဓိပ္ပာယ်မရှိသောစကား ဖြစ်လေသည်။ လှိုင်ထိပ်ခေါင်တင်၏ စာတွေသူ့အိမ်မှာ အမြောက်အမြားရှိသည်ကို ဆိုလိုလေသလား။ သို့တည်းမဟုတ် ယခုကာလ နာမည်ကျော်ကြားသူများကိုပင် သူ့လောက်မတော်ဟု ဆိုလေသလား မသိရပေ။

[တိုးတက်ရေးမဂ္ဂဇင်း၊ နံပါတ် (၉၅) ဩဂုတ်လ၊ စာ ၈၀-၈၃၊ ၁၉၃၈]

ဝ

mgyoe.com

mgyoe.com

# ဆရာကြီး ပီမိုးနင်းနှင့် သဘင်သည်များ

ကချေသည်များသည် ရှေးအခါက ဖက်ခွက်စားအလုပ်ကို လုပ်သူဟု ခေါ်ကြသော်လည်း ယခုအခါမှာမူကား တစ်ကမ္ဘာလုံးမှာ ကချေသည် ဇာတ်သမား သဘင်သည်များသည် လူမတူ နတ်တမျှ အထင်ခံရလောက်အောင် ကြီးကျယ်၍ နေကြလေသည်။ ရုပ်ရှင်ဇာတ်လိုက်များသာ လျှင် ထိုကဲ့သို့ ကြီးကျယ်သည်မဟုတ်၊ အခြား ဇာတ်သဘင်သည်များမှာလည်း ထို့အတူ ဖြစ် ကြလေသည်။

သို့ဖြစ်လေရာ သဘင်သည် ရုပ်ရှင်ဇာတ်သမား ဖြစ်၍လာကြခြင်းသည် ဂုဏ်ကျက်သရေ တိုးပြီးဖြစ်လေသည်။ ၎င်းတို့ကို ဂုဏ်ကျက်သရေမြှင့်၍ပေးရန် တစ်စုံတစ်ရာ လိုသည်မဟုတ်ပေ။ ယခုအခါ၌ ၎င်းတို့၏ဘဝသည် လူ့ပြည်မှာ နတ်ဖြစ်ရသည့် ဘဝအလား အလိုအလျောက် ဂုဏ် ကျက်သရေ ထင်ရှားပြီး ဖြစ်လေသည်။ ဂရိဘားဂါရဘို မစ္စတာ ကာသလိုးနား၊ ဂါဝရီဆာကာဒေး၊ ဦးဖိုးစိန်ကြီးတို့မှာ မည်သူမျှ ချီးမြှောက်ရန် မလို၊ အလိုအလျောက် ဂုဏ်ကျက်သရေကြီးပြီး ဖြစ် လေသည်။ ၎င်းတို့ကို လူတို့၏စိတ်၌ လူမဟုတ် နတ်မျိုး၊ သိကြားမျိုးဟု မှတ်ထင်ရလေသည်။

မှတ်ထင်ရသည့်အတိုင်း ၎င်းတို့ကိုယ်တိုင်မှာ အကျင့်ရှိလေသည်။

ကျွန်ုပ်တို့ မြန်မာပြည်၌ကား သဘင်သည်ဖြစ်၍လာလျှင် မိမိတို့၏ဂုဏ်ကို မစောင့်၊ ထင် သလို ကျင့်ကြံနေထိုင်တတ်ကြလေသည်။ အဆိုပါပုဂ္ဂိုလ်များမှာကား မိမိတို့ဂုဏ်ကို အလွန်စောင့် ကြလေသည်။

မြန်မာသဘင်သည်များမှာ၊ အထူးသဖြင့် အငြိမ့်သည်များမှာ အဘယ်မျှလောက်ပင် ကျော် ကြားစေကာမူ ငွေစက္ကူ ၁၀ ကျပ်တန်ကို ပွဲကြည့်သူပရိသတ်များက ပစ်၍ပေးသည့်အခါ အမျိုးမျိုး ကချေမွှဲအောင် ကောက်ယူကြလေသည်။ လူမျိုးကွဲ တိုင်းကြီးပြည်ကြီး သဘင်သည်များမှာ ထိုကဲ့ သို့ လုပ်၍မရပေ။

mgyoe.com

ကပြသောပညာသည် အလှ အယဉ် အနုအနယ်အရာ၌ လူ့ပြည်မှာ အစွမ်းကုန်ရှိသမျှကို ကပြကြရပေသည်။ ၎င်းတို့၏ပညာသည် လူ့ပြည်၌ အထွတ်အမြတ်ဆုံးသော ပညာတစ်ရပ် ဖြစ်လေသည်။ သို့ဖြစ်သောကြောင့် ၎င်းတို့သည်လည်း အထွတ်အမြတ်ဆုံးသောလူများ ဖြစ်ဖို့သင့်လေသည်။ ဤကဲ့သို့ပြုခြင်းသည် ဂီတ အလှပညာကို လေးစားဂရုမပြုရာသို့ ရောက်လေသည်။ ပန်းချီ၊ ဂီတ၊ ပန်းပု၊ ကဗျာ၊ ဝတ္ထုရေးဆရာများသည် အလားတူဂိုဏ်းဝင် ဖြစ်ကြလေသည်။ သို့သော်လည်း ဤတိုင်းပြည်၌ကား ဤပုဂ္ဂိုလ်အားလုံးတို့မှာ အသုံးမကျ ဖြစ်၍နေကြလေသည်။ အထူးသဖြင့် သာလွန်ကျော်ကြား ထင်ရှားဖို့ကောင်းသော သဘင်သည်များမှာ အကျင့်ပျက်ပြား ဆုတ်ယုတ်ကြလျက် အသုံးမကျဆုံးသော အခြေအနေသို့ ရောက်၍နေကြလေသည်။

မြန်မာပြည် ရုပ်ရှင်ဇာတ်လိုက် မိန်းကလေးများအနက် ကိုယ့်ဂုဏ်ကို ကိုယ်စောင့်သုံး၍နေနိုင်သော ဇာတ်လိုက်မင်းသမီးဟူ၍ တစ်ဦးတလေမျှ ရှိလိမ့်မည်မထင်ပေ။ ဤအရာ၌ မြန်မာ ရုပ်ရှင်အလုပ်များမှာ ဂုဏ်ကျက်သရေမရှိခြင်းသည် ထင်ရှားလေသည်။ ကုမ္ပဏီတို့၏ ဂုဏ်ကျက်သရေ တိုးတက်ဖို့ရာအတွက် ဇာတ်လိုက်တို့၏ ဂုဏ်ကို မြှင့်၍ပေးဖို့ သင့်ကြရလေသည်။

ဇာတ်သဘင်များမှလည်း အုပ်ချုပ်ပုံ စည်းကမ်းသေဝပ်ခြင်းမရှိကြသေးပေ။ ယခုအခါ၌ကား ရုပ်ရှင်ကုမ္ပဏီများနှင့် ဇာတ်သဘင် အငြိမ့်များမှာ အုပ်ချုပ်သော စည်းကမ်းသည် အတူတူလိုပင် မသေမဝပ်ရှိကြလေသည်။ ဒါရိုက်တာတစ်ယောက်၏ ဒူးပေါ် ပေါင်ပေါ်၌ မင်းသမီးကလေးများသည် အရောတဝင်လုပ်ကာ ပလူးရခြင်းအလုပ်များသည် အတော်ပင် ရှုပ်ယှက်ခတ်ကာ ဖြစ်ပွား၍နေသည်ဟု ကြားဖူးရလေသည်။ ထိုကဲ့သို့နေရသော ရုပ်ရှင်မင်းသမီးများသည် မိမိတို့၏ ဂုဏ်ကို အဘယ်သို့လျှင် မြင့်နိုင်ပါမည်နည်း။ စတူဒီယို၌ ပါခဲ့သော အကျင့်သည် နေရာတိုင်းမှာ လိုက်ပါ၍နေလေသည်။ ဒါရိုက်တာ ဆရာများသည် ဇာတ်လိုက်မင်းသမီးကလေးအတွက် အကျင့်စာရိတ္တပျက်မှာကို မိမိတို့၏ တပည့်သားသမီးကဲ့သို့ စိုးရိမ်စောင့်ရှောက်သင့်ကြလေသည်။ ဒါရိုက်တာတစ်ယောက်သည် ကျားကဲ့သို့ မိမိကိုယ်ကို သဘောထားချေက ပျက်စီးသော အခြေအနေသည် တိုးတက်ကောင်းမွန်လာဖို့ရန် နည်းလမ်းရှိတော့မည် မဟုတ်ပေ။ ရှေးဖက်ခွက်စားထက်ပင် ဆိုးယုတ်သောအခြေအနေကို ရောက်ဖို့သာ ရှိလေသည်။

ဤအရာ၌ ကုမ္ပဏီများသည် ထိန်းစောင့်ကာ မိမိတို့အလုပ်၏ ဂုဏ်အသရေကို စောင့်သုံးကြမည်ဆိုလျှင် မြန်မာပြည် ရုပ်ရှင်လုပ်ငန်းသည် အဖိုးတန်၍လာဖို့ ရှိလေသည်။ ထိုကဲ့သို့ ဖြစ်အောင် ဂရုမစိုက်ကြချေက တစ်နေ့တခြား ဆုတ်ယုတ်ပျက်ပြားကာ ကျက်သရေယုတ်ဖို့သာ ရှိလေသည်။

အရှိအသေ မထားမရှိသော အတတ်ပညာသည် တိုးတက်တော့မည် မဟုတ်ပေ။ အထူးသဖြင့် ရုပ်ရှင်လုပ်ငန်း၌ အရှိအသေကင်းမဲ့လောက်အောင် ဖြစ်ပျက်နေခြင်းသည် တစ်ပြည်လုံး

mgyee.com

mgyoe.com 

၏ကိုယ်ကျင့်တရားကို ထိခိုက်ဖို့ရှိလေရာ များစွာသော အကျိုးရှိနိုင်သော မွန်မြတ်သောအလုပ်သည် များစွာ အကျိုးဆုတ်ယုတ်ရာ ဆုတ်ယုတ်ကြောင်း နည်းလမ်းကြီးသဖွယ် ဖြစ်၍နေပေသတည်း။

[ဂျာနယ်ကျော်၊ ၁၉၃၉ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်၊ စာ ၃၃]

ဝ

mgyoe.com

mgyoe.com

# ကမ္ဘာ့မင်တံ

## ပထမတွဲ

## အခန်း (၁)

## ပီယသိဒ္ဓိ

## ကိုယ်ဆောင်တစ်ခုကောင်း

လူမှန်လျှင် မျက်နှာပွင့်ဆေး အနုပီယကို လိုလားကြ၏။ သို့လိုလားသောကြောင့် အင်းအိုင် ခလှဲ၊ လက်ဖွဲ့၊ မန္တာန် ဆေးဖယောင်းချက်၊ စမအင်းတို့ကို စီမံရောင်းချသော ဆရာတို့မှာ များစွာပင် အသက်မွေးရှောင်ကြလေသည်။

သို့သော်လည်း အပွင့် ခေါ် ပီယသိဒ္ဓိအတတ် ရှိကြောင်းကို ကြားရုံသာ ကြားရ၍ တကယ် စွမ်းသောသူတို့ကို မည်သူမျှ အသေအချာ တွေ့ကြုံခဲ့ရသည်ဟု မကြားရချေ။ အများအားဖြင့် ပီယ ဆေး စွမ်းသည် ဆိုသော လူများမှာ မိမိတို့၏ဆေးကို ယုံကြည်သဖြင့် အပြောရဲ အဆိုရဲပြီး အရှက် အကြောက်ကို မေ့လျော့၍ထားသောကြောင့်လည်းကောင်း၊ အခန့်သင့်၍သော်လည်းကောင်း၊ ပီယစွမ်းခြင်း၏ ထင်ရှားသော အမှတ်လက္ခဏာတို့ကို တွေ့ကြုံကြရလေသည်။

အထူးသဖြင့် မိန်းမနှင့် ယောကျ်ားတို့မှာ အထင်လွဲစရာတွေ လွန်စွာများကြ၏။ စကား၌ လည်းကောင်း၊ မျက်နှာအမူအရာ၌လည်းကောင်း၊ ပြုမူပုံ၌လည်းကောင်း အဓိပ္ပာယ် အယူ အကောက် လွဲစရာတွေ လွန်စွာ များတတ်လေသည်။

အချို့သော မိန်းမတို့သည် လူကို ခင်တတ်၏။ ကျေးချင် မွေးချင် ပေးကမ်းချင်သော ဝါသနာ ရှိကြလေသည်။ ထိုကဲ့သို့သော မိန်းမတို့မှာ ပီယဆေးဆောင်သူနှင့် တွေ့လျှင် ငြိပြီ၊ ထိပြီ၊ ဆေးမိ ပြီဟု အထင်ခံရတတ်ကြလေသည်။ တစ်ကြောင်းမှာလည်း ပီယဆောင်သည်ဖြစ်စေ၊ မဆောင်

mgyoe.com

သည်ဖြစ်စေ အချို့သော မိန်းမ ယောက်ျားတို့သည် သင့်တင့်စွာသော ရုပ်ရုံနှင့် တွေ့လျှင် ဣန္ဒြေမရ၊ မျက်စိအာရုံကို လိုက်စားတတ်ကြလေရာ ပီယဆရာက မိမိ၏ဆေးကို အစွဲသန်တတ်သဖြင့် မတော်လို့ အကြည့်ခံရလျှင် ငါ့ကိုကြိုက်ပြီဟု မှတ်ထင်တတ်လေသည်။ သို့ဖြစ်၍ အချို့သော အနဆရာတို့မှာ အိမ်သို့လာသည့်အခါ ဖျာခင်းခြင်း၊ ကွမ်းဆေးတည်ခြင်းကိုမှ ပြုဝံ့အောင် အနစွမ်း၍ နေတတ်ကြလေသည်။

မိန်းမပျိုအချောအလှတို့မည်သည် မိမိတို့ ချောကြောင်း လှကြောင်းကို သိလျက် ရွယ်တူ တန်းတူ ယောက်ျားများနှင့် တွေ့သည့်အခါ ရှက်သလို ကြောက်သလိုဖြစ်ပြီး မျက်နှာပျက်တတ်လေသည်။ ဆေးစွမ်းကိုသိလိုသဖြင့် ဆေးချက်ကိုသာ သတိထား၍နေသော ဧည့်သည် သည်ကား ငါ့ဆေးဒဏ် ခံနိုင်ရိုးလားဟု အရိုးကြား အခြင်ကြား အကြောကြားမှာ တစိမ့်စိမ့် ဖမ်းစားတတ်လေသည်။

ထိုကဲ့သို့သောသူတို့သည် မိမိတို့၏ဆေးနှင့် မိမိတို့မှာ အလိမ်မိ၍နေသူများ ဖြစ်ကြလေရာ အလိမ်မမိ တကယ်ထိ၊ တကယ်မိ ကပ်မိ နီးမိကြလျှင် ယောက်ျား မိန်းမ၊ လူကြီး လူငယ်တို့ ဖျတ်ခနဲ ပြီသော ဆေးနည်းကို ရအောင်ကြိုးစားဖို့ သင့်ကြလေသည်။

မည်သူ၏သဏ္ဍာန်မှာမဆို မွေးကတည်းက ပါရှိသော အဆွဲဓာတ် ညှို့ဓာတ်ကို မပင်မပန်းဘဲ လွယ်ကူစွာ စီရင်ရသောနည်း ဖြစ်လေရာ အောက်ပါစနစ်သည် အကောင်းဆုံးသော နည်းစနစ် ဖြစ်လေသည်။

အချို့သောသူတို့ကို လူအများ တွေ့ချင်မြင်ချင်ကြ၏။ မည်သည့်အလုပ်မှာမဆို ၎င်းလူများ မပါလျှင် ပွဲမစည်သကဲ့သို့ဖြစ်၍ ၎င်းတို့ကို လိုက်လံရှာကြံ ပင့်ခေါ်ကြရလေသည်။ ၎င်းလူတို့ကို ယောက်ျား၊ မိန်းမ၊ လူကြီး၊ လူငယ် ချစ်ကြ၍ ထိုလူမျိုး၏မျက်နှာကို မြင်ရသောသူတို့၏ စိတ်၌ နှစ်သိမ့်ချမ်းမြေ့ နှလုံးမွေ့လျော်ခြင်း ဖြစ်ကြရလေသည်။

၎င်းလူမျိုးတို့ကို သေချာစွာကြည့်၍ သေချာစွာ စဉ်းစားလျှင် ၎င်းတို့မှာ ပီယဆေး မရှိ၊ ၎င်းတို့၏ကိုယ်အမူအရာ နှုတ်အမူအရာတို့၌ လူချစ်လူခင်များသော အချက်ကောင်းတွေ များစွာကို တွေ့မြင်နိုင်လေသည်။ သို့ တွေ့ရသောအခါ ၎င်းအချက်တွေကို မှတ်၍ ၎င်းအချက်များကို ကိုယ်ပိုင် ဖြစ်အောင် လုပ်ရမည်။

အချို့သောသူတို့မှာ လူသွေ့လူခြောက်တွေ ဖြစ်ကြလျက် ၎င်းတို့ကို မည်သူမျှ အလေးဂရုမပြုကြချေ။ ၎င်းတို့ကို လူပိုဟု မှတ်ထင်ကြလျက် အပေါင်းအသင်း မလုပ်လိုကြချေ။

ထိုသူတို့ကို သေချာစွာကြည့်လျှင် လူအများ မနှစ်လိုဖွယ်ရာဖြစ်သော စိတ်အမူအရာ၊ ကိုယ်အမူအရာ၊ နှုတ်အမူအရာတွေကို တွေ့မြင်နိုင်၏။ ထိုအခါ ငါ၏သဏ္ဍာန်၌ ထိုကဲ့သို့သောအဖြစ်မျိုးတွေ ရှိသလားဟု ကြည့်ပြီး တွေ့ရှိလျှင် ဆံပင်ဖြူကို နုတ်သလို နုတ်ပစ်ကြရမည်။

mgyoe.com

mgyoe.com

ထိုကဲ့သို့ လူတွေ့တိုင်း ဆင်ခြင်၍ မကောင်းသမျှကိုပယ် ကောင်းသမျှကို ဝယ်၍ယူက ပီယ လမ်း၌ စခန်းကုန်လောက်အောင် ပေါက်ရောက်နိုင်လေသည်။

အရုပ်ဆိုးခြင်းကြောင့် ပီယသိဒ္ဓိမပေါက်ရဟူ၍ မရှိချေ။ စိတ်လှလျှင် ကိုယ်၏အရုပ်ဆိုးခြင်း ကို စိတ်အမူအရာအဆင်းဖြင့် ကွယ်ပျောက်အောင် တတ်နိုင်လေသည်။

အရုပ်ဆိုးသော မိန်းမ၊ ယောက်ျား၊ စိတ်ကူးယဉ်သောသူတို့ကို တုပရာ၏။ ယဉ်ကျေးလိမ္မာ လျက် စိတ်နှလုံးသိမ်မွေ့ခြင်းကို ဖြစ်စေသော စာတို့ကို ဖတ်ရာ၏။ ရုပ်လှသောသူတို့ကို ကြည့်၍ အားငယ်ခြင်း၊ ဝမ်းနည်းခြင်း၊ စိတ်ပျက်ခြင်း၊ စိတ်ဆိုးခြင်း ဖြစ်၍နေလျှင် အရုပ်ဆိုးသည်ထက် ပို၍ ဆိုးတတ်လေသည်။

များစွာသော ဇာတ်မင်းသမီး၊ ဇာတ်မင်းသားတို့သည် အရုပ်သားများလောက် မလှကြချေ။ သို့ပါလျက် ၎င်းတို့ကို အရုပ်သားတို့က တုပ၍နေခြင်း၊ မကြည့်ဘဲ မနေနိုင်ခြင်း၊ ဇာတ်မင်းသမီးကို အရုပ်သူထက် ချစ်ကြိုက်တတ်ခြင်း စသည့် ထူးဆန်းသောနည်းတို့ဖြင့် ၎င်းတို့အပေါ်၌ အများ ပရိသတ်တို့၏ စိတ်ညွတ်ရသည်မှာ အခြားကြောင့် မဟုတ်။ ၎င်းတို့၏စိတ်၌ အလှအယဉ်ကိုသာ တွေးကြံလျက် နေကြသောကြောင့် ဖြစ်လေသည်။

အချို့သော အိမ်တွင်းပုန်း မိန်းမကလေးများသည် ဈေးရောင်း၍နေသော မိန်းမကလေးများ လောက် မလှကြချေ။ သို့ပါလျက် အများကာလသားတို့သည် ဈေးသည်ထက် အိမ်တွင်းပုန်းကို ပို၍ မြင်ချင် ကြည့်ချင် မက်မောချင်ကြသည်မှာ အခြားကြောင့် မဟုတ်။ အိမ်တွင်းပုန်းလုပ်သူက အလှအယဉ် အချစ်ကိုသာ တွေးလျက် အလှအယဉ်အချစ်ကိုသာ မြင်ပြီး အလှအယဉ်အချစ်ကို သာ တောင့်တကြံစည်၍ နေသောကြောင့် ဖြစ်လေသည်။ အဘယ်မျှပင် လှသော်လည်း စိတ် မကောင်း၍ ရန့်ရင်းကြမ်းတမ်းချေက ကိုယ်အလှကို မည်းမှောင်သောစိတ်ဓာတ်က ဖုံးအုပ်တတ် လေသည်။ မလှသူနှင့် လှသူတို့မှာ ရုတ်တရက် မြင်စ၌ လှသူကို အများမြင်ကြ၏။ သေချာစွာ ပေါင်းသင်းမိသောအခါ ယုတ်သောစိတ်နှင့် ကောင်းသောစိတ်သည် အရုပ်ဆိုးခြင်း၊ အရုပ်လှခြင်း ကို ပျောက်စေလျက် စိတ်က လွှမ်းမိုး၍လာရလေသည်။

လူချစ်လူခင် များသူတို့သည် မိမိ၏ စိတ်အလိုကို လွန်စွာမလိုက်၊ သူတစ်ပါး၏ အလိုကို အများကြီး သိတတ်ကြလျက် မိမိအတွက် အခြားလူများပေါ်တွင် စိတ်လက်ငြိုငြင်ဆင်းရဲအောင် မပြုတတ်ကြချေ။ ငွေကြေး အချေးသန်သောသူ၊ သူတစ်ပါး၏ ကူညီစောင်မခြင်းကို လိုလားအား ကြီးသူတို့သည် ရှောင်ရှားခြင်းကို ခံရသူများ ဖြစ်ကြလေသည်။

လူချစ်လူခင်များသော သူတို့သည် အခြားလူများ၏အပြစ်ကို မြန်ရှက်စွာ ပြောဆိုပြီး မိမိတို့ ကိုယ်မှ ထူးမြတ်သောပုဂ္ဂိုလ်ဟု သဘောထားသော အသံစကားမျိုးကို အသုံးမပြုတတ်ကြချေ။

'ကျုပ်တို့တော့ ဒီလိုစိတ်မျိုးကို ဘယ်တော့မှ မထားဖူးပါဘူး၊ သူများကောင်းစားတယ်ဆိုရင်

mgyoe.com

ဝမ်းသာတာပါပဲ' ဟူသော စကားမျိုးကို ပြောသူများသည် သူတစ်ပါးကောင်းစားလျှင် ဝမ်းနည်းတတ်သူများ ဖြစ်တတ်ကြလေသည်။ ထိုလူမျိုးမှာ မေတ္တာစာတ်အခံနည်းသဖြင့် အများ မေတ္တာရှိခြင်းကိုလည်း မခံရသောလူများ ဖြစ်ကြလေသည်။

အများ ချစ်ခင်လေးစားခြင်းကို ခံရသူတို့သည် ကတိသစ္စာတည်၍ သူတစ်ပါးကို ကူညီစောင်မတတ်၏။ သူတစ်ပါးအကျိုးယုတ်အောင် မကြံတတ်၊ မပြောတတ်၊ မလိုလားတတ်ချေ။

လူအချင်းချင်းအပေါ်၌ ကောင်းသောအမှုကို ပြုသောသူတို့သည် ချီးမွမ်းခံလို၍ ပြုကြလျှင် တကယ့်မေတ္တာစာတ်ခံ မရှိ၊ အတုအပ မေတ္တာသာ ရှိသဖြင့် အများမေတ္တာရှိခြင်းကို မခံကြရချေ။ ၎င်းလူမျိုးသည် လူမသိသော ကွယ်ရာ၌ သူတစ်ပါးအကျိုးယုတ်စေတတ်သော အမှုကို ပြုတတ်ကြလေသည်။

အများချစ်ခင်သော လူတို့သည် စိတ်လက် ပျော်ရွှင်ကြည်လင်လျက် မိမိတို့နှင့် တွေ့သမျှသော ယောကျ်ား မိန်းမတို့ကို ပျော်ရွှင်အောင် ပြောတတ် ဆိုတတ် လုပ်ကြတတ်ကြလေသည်။ ပျော်ရွှင်ရယ်မောခြင်း အတတ်သည် အကောင်းဆုံးသော ပီယဆေးတစ်မျိုး ဖြစ်လေသည်။

အများ ချစ်ခင်သူတို့သည် မျက်နှာမအို၊ မငြိုငြင်၊ မရွှင်မပျ မနေတတ်ကြ။ ၎င်းတို့၏မျက်နှာသည် လမင်းလို သာလျက် စိတ်မာန်ဒေါသမရှိ၊ မျက်ကြုတ်ရန်လို ခွန်းဆိုတုံ့ပြန် အငြင်းသန်ခြင်း ကင်းကြလျက် သည်းခံတတ်သောစိတ် ရှိကြ၍ မနာလိုမုန်းထားခြင်း ကင်းကြလေသည်။

မနာလိုသောသူသည် လူသေကောင်နှင့် တူ၏။ ၎င်းမှထွက်သမျှသော တွေးတောကြံစည် လုပ်ကိုင်ပြောဆို ရေးသားသမျှသည် အနံ့ဆိုးကို လွှတ်သည်နှင့် တူလေသည်။ ၎င်းတို့၏ နှုတ်မှ ထွက်သောစကားသည် အစေ၀ါတလေထက် နံစော်ပုပ်ပောင်၍ အာပုပ်စော်နံသည်နှင့် တူလေသည်။

နေ့စဉ် နေ့တိုင်း မိမိမလုပ်ချင်သောအရာကို လုပ်၍ မိမိလုပ်ချင်သောအရာတို့ကို မလုပ်ဘဲ နေတတ်သောသူသည် စိတ်အားသတ္တိတန်ခိုးပြည့်၍ သူတစ်ပါး၏အလိုကို ဖြည့်ခြင်း၌ လွယ်ကူသောကြောင့် အများချစ်ခင်ခြင်းကို ခံရ၍ ကြီးပွားရန်လည်း လွယ်ကူလေသည်။ စိတ်ကြိုက်ကို လိုက်အားကြီးက ကိုယ်တိုင်၏အလိုကိုသာ သိ၍ သူတစ်ပါး၏အလိုကို မသိတတ်သောအဖြစ်မျိုးသို့ ရောက်တတ်လေသည်။

လူသတ္တဝါတို့ အကျိုးရှိသော အလုပ်တစ်ခုခုကို လုပ်ဖို့ရန် အမြဲစိတ်ရှိသော သူသည် လူအားလုံးတို့၏ ချစ်ကြည်လေးစား ရှိသေအားထားခြင်းကို ခံရမြဲဖြစ်လေသည်။ ထိုစိတ်သည် စိတ်ကောင်း စိတ်မြတ်ဖြစ်၍ မင်းပြစ်မင်းဒဏ်ကင်းသော လမ်းဖြစ်လျက် လူကောင်းတစ်ယောက် ဖြစ်စေနိုင်လေသည်။

အခြားသူတို့နှင့်သာ ဆိုင်၍ မိမိနှင့် မဆိုင်သောနေရာများ၌ ဝင်ရောက်စွက်ဖက်သူတို့သည် မုန်းထားခြင်းကို ခံရတတ်လေသည်။

mgyoe.com

ငါ့ကား လူလိမ္မာ လူတတ်လူမြတ်၊ သူကား သူယုတ် အသုံးမကျသူဟူ၍ စိတ်ထဲ၌ ထားရှိ ချေက နှုတ်ကဖွင့်၍မပြောဘဲ အဘယ်လိုပင် လူကောင်းဟန်ဆောင်စေကာမူ မကောင်းသော စိတ်၏ အငွေ့သည် အပြင်သို့ ထွက်ပေါ်ကာ မုန်းစရာအသွင်ကို မိမိ၌ပင် ဖန်ဆင်း၍ပြတတ်လေ သည်။

မည်သူမှ ငါ့ကို မမုန်းဟု ယုံကြည်ကိုးစားကာ ကြောက်ရွံ့ခြင်းကင်းလျက် စိတ်ရိုးကိုယ်ရိုးနှင့် ခေါ်ပြော နှုတ်ဆက် နှုတ်လျှာသွက်ခြင်းသည် ချစ်ခင်သူများခြင်းကို ဖြစ်စေသောနည်းလမ်း ဖြစ် လေသည်။ မိမိကိုယ်ကို လူထူးလူမြတ်ဟု သူများနှင့်မတူ လူမော် လူဇော် မှတ်ထင်သော စိတ် သည် အများသောလူတို့ကို မိမိ၏အပါးသို့ မကပ် မလာအောင် တွန်းလှန်ကန်ကျောက်သောစိတ် ဖြစ်လေသည်။ သူတစ်ထူး ငါ့ကိုချစ်ပါစေဟု မျက်နှာလိုမျက်နှာရ ဘာကိုမှ လုပ်ဖို့မရှိ။ သူတစ်ပါး ငြိုငြင်၊ မချမ်းသာ၊ စိတ်လက်မကြည်သာအောင် လုပ်ခြင်းအလေ့ကိုသာ ရှောင်ကြဉ်ရမည်။ သို့ ရှောင်ကြဉ်တတ်သောသူကို မည်သူမှ မမုန်းချေ။

ကောင်းသောစိတ်တို့၏ အဆောက်အဦကို ရသောသူသည် ကမ္ဘာပေါ်၌ မည်သူ့ကိုမျှ ကြောက်စရာမရှိ။ မည်သူ့ကိုမဆို ပြောစရာအကြောင်းရှိက ဝင်ရောက်ပြောဆိုနိုင်လေသည်။ သို့ ရဲရင့်စွာ ပြောဆိုတတ်သူတို့မှာ စိတ်အားသတ္တိတိုးလျက် ဩဇာအာဏာနှင့် ပြည့်စုံတတ်လေ သည်။

မကောင်းမကန်း၊ မဟုတ်မတရား ကျူးလွန်မှားယွင်းခြင်းကို မပြုက လောက၌ မည်သူ့ကိုမှ ကြောက်စရာမရှိချေ။ ရိုးသားဖြောင့်မတ် တည်ကြည်ခြင်းသည် ဩဇာအာဏာကို တည်စေနိုင် သော ဆေးကောင်းဖြစ်လေသည်။

ပညာရှိတို့သည် မိမိကိုယ်တိုင်၏အကြောင်းနှင့် ပတ်သက်၍ မြှောက်၍လည်း မပြော၊ ရှုတ်ချ ၍လည်း မပြော၊ ကြွားခြင်းဝါခြင်းကို ကင်းစေ၍ နှိမ့်ချသော စကားကိုလည်း ရှောင်ကြဉ်ကြရလေ သည်။

အပြောနည်း၍ နားထောင်ခြင်း၌ သန်သောသူသည် အကြောင်းဆိုက်၍ ပြောရသောအခါ ၌ ဩဇာလေးနက်ခြင်းကို ဖြစ်စေနိုင်လေသည်။

စိတ်ကောင်းရှိသူတို့သည် မည်သူ့ကိုမှ ရန်ငြိုးမထားသဖြင့် ၎င်းတို့၏မျက်နှာမှာ ကြည်လင် သန့်ရှင်း အပြစ်ကင်းလျက် ကြည်ညိုလေးစားခြင်းကို ခံရလေသည်။ အများ၏ကြည်ညိုခြင်းကို ခံရသောလူတို့သည် မိမိတစ်ကိုယ်တည်း ကြီးပွားချမ်းသာခြင်းကို ရှာသူများမဟုတ်။ လူဟူသမျှတို့ အား မိမိ၏ အစွမ်းအားလျော်စွာ ကောင်းကျိုးကို ဆောင်ဖို့ရန် တာဝန်ရှိသည်ဟု အယူရှိကြလေ သည်။

ကုသိုလ်ကောင်းမှုကို နေ့အိမ်မှုစ၍ပြုရာ၏။ သူစိမ်းတို့အပေါ်၌ ပြုအပ်သော ဝတ္တရားထက် မိဘဆွေမျိုး သားချင်းပေါက်ဖော်တို့အပေါ်၌ ပြုအပ်သော တာဝန်က ပိုမိုအရေးကြီးလေရာ ထို

mgyone.com

mgyoe.com

ဝတ္တရား ပျက်ကွက်သူတို့သည် အဘယ်မျှပင် လျှဒါန်းကျွေးမွေးပေးကမ်းသော်လည်း လူကောင်း လူမြတ်တို့၏စာရင်း၌ ပါဝင်သောလူမျိုး မဟုတ်ကြချေ။

စိတ်သဘော သေးနုပ်သိမ်ဖျင်း၍ အတွက်အချက်အားကြီးလျက် ကပ်စေးနဲသောသူတို့ကို မည်သူမျှ အရာမသွင်းလိုကြချေ။ နိမ်ချသောစိတ် ရှိသူတို့အား မည်သူမှ ရန်မလိုသည့်ပြင် နိမ့်ပြီး သူဖြစ်သဖြင့် အခြားလူတို့၏ ထပ်မံနိမ်နင်းခြင်းကို မခံရချေ။ ပညာတတ်သူတို့သည် ငါတတ်သည် မှတ်ထင်၍ ထောင်လွှားကြ၏။ ပညာရှိသည်ကား ငါတတ်စရာတွေ များလှချည်လားဟု ဆင်ခြင် ကာ နိမ်ချ၏ဟု 'ကူးပါး' ခေါ် စာရေးဆရာကြီးက ပြောခဲ့လေသည်။

ထောင်လွှားခြင်းသည် လူကိုမြင့်၍တက်အောင် မှုတ်၍တင်တတ်သော်လည်း မကျအောင် ထောက်မို၍ကား မထားတတ်ဟု 'ရာ့စလင်း' ခေါ် စာရေးဆရာကြီး ပြောဖူးလေသည်။ တက်ကြွ သဖြင့် မိမိတို့၏အလိမ္မာကိုသိလျှင် အပြင်ဘက်ကို ဖြန့်၍မကြည့်သော လူများသည် မတိုးမတက်၊ ဆုတ်ယုတ်၍နေသူများ ဖြစ်ကြသည်ဟု 'ဆာ ဂျိုး ရှားရဲနော်လ်' ပြောဖူးလေသည်။

နိမ်ချသောသူသည် ကျမှာကို မကြောက်ရဟု 'ဘန်းရန်း' ခေါ် ပညာရှိ ပြောဖူးလေသည်။ ရိုးသားဖြောင့်မတ်သူသည် ချစ်သူခင်သူနှင့် မိတ်ဆွေကောင်းများလျက် ကြီးပွားတတ်လေသည်။ မရိုးသားသောသူတို့မှာ ပညာတတ်လေလေ အကျိုးယုတ်လေလေ ဖြစ်၏ဟု 'မောင်ကိန်း' ခေါ်သူ ပညာရှိ ပြောဖူးလေသည်။ အခြားကောင်းမြတ်သော အကျင့်ဟူသမျှတို့ကို ချိန်ခွင်တစ်ဖက်၌ထား ပြီး တစ်ဖက်သောချိန်ခွင်၌ ရိုးမတ်မှန်ကန်ခြင်းကို ထား၍ ချိန်လျှင် ရိုးမတ်ခြင်းအချိန်က ပိုမို၍ စီးလေသည်ဟု 'ဘရာမနာ့စ်' ခေါ် ဟိန္ဒူကျမ်း၌ ပါလေသည်။

ရိုးမတ်ခြင်းကို မည်သည့်ကောင်းမှုကုသိုလ်မှ မလိုက်နင့်၊ ကောက်ကျစ်ခြင်းလောက် မည် သည့် ဒုစရိုက်မှမဆိုးဟု ဟိန္ဒူစကားပုံ၌ ပါရှိလေရာ လူအပေါင်းတို့၏ စက်ဆုပ်ရွံရှာ မုန်းထားခြင်း ကို ခံရသော ထိုဆိုးယုတ်သော အကျင့်များ ရှိသမျှကာလပတ်လုံး ချစ်ခင်လေးစားခြင်းကို အဘယ်အခါမှ ခံရတော့မည်မဟုတ်။ ထိုအပြစ်ကြီးများ၏ ဖိစီးခြင်းကို ခံ၍နေရသောသူတို့ကို မည်သည့်ပီယဆေးမှ ကယ်ဆယ်နိုင်တော့မည် မဟုတ်ချေ။ ၎င်းပြင် အများချစ်ခင်ခြင်းကို ခံရလို သူတို့၌ အရေးကြီးသောအရာ၊ အချုပ်အချာဖြစ်သော အချက်မှာ ကိုယ်ချင်းစာတရား ဖြစ်လေ သည်။

'အကြင်သို့သော နည်းမျိုးဖြင့် အသင်၏အပေါ်၌ အခြားသူတို့ ပြုမူစေရန် အသင် အလိုရှိ၏။ ထိုသို့သောနည်းဖြင့် အသင်သည် အခြားသူတို့၏အပေါ်၌ အသင်သည် ပြုကျင့်ရာ၏' ဟု ခရစ် တော် ပြောခဲ့လေသည်။ သနားကြင်နာခြင်းသည် မေတ္တာဟု ခေါ်အပ်သော ပန်းပင်ကြီးမှ ဖူးပွင့် သော ပန်းပွင့်ဖြစ်လေသည်။ ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်၌ ငြိငြင်ပူပင် ဆင်းရဲခြင်းကို မဟုတ်။ ဝမ်း မြောက် ရွှင်လန်း အေးချမ်းသာယာခြင်းကို ဖြန့်ဝေနိုင်ခြင်းထက် အကောင်းဆုံးသော အလှပီယ ဆေးသည် ကမ္ဘာပေါ်၌မရှိဟု 'အီမာဆင်' ခေါ် ပညာရှိကြီး ပြောပြဖူးလေသည်။

mgyoe.com

mgyoe.com

# အခန်း (၂)
## စွဲမြဲခြင်းအကျိုး

'ကိုလန်ဘာ့စ်' သည် ငယ်ရွယ်စဉ်အခါကစ၍ ကမ္ဘာမြေကြီး လုံးကြောင်းကို သိ၏။ ပင်လယ်မိုင်ပေါင်း ၄၀၀ ကွာသောနေရာတွင် ကောက်၍ရသော၊ လက်ဖြင့် လုပစ္စာပြုလုပ်စီမံထားသော သစ်သားစတစ်ခုကို တွေ့ရခြင်း၊ ပေါ်တူဂါလ်ပြည်ကမ်းခြေ၌ အခြားလူများနှင့် မတူသော လူအလောင်းကို တွေ့ရခြင်းကို ထောက်သဖြင့် အနောက်ဘက်၌ ကမ္ဘာတစ်ခုရှိသည်။ ဤမြေကြီးလုံးသည့် အနောက်ကို သွားလျှင် အလိုလို အရှေ့ကိုပြန်၍ရောက်နိုင်သည့် အကြောင်းများကို သိလေ၏။

သို့သော်လည်း ကိုလန်ဘာ့စ်မှာ ထိုကမ္ဘာသွား၍ ရှာဖို့ရန် မည်သူ့ထံကမှ အထောက်အပံ့ကို မရချေ။ ပေါ်တူဂါလ်ပြည် ဘုရင်မင်းမြတ် 'ဥွန်' က ၎င်းကို ကူညီမည်ဟု ပြောပြီး မကူညီဘဲ နေလေ၏။

၎င်းသည် ပေါင်မုန့်ကို တောင်းစားရ၏။ မြေပုံကိုဆွဲ၍ ရောင်းချပြီး အသက်ကို မငတ်ရုံ ကြံ၍ မွေးရ၏။ ၎င်း၏ဇနီး သေဆုံးပြီးနောက် အရူးပမာ သွားလာလျက် အများကလည်း ၎င်းကို လက်ညှိုးထိုး၍ ခေါ်ကြ ပြောကြ၏။ ၎င်း၏ မိတ်ဆွေတို့သည်လည်း ၎င်းကို အဖက်မလုပ်ကြချေ။

စပိန်ပြည် ဖာဒီနန်းဘုရင်နှင့် အီဇာဘက်လာ ဘုရင်မကြီးက ပညာရှိအစည်းအဝေးကို ခေါ်ပြီး ကိုလန်ဘာ့စ်ပြောသော စကားများ ဖြစ်နိုင်မည် မဖြစ်နိုင်မည်ကို စုံစမ်းရာ အနောက်ကို သွားခြင်းဖြင့် အရှေ့ကို ရောက်နိုင်သည်ဟူသောစကားကို ရယ်မောလှောင်ပြောင်၍ ပစ်ကြလေ၏။

ကိုလန်ဘာ့စ်က 'နေ လ ဂြိုဟ် နက္ခတ်များ လုံးသည်၊ ဤပထဝီမြေမှသာ အဘယ်ကြောင့် မလုံးဘဲ နေရမှာတုံး' ဟု ပြော၏။

ပညာရှိတစ်ယောက်က 'နေ လ ဂြိုဟ် နက္ခတ်တွေ အဘယ်အပေါ်မှာ တည်နေသလဲ' ဟု ပြန်၍ မေး၏။

ပညာရှိတစ်ယောက်က 'မြေကြီးလုံးလျှင် လူတွေဟာ ပုရွက်ဆိတ်လို ခြေထောက်မိုးမျှော်ပြီး အုန်းပင်စိုက် သွားနေကြသလား၊ သစ်ပင်များ၊ အိမ်များ ဇောက်ထိုးဖြစ်နေကြမှာပေါ့' ဟု ပြောလေ၏။ ပညာရှိတစ်ယောက်က 'ရေကန် အင်းအိုင်များထဲက ရေတွေဟာ အောက်ကို မကျဘူးလား' ဟု မေးလေ၏။

ဘုန်းကြီးတစ်ပါးက 'ဤအယူသည် သမ္မာကျမ်းစာနှင့် ဆန့်ကျင်သည်။ သမ္မာကျမ်းစာ၌ (မိုးကောင်းကင်သည် ဖြန့်၍ထားအပ်သော တဲကြီးဖြစ်သည်) ဟု ပါရှိသည်။ သို့အတွက် မြေကြီးပြားရမည်။ လုံးသည်ဆိုလျှင် မိစ္ဆာဒိဋ္ဌိဖြစ်မည်' ဟု ပြောလေသည်။

ထိုအခါ အတွေးအခေါ် အနည်းငယ်မျှမရှိ၊ စာအုပ်ကိုကြည့်၍ ခုခံပြောဆိုသူတို့နှင့် တုံပြိုင်၍

mgyoe.com

mgyoe.com

ငြင်းရန် စိတ်ပျက်လျက် ကိုလန်ဘာ့စ်သည် ထွက်ခွာ၍လာလေသည်။ သို့ထွက်လာသောအခါ မိမိကို ပြန်၍ခေါ်သောအသံကို ကြားရလေသည်။ အကြောင်းမူကား မိတ်ဆွေဟောင်းတစ်ယောက်က 'ဘုရင်မကြီးအီဇာဘက်လာအား သူ့အကြံကို လိုက်ရလျှင် စရိတ်ကြီးကြီးကျယ်ကျယ်ကုန်ကျဖို့ မရှိ၊ သူပြောသည့်အတိုင်း ကမ္ဘာသစ်တစ်ခုကို တွေ့ရလျှင် ဘုရင်မကြီး၏တိုင်းပြည်မှာ လွန်စွာတန်ခိုးကြီးဖို့ရှိမည်' ဟုပြောပြသဖြင့် ဘုရင်မကြီးက မိမိ၏ စိန်ကျောက် ရွှေငွေတို့ကို ထုခွဲပြီး ငွေစုမည်ဟု ဝန်ခံသဖြင့် ကိုလန်ဘာ့စ်ကို ပြန်ခေါ်ခြင်း ဖြစ်လေသည်။

ထိုအခါ ကိုလန်ဘာ့စ်သည် နောက်သို့လှည့်ကာ နန်းတော်ဝင်ပြီး ကိုလန်ဘာ့စ်၏ ဘဝ၌ကြီးစွာသောပြောင်းလဲခြင်း ဖြစ်လေရာ ကမ္ဘာလောကကြီးနှင့် ရှိရှိသမျှ ဥရောပတိုင်းအားလုံးတို့နှင့် သမိုင်းကျမ်းစာမှာလည်း ကြီးစွာသောပြောင်းလဲခြင်း ဖြစ်ခဲ့လေသည်။

သို့သော်လည်း ကိုလန်ဘာ့စ်၏နောက်သို့ မည်သူမျှ မလိုက်ဝံ့ကြသဖြင့် ဘုရင်မင်းမြတ်နှင့် ဘုရင်မကြီးက လိုက်အောင် အတင်းအကျပ်ပြုကြရလေသည်။ အကြောင်းမူကား မတော်တဆကမ်းကို မတွေ့ရချေက အဆုံးမရှိသော သမုဒ္ဒရာ၌ ပျက်စီးဖို့ရှိသည်ဟု တွေးမိကြလေသည်။

တံငါသင်္ဘောကလေးခန့်ရှိသော ပင်တာ ခေါ် သင်္ဘောမှာ ပင်လယ်သို့ သုံးရက်ခရီးမျှရောက်လျှင် တက်မပျက်၍ ဒုက္ခရောက်သောအလံကို ထူရလေသည်။ ထိုအခါ သင်္ဘောသားတို့သည် နိမိတ်မကောင်းဟု မှတ်ယူကြပြီးလျှင် လွန်စွာ ထိတ်လန့်ခြင်းဖြစ်ကြလေရာ ကိုလန်ဘာ့စ်သည် ၎င်းတို့အား ရောက်လတ္တံ့သောအရပ်၌ ရကြမည်ဖြစ်သော ရွှေ၊ စိန်၊ ကျောက်သံတို့နှင့် များ၍ အတန်တန် အားပေးရလေသည်။

သို့သွားရာ ကယ်နေရီကျွန်းများ၏အနောက်ဘက် မိုင် ၂၀၀ ရောက်၍သွားသောအခါ အိမ်မြှောင်သည် မြောက်ဘက်ကြယ်ကို မပြဘဲ ပြောင်းလဲခြင်း ဖြစ်လေ၏။ ထိုအခါ သင်္ဘောသားများ ထိတ်လန့်၍ ဆူပူကြလေရာ ကိုလန်ဘာ့စ်က မြောက်ဘက်ကြယ်သည် မိမိတို့လာစဉ်က မြောက်ဘက်မှာ ရှိသော်လည်း ယခုမြောက်ဘက်ကမ္ဘာမှာ မဟုတ်တော့သည်ဖြစ်ကြောင်းကို ပြော၍ပြရလေသည်။

ယင်းကဲ့သို့ မိုင်ပေါင်း ၂၃၀၀ သွား၍ ရောက်သောအခါ ကိုလန်ဘာ့စ်က မိုင်ပေါင်း ၁၇၀၀ မျှ ရောက်သေးသည်ဟု ပြောထားရလေသည်။ ထိုမျှလောက် ခရီးရောက်သောအခါ သစ်သီးများနှင့် မျောလာသော ချုံကြီးတစ်ခုကိုလည်းကောင်း၊ ငှက်များကိုလည်းကောင်း မြင်ရလေသည်။ ထို့နောက် လူ၏လက်ဖြင့် ပြုလုပ်ထားသော သစ်သားအစအနတို့ကိုလည်း ရလေ၏။ ၎င်းသည် ၁၄၉၂ ခုနှစ် ဖေဖော်ဝါရီလမှ ထွက်၍လာရာ ၎င်းနှစ် အောက်တိုဘာလ ၂ ရက်နေ့တွင် အနောက်ကမ္ဘာတစ်ခြမ်း၏ ကမ်းခြေ၌ ကာစ်တိုလ် ခေါ်သော အောင်လံကို ထူစိုက်ရလေသည်။

(ဤကား စွဲမြဲခြင်း၊ ခွဲကောင်းခြင်း၏ ကမ္ဘာလုံး ထင်ရှားသော ပုံသက်သေကြီး ဖြစ်လေသည်။)

mgyoe.com

mgyoe.com

## အခန်း (၃)
## တွေးတောခြင်းအပြစ်

ဂရိတ်ပြည့်ရှင် အယ်လိပ်ဇံဒရာ ဘုရင်မင်းမြတ်အား အဘယ်ကြောင့် ဤမျှလောက် စစ်အောင်မြင်သနည်းဟု အမေးရှိသောအခါ စစ်ခိုင်ခံ့ခြင်းကြောင့် အောင်မြင်သည်ဟု ပြောလေသည်။

အချို့သော တန်ခိုးသတ္တိကြီးမားသော သူတို့သည် အလွန်ခက်ခဲသော အရေးတို့၌ ပျက်စီးဆုံးရှုံးလိမ့်လဲခြင်း ဖြစ်လောက်ပါလျက် လိမ့်လဲခြင်းမရှိ၊ အောင်မြင်သည်မှာ မယိမ်းမယိုင်ခြင်း၊ သို့လော သို့လော တွေးတောမရှိခြင်းကြောင့် ဖြစ်လေသည်။

ယူနိုက်တက်စတိတ်နိုင်ငံ ပြည်တွင်းရေးစစ်ကြီး၌ အောင်မြင်ခြင်းဖြစ်သည်မှာ ဂရန့်ဆိုသူ၏ လျင်မြန်သောစိတ် ပြဋ္ဌာန်းခြင်းကြောင့် ဖြစ်လေသည်။

လျင်မြန်စွာ စိတ်ကို ဆုံးဖြတ်တတ်ခြင်းသည် သူရဲကောင်းတို့၏အင်္ဂါဖြစ်၍ ကြီးလှစွာသော အောင်မြင်ခြင်း၏ဆုကို ရရှိနိုင်လေသည်။ ကြောက်ရွံ့၍ တော်မှတော်ပါ့မလား၊ ဖြစ်မှဖြစ်ပါ့မလားဟု တွေးတောခြင်းသည် အများဆုံးသော ဆုံးရှုံးခြင်းတို့၏အကြောင်း ဖြစ်လေသည်။

တစ်စုံတစ်ခုသောအလုပ်ကို လုပ်မည်ရှိသည့်အခါ 'ဤလိုလုပ်လို့ ဖြစ်ပါ့မလား၊ ဟိုလိုလုပ်လျှင် ကောင်းလိမ့်မယ်' စသည်ဖြင့် ယိမ်းယိုင်နေခြင်း၊ ချိန်ခွင်လျှာ ယမ်း၍နေခြင်း၊ သေးငယ်သော အကျိုးကျေးဇူးကိုသာ ဖြစ်စေနိုင်၏။ ဟုတ်၏ မဟုတ်၏ဟူသော စကားနှစ်ခွန်းကို လျင်မြန်နိုင်မြဲစွာ အတည်တကျပြောနိုင်သောသူသည် လောက၌ အထွတ်အထိပ်သို့ ရောက်ရမည်မလွဲ ဖြစ်လေသည်။

အချို့သောသူတို့သည် မည်သည့်အရာကိုမျှ သေချာစွာ ဆုံးဖြတ်ခြင်းမပြုနိုင်ကြ။ သို့လော သို့လော တွေးတောခြင်းဖြင့် တွေးတောလျက်နေကြရင်း အချိန်ကို ကုန်စေကြ၏။ ထိုကဲ့သို့သော သူတို့သည် တိုးလည်းမတိုး၊ ဆုတ်လည်းမဆုတ်၊ လှိုင်းပေါ်၌ မြောက်ချည် ကျချည်နေသော လှေသမ္ဗန်နှင့် တူကြလေသည်။

များစွာသောသူတို့သည် ရိုးသားဖြောင့်မတ်ခြင်း၊ ပညာဉာဏ်ရှိခြင်း၊ ငွေရင်း ကြေးရင်း အပေါင်းအသင်းနှင့် ပြည့်စုံကြပါလျက် လိုရင်း လျင်မြန်စွာဆုံးဖြတ်တတ်သော အလေ့အကျင့်ကို မရကြသဖြင့် မကြီးပွားဘဲ နေကြလေသည်။ ၎င်းတို့သည် နှိုင်းနှိုင်းချိန်ချိန် သုခမိန်လုပ်၍နေရင်း အခြားလူတွေ ကြီးပွားအောင်မြင်သွားကြ၍ အချိန်လွန်သောအခါကျမှ စိတ်ကို ပိုင်းဖြတ်မိကြသဖြင့် သူတစ်ပါး၏ စားဖတ် ဝါးဖတ် အကြွင်းအကျန်ကိုသာ ရကြလေသည်။

၎င်းတို့သည် ဘယ်အရာကို လုပ်ရမည်၊ ဘယ်အတတ်ကို သင်ရမည်ဟု စဉ်းစားရင်းဒုတိယ

mgyoe.com

mgyoe.com

အရွယ်သို့ ရောက်ကြမှ သတိရကြသောအခါ ကြီးပွားသင့်သလောက် မကြီးပွားဘဲ လူသာမန်
၏ အစုအဝေးတွင် နစ်မြုပ်၍ နေကြရလေသည်။

အချို့သောသူတို့သည် ကြီးကျယ်သော အလုပ်များကို လုပ်နိုင်ဖို့ရန် များစွာ အရည်အချ
ပြည့်စုံကြလေသည်။ သို့သော်လည်း လျင်မြန်စွာ ဆုံးဖြတ်တတ်သောစိတ် မရှိသဖြင့် သူလိုငါ
နေကြရလေသည်။

ထိုကဲ့သို့သော သူတို့သည် ဘာကိုလုပ်ရမည် မသိကြသဖြင့် အမျိုးမျိုး စိတ်ပြောင်းကာ စိ
အတည်မကျနိုင်ဘဲ သစ်မရှိမိစပ်ကြား ဝါးပေါင်းကွပ်ဟူသော အနေလည်းကောင်း၊ စာရေးစာ
လုပ်ကြ၏။ ထိုလူစုတို့မှာ ဝါးပေါင်းကွပ်ရင်း သေကြရလေသည်။ သို့ဖြစ်၍ အကြောင်းမူကား
ပေါင်းကွပ်သော ခေတ္တအလုပ်များ၌လည်း ဟုတ်ဟုတ်ငြားငြား စိတ်မပါ၍ ပေါက်ရောက်မကြီးစ
အဘယ်အရာကို လုပ်ရပါမည်နည်းဟု တွေးကြကာ မြင်သမျှ ကြားသမျှအလုပ်တွေကို လိုက်စ
လုပ်ကိုင်ချင်လျက် တစ်စုံတစ်ရာမျှ မလုပ်မိဘဲ နေတတ်ကြလေသည်။ ထိုကဲ့သို့နေရင်း ပျိုရွ
သောအချိန် လွန်သည့်အခါ ပျိုရွယ်သောစိတ်အား မာန တက်ကြွမှျော်ကိုးခြင်း ဆုတ်ယုတ်ပြီးလျှ
လောင်းကျသော သစ်ပင်ကဲ့သို့ စိတ်အား ကိုယ်အား ကုန်ခန်းတတ်ကြလေသည်။ ထိုအခါ ၎င်း
၏ ကြီးပွားခြင်းသည် ချောင်းဦးတို့ပမာ ထုံးအိုင် ညွန်အိုင်ထက် ပို၍မပေါက်ရောက်ဘဲ တောဖုံး
ပျောက်ကွယ်တတ်လေသည်။

ထိုလူတို့မှာ ဤဘဝ၌ ကြီးကျယ်သောအလုပ်တစ်ခုခုကို ဖြစ်မြောက်အောင် လုပ်ပါလျှ
လမ်းအခွင့်ကုန်၍ မိမိတို့၏ ဘဝအဖြစ်တွင် စိတ်လက်မကျေမနပ် မချမ်းသာခြင်းဖြစ်ကာ ေ
သည်တိုင်အောင် ငြိုငြင်ဆင်းရဲတတ်ကြလေသည်။

အချို့သောသူတို့သည် မိမိတို့ လုပ်သောအလုပ်၌ ခေတ္တဟူ၍ သဘောထားကြ၏။ လူ
သည့်အခါ ကျုပ် ဒီအလုပ်ကို ခေတ္တလုပ်နေတာပဲ။ ကျုပ်ကြံထားတာကလေး မပြောက်သေးလို့
ကျုပ် ဒီမျှလောက် မှန်းသူမဟုတ်ပါ၊ ကျုပ် သည်လိုချည်း အမြဲနေမယ်မထင်ပါနဲ့ဟု ပြောရင်း
အသက် ၄၀ ကျော်၍ သွားကြ၏။ သို့လွန်စွာကောင်းသောအရွယ် လွန်မြောက်၍ လာသည်ကို
သတိမထားဘဲ တစ်နှစ်ပြီးတစ်နှစ် ဆက်လက်ကာ ထိုစကားမျိုးကိုသာ အသုံးပြုတတ်ကြ
သည်။ ပြောင်းလဲခြင်းဖြစ်အောင်ကိုမူ ထိထိရောက်ရောက် မကြိုးစားသဖြင့် သည်ကဲ့သို့သော
မျိုးသည် မိမိကိုယ်ကို မိမိ လှည့်စား၍နေသောလူမျိုး ဖြစ်လေသည်။

ထိုကဲ့သို့ လှည့်စားလေ့ရှိသူတို့သည် အမြဲအားဖြင့် သူတစ်ပါးလက်အောက်မှာ အော
တန်းစားဘဝမှ ထွက်ဖို့ရန် များစွာခက်လေသည်။ ထိုလူမျိုးသည် အချိန်ရှိစဉ်က တစ်စုံတစ်ခု
သတ်မှတ်ပြီး စူးရှစွဲမြဲကာ လုပ်ကိုင်ခဲ့ကြချေက အဆုံးမရှိ ကြီးပွားနိုင်ကြလေသည်။

ငယ်စဉ်က ကြီးကြီးကျယ်ကျယ် စိတ်ဝယ်မှန်းပြီး တစ်စုံတစ်ရာမျှ မဖြစ်မြောက်သောသူ
၏ အကြီးဆုံးသောအဖြစ်သည် မစွဲမြဲဘဲ ပြောင်းလဲတတ်သောကြောင့် ဖြစ်လေသည်။

mgyoe.com

mgyoe.com


'အရွယ်ရှိစဉ်က မိမိ၏အရည်အချင်း ဝါသနာနှင့် နီးစပ်သောအလုပ် ဖြစ်စေ၊ အတတ်ဖြစ်စေ၊ ခိုင်မြဲသောစိတ်နှင့် စွဲစွဲမြဲမြဲ သဲသဲမဲမဲ တစ်သမတ်တည်းအားထုတ်ချေက ၎င်းကို မအောင်မြင်မကြီးပွားအောင် မိုးသိကြားကိုယ်တိုင် ဝင်ရောက်တားဆီးပိတ်ပင်၍ ရမည်မဟုတ်' ဟု စိတ်ပညာဆရာကြီး ဝီလျံဂျိမ်းစ်က ပြောပြဖူးလေသည်။

များစွာသော ပျိုရွယ်သူတို့မှာ ထိုစိတ်မျိုး ရှိပြန်သော်လည်း စိတ်အားက မသန်သဖြင့် အခက်အခဲ အနည်းငယ်ကြုံတွေ့သည့်အခါ စွဲမြဲသောစိတ်သည် ပျက်ပြယ်ခြင်းအဖြစ်သို့ ရောက်သွားရလေသည်။

ကြီးပွားလိုသောသူတို့သည် ချောင်းတစ်ခုကို ကျော်ပြီးလျှင် တံတားကို မီးရှို၍ပစ်ရမည်။ ထိုကဲ့သို့ ရှို၍မပစ်ဝံ့သူတို့သည် တစ်ဖက်၌ အခက်အခဲကြုံတွေ့သည့်အခါ ပြန်၍ကူးလာတတ်သဖြင့် အောင်မြင်ခြင်းကို မရောက်ဘဲ ခက်ခဲခြင်းသည် ဆတက်ထမ်းပိုး ပိုမိုကြီးမား၍ လာမြဲဖြစ်သည်။ ကမ္ဘာပေါ်၌ ထိုကဲ့သို့ တံတားကို မီးရှို့ံသူသည် အောက်တန်းစားလူများထဲတွင် အများကြီး ရှိကြလေသည်။

အလုပ်တစ်ခုခုကို စ၍လုပ်ရမှာ ကြောက်ခြင်း၊ အနှောင့်အယှက်တွေ ရှိနေမှာလားဟု တွေး၍ နေးဖင့်ခြင်း၊ အကြောင်းမညီညွတ်သေးသဖြင့် ညီညွတ်သမျှဖြင့် စ၍လုပ်မည်ဟု စောင့်ဆိုင်းခြင်း၊ သူတစ်ပါးက စိတ်ပျက်စရာတွေ ပြောသဖြင့် ပျက်ပြယ်ပြယ်ဖြစ်ခြင်း စသည့်စိတ်တို့ကြောင့် တစ်စုံတစ်ရာကိုမျှ ထွန်းပေါက်အောင် မလုပ်နိုင်သူတို့သည် များစွာရှိကြလေသည်။ သို့လော သို့လော တွေးတောခြင်း၌ အကြောက်သည် အရင်းတည်၍ အဖျားတိုင် ကြောက်သဖြင့် ဆုံးရှုံးကြရ၏။

မှောင်ထဲသို့ မတိုးဝံ့သူ၊ အကျိုးအကြောင်း မသိသောကြောင့် မလုပ်ဝံ့ဘဲနေသူ၊ အသစ်ကို မထွင်ဝံ့သူ ဤသူတို့သည် လူသာမန်တွေ၊ သူလိုငါလိုလူတွေ ဖြစ်ကြလေသည်။

ဇနကမင်းသားသည် သို့လော သို့လော မတွေးတောသော ကြောင့် မေခလာနတ်သမီး၏ ပိုက်ပွေ့ခြင်းစည်းစိမ်နှင့် ထီးနန်းစည်းစိမ်ကို ခံစားရ၏။

သို့လော သို့လော တွေးတောခြင်းတည်းဟူသော အယုတ်မာကောင်သည် အသင်၏နားနားသို့ ကပ်ကာ ဖြည်းဖြည်းလုပ်.. စဉ်းစားနော်.. လောမကြီးနဲ့.. ဖြစ်မယ်မထင်ဘူး.. ငွေရှိမှဖြစ်မယ်.. အခါမဟုတ်သေးဘူး.. အခါကောင်းအောင် စောင့်ဦးဟု ပြောတတ်၏။ ထိုစကားဖြင့် နားယောင်၍နေသူတွေ သိန်းသန်းကုဋေ ရှိကြရာ ၎င်းတို့အထဲတွင် အသင်ပါဝင်မည်လား။ ၎င်းစိတ်သည် ကြောက်လေလေစိတ်မျိုး ဖြစ်၏။

ထိုစိတ်အားထက်သန်ခိုက်မှာ အလုပ်ကို စ ရာ၏။ အတွေးအခေါ်များလျှင် စိတ်အားယုတ်တတ်၏။

mgyoe.com

mgyoe.com


စိတ်ညစ်ခြင်းသည် အမှောင်နှင့် တူ၏။ ဝီရိယစိတ်အား ဉာဏ်မျက်စိပါ မှောင်တတ်လေသည်။

ယောက်ျားအာဇာနည်တို့သည် လုပ်တော့ သို့လောသို့လော မရှိ။ ဘာလောညာလောမဝင်ရ။ တစ်လမ်းတည်း သွားတတ်လေသည်။ မသေ ရွှေထီး၊ သေ မြေကြီးဟု မှတ်။

တွေးတောခြင်းသည် လေနှင့် တူ၏။ စိတ်အားငယ်သူသည် ပန်းပြားပင်နှင့် တူလေသည်။ ထိုလူမျိုးသည် လမ်းအခွင့်ကို အမြဲလွှတ်၍ ပစ်ကြ၏။ မှားမှားမှောက်မှောက် တစ်ခုခုဖြစ်မှာကိုပင် မကြောက်နှင့်။ အမှားအယွင်း ပျက်စီးခြင်းသည် တိုးတက်ရန် လှေကားဖြစ်၏။

စိတ်ကို မဆုံးဖြတ်မီ ဖြစ်ဖို့လမ်းရှိ မရှိကို အနည်းနည်း စဉ်းစားလေ လမ်းရှိလျှင် လုပ်၊ မတော်တဆ အပျက်ပေါ်လာမှာကို မတွေးနှင့်။ မဖြစ်နိုင်ဟု မူလက ယုံကြည်လျှင် မလုပ်နှင့်။ ဖြစ်နိုင်သည်ဟု ထင်၍လုပ်လျှင် ဘာကိုမှ မတွေးနှင့်။ သေတစ်နေ့၊ မွေးတစ်နေ့ဟု မှတ်။

တစ်ခုခုသောအလုပ်ကို စ၍ လုပ်ပြီးမှသော်လည်းကောင်း၊ တစ်ခုခုသောအရာကို ဝယ်ပြီးမှသော်လည်းကောင်း၊ တစ်ခုခုသောနေရာကို သွားပြီးမှသော်လည်းကောင်း ငါမှားပြီဟု တွေးတောခြင်းသည် အားငယ်သောစိတ်၏ သက်သေဖြစ်၏။

ထိုလူစုသည် ပင်လယ်ထဲတွင် လေတိုက်တိုင်းလွင့်သော သင်္ဘောနှင့် တူ၏။ ကျောက်ဆောင်နှင့် တိုက်မိတတ်လေသည်။ စိတ်အားငယ်ခြင်းသည်လည်း ပြောင်းလဲ၍မရနိုင်သောအရာမဟုတ်။ ငယ်ငယ်ထားသောကြောင့်သာ ငယ်၍နေရ၏။ ကြီးကြီး ခိုင်ခိုင်ထားလျှင် ခိုင်မာရမည်သာတည်း။

စိတ်ခိုင်မာသူတို့သည် တစ်စုံတစ်ခုကို လုပ်ရန် အကြံပြုသည့်အခါ ခိုင်မာသော ကြီးသောအလုပ်ကို ကြောက်ခြင်းသည် ငါ ဘာမှမဟုတ်ဟု ဝန်ခံရာရောက်၏။ ကြီးသောအလုပ်ကို မကြောက်မှ ကြီးမြင့်ရာ၏။ ခြသေ့မင်းနှင့် နပန်းလုံး၍ သေရလျှင် ဂုဏ်မရှိပါလော ဆုံးဖြတ်ချက်ရောက်သည်နှင့်တစ်ပြိုင်တည်း အောင်မြင်ပြီးဖြစ်သည်ဟု စိတ်ချရမည်။

## အခန်း (၄)
## အားလပ်သော အချိန်ကလေးများ

'လူတို့၏အသက်သည် အချိန်ကို မှီ၍ဖြစ်၏၊ သို့အတွက် အချိန်ကိုစွ နမြောရမည်' ဟု ဖရန်းကလင်းဆိုသူက ပြောဖူး၏။

ဆုံးရှုံးပြီးသော တစ်မိနစ်ကို မကုန်ဆုံးနိုင်သော ထာဝရအချိန်သမုဒ္ဒရာကြီးသည် အစားထပ်၍ မပေးနိုင်။

mgyoe.com

'အချိန်ကို ငါဖြုန်းခဲ့၏၊ သို့အတွက် အချိန်က ယခု ငါ့ကို ဖြုန်း၏' ဟု ရှိတ်စပီးယား ပြောဖူးလေသည်။

အချိန်ကို ချွေတာလျှင် ငွေကိုစု၍ အတိုးချသည်ထက် ပိုမို၍ကြီးသော အတိုးအမြတ်ကို ရနိုင်၏။ (ဂလက်စတုန်း)

'နေထွက်နှင့် နေဝင် စပ်ကြားတွင် စိန်အတိပြီးသော မိနစ် ၆၀ ဖြင့် ခြယ်လှယ်၍ထားသော အချိန်နာရီတစ်ခုသည် ပျောက်၍သွား၏၊ ဆုငွေနှင့် ကြော်ငြာပေး၍ မရနိုင်၊ အကြောင်းပြန်၍ မရနိုင်လေ ပျောက်ဆုံးခြင်းဖြစ်၏' ဟု ဟောရေ့စ်မန်းဆိုသူက ပြောဖူးလေသည်။

ဖရန်းကလင်း၏ သတင်းစာတိုက်သို့ လူတစ်ယောက် ဝင်လာပြီး "ဒီစာအုပ် အဖိုး ဘယ်လောက်လဲ" ဟု မေး၏။ စာရေးက "ဒေါ်လာတစ်ပြား" ဟု ပြန်ပြောရာ "မလျှော့နိုင်ဘူးလား" ဟု ဝယ်မည့်လူက ထပ်၍မေးလေ၏။ စာရေးက "ဒေါ်လာတစ်ပြားပဲ" ဟု ပြောလေ၏။

၎င်းလူက "ခင်ဗျားတို့ တိုက်ရှင်ကို မတွေ့ရဘူးလား" ဟု မေးရာ စာရေးက "တိုက်ရှင်မှာ အင်မတန် အလုပ်များနေတယ်၊ တွေ့တော့ တွေ့နိုင်ပါရဲ့" ဟု ပြောပြီး တိုက်ရှင် ဖရန်းကလင်းကို ခေါ်၍ပေးလေ၏။ ဝယ်မည့်လူက ဖရန်းကလင်းအား "ဒီစာအုပ် အဖိုးဘယ်လောက်လဲ" ဟု မေးရာ ဖရန်းကလင်းက "ဒေါ်လာတစ်ပြားခွဲ" ဟု ပြော၏။

ဝယ်မည့်သူက "ခင်ဗျားစာရေးက ဒေါ်လာတစ်ပြားဟု ပြောပါကလား" ဟု ပြောရာ ဖရန်းကလင်းက "ကျုပ်အလုပ်ကို ဖျက်လာပြီး ခင်ဗျားနှင့် စကားပြောတဲ့အချိန်မှာ ဒေါ်လာတစ်ဝက်မကဘူး တန်တယ်" ဟု ပြောလေသည်။

ထိုအခါ ၎င်းလူသည် ဖရန်းကလင်းထံမှ အဖိုးတန်သောစနစ်ကို ရပြီး ဆက်လက်၍ မဆစ်ဘဲ ငွေပေးပြီး စာအုပ်ကို ယူသွားလေသည်။

ကြီးပွားလိုသောသူသည် ရွှေပန်းထိမ်နှင့် တူစေမည်။ ရွှေပန်းထိမ်ဆရာသည် အငယ်ဆုံးသော ရွှေအစအနကလေးများကို မလွင့်ပါးရအောင် နေရာသတ်မှတ်၍ အလုပ်လုပ်ပြီး နောက်ဆုံး၌ မြေကိုလှန်၍ အဖိုးတန်ရွှေကို ကျင်၍ယူ၏။ ထို့အတူ အချိန်အတိုအစတို့ကို အသုံးကျသော အရာ တစ်ခုခု၌ ထည့်ထားပြီး သုံးနှစ်ကြာလျှင် ကျင်၍ယူက ရွှေထက်ပင် အဖိုးတန်လိမ့်မည်။

ပင်လယ်မှာ သင်္ဘောများကို တိုက်၍ဖြိုဖျက်တတ်သော ကျောက်ဆောင်တစ်မျိုးသည် သေးငယ်လှစွာသော ပင်လယ်ပိုးကောင်ကလေးများ စုပေါင်းရာမှ ဖြစ်ကြသော ကျောက်ဆောင်ကြီးများ ဖြစ်ကြလေသည်။

နပိုလျံသည် စစ်ကျောင်း၌ ကျောင်းသားဘဝတွင် အဖော်များနှင့် ပျော်ပွဲစားသွားသည့်အခါတောတောင်တို့ကို တိုင်းတာမှတ်သား၍ ထားဖူးသဖြင့် နောင်စစ်တိုက်ရာ၌ အချီအတက် စစ်စခန်းကို မိမိ၏ရန်သူများထက် ပိုမို၍သိသဖြင့် ရန်သူများကို နိုင်ခဲ့လေသည်။

mgyoe.com

 mgyoe.com 

အချိန်သည် အသင့်အား ပွဲရုံကိုယူလာ၍ ဆက်သ၏။ လက်မခံလျှင် စကားမပြောဘဲ ဝမ်းနည်းစွာ ထွက်သွားရ၏။ ဆုံးပါးသောပစ္စည်းကို ပြန်၍ရ၏။ ဆုံးပါးသောအချိန်ကိုကား ပြန်၍မရချေ။

သို့အတွက် အချိန်၏ အကျိုးမဲ့ အကြွေအကျ အစအနကလေးများအပေါ်၌ လောဘသတ်ကြလျှင် အချိန်သည် ရတနာအဖြစ်သို့ အလိုလိုရောက်၏။ ပြဒါးလုံး သံလုံးတို့ကို တစ်သက်လုံးမီးပူခံ၍ ထိုးနေသော်လည်း ပြဒါးခက်၏။ အချိန် အတိုအစတို့ကို စု၍ထားက မီးမပူဘဲလျက်အလိုလိုသိဒ္ဓိမြောက်၏။

ကျော်စောသော စာရေးဆရာကြီးများစွာတို့သည် အချိန်အတိုအစကလေးတွေကို အသုံးပြုခြင်းဖြင့် ကမ္ဘာတည်လောက်အောင် အဖိုးတန်သောကျမ်းကြီးကို ပြုခဲ့ကြလေသည်။

ဟု မစ်လားသည် ပန်းရန်သမားလုပ်ရင်း လောကဓာတ်ကျမ်းတွေကို တတ်ပြီး လောကဓာတ် ဆရာကြီး ဖြစ်လျက် မိမိကိုင်တွယ်သော ထုံးအုတ်ကျောက်ခဲများကို မိမိရေးသော လောကဓာတ်ကျမ်းများ၌ လောကဓာတ်စကားကို အပြောခိုင်းခဲ့လေသည်။

ကျော်စောသော သံအမတ်ကြီး ဂလက်စတုံးသည် မတော်တဆ အားလပ်သည့်အခါ အချိန်ကို အလကားမဖြစ်စေအောင် စာအုပ်တစ်အုပ်ကို အမြဲ ဆောင်၍ထား၏။

လောကဓာတ်ဆရာကြီး မိုင်ကယ်ဖာရာဒေးသည် စာအုပ်ချုပ်သမားလုပ်ရာ၌ အနည်းငယ်အားလပ်သောအချိန်တို့တွင် စိတ်ကို စမ်းခဲ့၏။ 'သူဌေးကြီးတွေ ဖြုန်း၍နေသော အချိန်များထဲမှ နည်းနည်းကလေး ဝယ်ယူ၍ရလျှင် အဘယ်မျှလောက် အမြတ်အစွန်းရဖို့ ရှိမည်နည်း' ဟု ၎င်းဆရာကြီးသည် ညည်းညူခဲ့လေ၏။

လောက၌ အချိန်ကို မကုန်အောင် အမြဲသတိထား၍ မနေမနား လုပ်ကိုင်သူတို့သည် အံ့ဖွယ်သရဲများလို ဖြစ်အောင် လုပ်တတ်ကြ၏။ သတိမရှိသော လူတို့သည်ကား ထိုလူမျိုးကို 'အာဇာနည်' ဟု ခေါ်၏။ မိမိတို့ကိုယ်တိုင် အာဇာနည်လေဟန် တွေးမှား ပြောမှား မှားကြလေသည်။

တစ်နေ့လျှင် နာရီဝက်မှာ အပျော်အပါးထဲမှ ထုတ်ယူပြီး တစ်ခုခုကိုလုပ်လျှင် သုံးနှစ် ကြာသောအခါ အကျိုးခံစားရလိမ့်မည်။

အားလပ်သည့်အခါ အကျိုးမဲ့နေချေက နောက်မနေဘဲ စိတ်ဝင်စားသောအလုပ်တစ်ခုခုကို အပျော်လုပ်၍ နေရမည်။

အချို့သောသူတို့သည် တစ်ပြား နှစ်ပြား စုဆောင်းခြင်းဖြင့် စီးပွားဥစ္စာကို ဖြစ်အောင် စုကြ၏။ ထို့အတူ လိမ္မာပါးနပ်သောသူအချို့တို့သည် အားလပ်သော မိနစ်အချိန်အသေးအဖွဲ့တို့ကို စုဆောင်းကာ အတတ်ပညာတစ်ခုခုကို ရအောင်ရှာမှီးကြ၏။

mgyoe.com

mgyoe.com

အချို့သော သူတို့သည် တစ်ပြားနှစ်ပြားတစ်ပဲမျှကို မလေးစားကြသဖြင့် မချမ်းသာဘဲ နေကြ၏။ အချို့သော ယောက်ျားပျို လူမလိမ္မာတို့သည်လည်း စက္ကန့် မိနစ်တို့ကို မလေးစားဘဲ အချိန်ကို ဖြုန်းသဖြင့် အရွယ်လွန်ပြီး အောက်ကျနောက်ကျ ဖြစ်ကြရလေသည်။

အတတ်ပညာကို ရွေးချယ်ရာ၌ မိမိ၏ဝါသနာ စိတ်အားအထက်သန်ဆုံးဖြစ်သော အတတ်ကို ရှာရမည်။ ငွေများစွာရမည်ဟူသော အတတ်ပညာမျိုးကို ရွေးချယ်သင်ကြားကြရမည်၊ သူတစ်ထူး အလုပ်တစ်ခုခုကိုလုပ်၍ ကြီးပွားသဖြင့် ငါလည်း ထိုအလုပ်၊ ထိုအတတ်ကို သင်ချေက ကြီးပွားမည်ဟု အထင်မှား လိုက်စားသင်ကြားချေက မိမိအတတ်သည် မိမိနှင့် မနီးစပ် မသက်ဆိုင်သဖြင့် မိမိအား အကျိုးမပေးဘဲ နေတတ်လေသည်။

အကြင်အတတ်ပညာကို လူတစ်ယောက်သည် အဟုတ်အမှန် ဝါသနာပါအံ့၊ ထိုအတတ်၌ ငယ်စဉ်ကပင် တစ်စုံတစ်ခု ဖြစ်မြောက်အောင် လုပ်တတ်ခဲ့လေသည်။ ထိုအတတ်ကို ငယ်စဉ်ကပင် တောင့်တလိုလားခဲ့၏။ ထိုကဲ့သို့ မိမိနှင့်ဆိုင်သော အတတ်တို့မှာ လူ့ဘဝကို ရကတည်းက တစ်စိတ်တစ်ဒေသ အလိုလို တတ်ပြီး ဖြစ်တတ်ကြလေသည်။ တတ်မှန်းကိုကား မိမိကိုယ်တိုင် စမ်းသပ်ကြည့်မှ သိရလေသည်။ သို့ စမ်းသပ်၍ တစ်ခုခုဖြစ်မြောက်က ဝမ်းမြောက်ဝမ်းသာ ဖြစ်လိမ့်မည်။ ညဉ့်၌ အိပ်ရာဝင်သည့်တိုင်အောင် ထိုအလုပ်ကို တွေးလိမ့်မည်။ ထိုကဲ့သို့သောအလုပ်သည် အသင်နှင့်ဆိုင်သောအလုပ်ဟု သိလေ။

ယင်းကဲ့သို့ မိမိ၏ အခြေအနေ အဆင့်အတန်း တိုးတက်စေဖို့ရန် တစ်နေ့လျှင် တစ်နာရီ၊ နာရီဝက်၊ ၁၅ မိနစ်မျှ အချိန်မရအောင် မအားမလပ်ရှိသော လူပျိုသည် အဘယ်မှာ ရှိပါသနည်း။ အဘယ်လောက် ကြီးကျယ်သောအလုပ်ကို လုပ်၍နေရသဖြင့် ဤမျှလောက် အချိန်ကလေးကို မရနိုင် ရှိပါသနည်း။

အသင်၏ရှေ့၌ ထိုအချိန်ကလေးတို့သည် အဖိုးထိုက်သော နဝရတ်ကိုးပါးပမာ တဖိတ်ဖိတ် အရောင်လက်လျက် တစ်စုံတစ်ယောက် ကြဲဖြန့်၍ချသလို ပျံသန်းဆိုက်ရောက်၍လာ၏။ အသင်သည်ကား ဂရုမစိုက်၊ သတိမထား၊ ပေါ့လျော့စွာ နေ၏။ ထိုအဖိုးမဖြတ်နိုင်သော နာရီ အစိတ်အပိုင်းတို့သည် အလေးချိန် ရတီချိန်နှင့်ပင် ချိန်စက်၍မရနိုင်အောင် အဖိုးထိုက်တန်၏။

ထိုအဖိုးမဖြတ်နိုင်သော စက္ကန့်၊ မိနစ်တည်းဟူသော ရတနာတို့ကို ဖမ်းဆီးယူငင် အသုံးပြုတတ်သူတို့သည် တောတောင် သတ္တုကို လည်း၍ရှာသောသူထက် ကြီးပွားရမည်ကား မည်သူမျှ မငြင်းနိုင်ချေ။

ထိုကဲ့သို့ ပေါ့လျော့သောသူသည် ဆင်းရဲသောအခါ ကံကို ယိုးမယ်ဖွဲ့၏။ လူမတန်လို့ ကံကို ချသော်လည်း မတန်သောသူကို ကံသည် မစခြင်းငှာ မစွမ်းနိုင်သဖြင့် ထိုလူမျိုးကို ကံသည် လက်ပိုက်ကာ ဝမ်းနည်းလျက် ကြည့်၍သာ နေရလေသည်။

mgyoe.com

ကျော်စောသော ဖိနပ်ချုပ်သမား စီဖရောက် ခေါ်သူသည် တစ်နေ့လျှင် တစ်နာရီ ပညာကို သင်ပါမည်ဟု နိုင်မာမြဲမြံ ထက်သန်သော စိတ်အကြံကို ပြု၏။ ထို့နောက် ယူနိုက်တက်စတေ့နိုင်ငံ၌ အကျော်ဆုံးသော သင်္ချာဆရာကြီးဖြစ်သည့်ပြင် အခြားသော အတတ်ပညာများ၌လည်း အများပြည်သူ ယူနိုက်တက်စတေ့နိုင်ငံသားတို့၏ ကိုးကွယ်ခြင်းကို ခံရသူ ဖြစ်လေသည်။

ဂျွန်ကြူအာဒယ် ခေါ်သူသည် မိမိ၏အချိန်ကို လာ၍ဖြုန်းသူတို့အား ပြင်းထန်စွာ အပြစ်တင်ဆိုလေ့ ရှိလေသည်။

အီတာလျံလူမျိုး ပညာရှိတစ်ယောက်သည် မိမိအိမ်တံခါး၌ စာတင်၍ထား၏။ ထိုစာမှာ အခြားမဟုတ်၊ '၎င်းနေရာသို့ လာသူဟူသမျှ ကျွန်ုပ်၏အလုပ်များကို ကူညီရမည်' ထိုစာကို မြင်သောသူတို့ အချိန်ဖြုန်းရန် မလာဝံ့ဘဲ ရှောင်ရှား၍ သွားကြရလေသည်။

ရာဇဝင်၌ ထင်ရှားကျော်စောသော လူအများတို့အနက် များစွာတို့မှာ မိမိတို့၏အလုပ် မရှိသည့်နောက် အားလပ်သော အချိန်ကလေးများမှာ လုပ်ကိုင်ကြံစည် သင်ကြားခြင်းများကြောင့် ကျော်စောခဲ့ကြလေသည်။

ဆာဂျွန်လပ်ဘောက်သည် ဘဏ်တိုက်၌ အလုပ်လုပ်စဉ် အနည်းငယ်အားလပ်ခွင့်ရသည့်အခါ ရာဇဝင်ဟောင်းများကို ဖတ်ရှုသင်ကြားခြင်းဖြင့် ထင်ရှားခြင်းအဖြစ်သို့ ရောက်ခဲ့လေသည်။

ဆောက်သေး ခေါ် စာရေးဆရာသည် စာအုပ်ပေါင်းတစ်ရာ ရေးခဲ့၏။ ဟော်သန် ခေါ် စာရေးဆရာကြီး၏ နတ်စာအုပ်ကို ဖတ်၍ကြည့်လျှင် စိတ်ကူးပေါ်သည့်အတိုင်း မလွတ်မပျောက်ရအောင် ရေးမှတ်လေ့ရှိကြောင်း သိသာလေသည်။

၎င်းဆရာကြီး၏ အချို့သော ကျော်စောသောစာအုပ်များမှာ သင်္ဘောနှင့် ခရီးသွားရင်း ရေးသော စာအုပ်များ ဖြစ်ကြလေသည်။

ကျေးဇူးရှင် လယ်တီဆရာတော်အရှင်မြတ်သည် များစွာသောကျမ်းတို့ကို ခရီးသွားရင်း ရေးပြုစီရင်ခဲ့၏။ ကျွန်ုပ်တို့မြန်မာပြည်၌ ယခုခေတ်သမယ ထင်ပေါ်ကျော်စောသူ ပုဂ္ဂိုလ်ထူးကြီးများတွင် လယ်တီဆရာတော်သည် ဝီရိယအကြီးဆုံးသော ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်လေသည်။

အလုပ်ကို အမြဲအလုပ်လုပ်သူသည် အလုပ်ကိုစွဲ၍ အလုပ်၌ပျော်သဖြင့် မလုပ်ရလျှင် မနေနိုင်သကဲ့သို့ ဖြစ်လေရာ ထိုကဲ့သို့သော ပုဂ္ဂိုလ်မျိုးသည် လူသတ္တဝါတို့ မှီဝဲသောက်သုံးရန် မကုန်မခန်းနိုင်သော အလိမ္မာစမ်းရေတွင်းကြီးများနှင့် တူကြလေသည်။

ထိုကဲ့သို့သော ပုဂ္ဂိုလ်ကြီးများ၏စိတ်သည် မအားလပ်သဖြင့် အခြား လူသာမန်တို့ကဲ့သို့ သေးနုပ်သိမ်ဖျင်းသော အကြံအစည်တို့ကိုလည်းကောင်း၊ မကောင်းသော စိတ်အကြံတို့ကိုလည်းကောင်း ကြံဖို့ရန် အချိန်မရ၊ ထိုမကောင်းသော စိတ်အကြံတို့သည်လည်း ဝင်ရောက်ခွင့်မရကြသဖြင့် ၎င်းတို့၏စိတ်သည် မြင့်သည်ထက် မြင့်၊ မြတ်သည်ထက် မြတ်၊ ရင့်သည်ထက် ရင့်၊ ကြီးမား

mgyoe.com

ထက်သန်သည်ထက် ကြီးမားထက်သန်ပြီးလျှင် အများသောလူတို့၏ လေးစားကိုင်းညွတ် ပူဇော်ခြင်းကို အလိုအလျောက် ခံကြရလေသည်။

ကမ္ဘာပေါ်၌ ထင်ရှားကျော်စောသူမှန်သမျှသည် အချိန်ကို စေးနဲသူများ၊ အချိန်လောဘကြီးသူများ ဖြစ်ကြလေသည်။

ရောမစာရေးဆရာကြီး ဆစ်ဆီရိုက အခြားလူမျိုးတွေ ပျော်ပါးအားလပ်သည့်အခါ မိမိသည် ဖီလော်ဆော်ဖီပညာကို သင်၍နေသည်ဟု ပြောဖူးလေသည်။

လော့ဒ်ဘေကန်သည် အင်္ဂလန်ပြည် ချုံဆင်လာဖြစ်စဉ်က အားလပ်သည့်အခါ ရေးသောစာအုပ်ဖြင့် ကျော်စောခဲ့လေသည်။

ဂျေါ်သ် ခေါ်သူသည် ရှင်ဘုရင်တစ်ပါးနှင့် စကားပြော၍နေခိုက်မှာ မိမိရေး၍နေသော ဖော့စ် ခေါ်သော ကျမ်းအတွက် စိတ်ကူးတစ်ခုကို ရသဖြင့် ဘုရင်မင်းမြတ်၏ထံ အခွင့်တောင်းပြီး အခန်းထဲသို့ ဝင်၍ မိမိအတွေးပေါ်သော စိတ်ကူးချက်ကို မမေ့ရအောင် ရေး၍ထားလေသည်။

ဆားဟန် ပရီဒေဗျီသည် ဆေးဆိုင်တစ်ဆိုင်တွင် အလုပ်လုပ်ရာ၌ သေးငယ်သော မိမိ၏ အခန်းကလေးထဲမှာ အားလပ်သည့်အခါ လုပ်ကိုင်ကြိုးစား သင်ကြားရေးမှတ်ခြင်းကြောင့် ကျော်စော ကိတ္တိ ရှိခဲ့လေသည်။

ပုတ်ခေါ် လက်ာဆရာကြီးသည် အလုပ်များသော နေ့အချိန်၌ ပေါ်လာသော စိတ်ကူးဉာဏ်တို့ ညဦးအချိန်တွင် ပေါ်တတ်သဖြင့် အိပ်ရာကထ၍ ရေးမှတ်လေ့ရှိလေသည်။

ဂရို ခေါ် ရာဇဝင်ဆရာကြီးသည် မိမိ၏ အတုမရှိသော ဂရိတ်ရာဇဝင်ကို အလုပ်အားလပ်သည့်အခါ ရေးခဲ့လေသည်။

ဂျော့စတီဖင်ဆင်သည် အချိန်အတိုအစများကို ရွှေတိုငွေစကဲ့သို့ စုဆောင်းသိမ်းယူသူ ဖြစ်လေ၏။ ၎င်းသည် မိမိ၏ပညာကို မိမိသင်၍ အလွန်ကြီးကျယ် ကျော်စောသော အလုပ်များကို ထိုကဲ့သို့သော အချိန်အတိုအစများကို အသုံးပြုသဖြင့် ပြီးမြောက်အောင်မြင်ခဲ့ရလေသည်။ အင်ဂျင်နီယာဖြစ်စဉ်က ဂဏန်းသင်္ချာကို ညဥ့်အလုပ်ဆင်းရာ၌ သင်ကြားတတ်မြောက်လေသည်။

မိုးဇတ် ခေါ် တေးရေးဆရာကြီးသည် မိမိ၏အလုပ်များကို နာရီရှိသမျှ ပိုမိုကောင်းအောင် ပြုလုပ်လေ့ရှိသည်။ ကြာကြာအိပ်လျှင် အလုပ်နှင့် ကွဲနေမှာစိုးသဖြင့် နည်းနည်းသာ အိပ်ရ၏။ တစ်ရံတစ်ခါ နှစ်ည သုံးည မရပ်မနား အလုပ်လုပ်လေသည်။ ၎င်းသည် အလွန်ကျော်စောသော ရေကွီရင် ခေါ် အသုဘသီချင်းကို မိမိကိုယ်တိုင် သေခါနီးမှ အိပ်ရာပေါ်မှာ ရေးခဲ့လေသည်။

ရောမစစ်ဘုရင်ကြီး ဂျူလီယပ်ဆီးဇားက မိမိသည် စစ်မြေပြင်၌ အကြီးအကျယ် ခက်ခက်ခဲခဲ တိုက်၍နေခိုက်မှာ အခြား များစွာသော အကြောင်းအရာတို့ကို တွေးကြံလုပ်ကိုင်ဖို့ရန် အချိန်ကို ရခဲ့သည်ဟု ပြောပြလေသည်။

mgyoe.com

 mgyoe.com 

တစ်ရံရောအခါ ဆိဇာဘုရင်သည် သဘော်နှင့် စစ်တိုက်သွားရင်း ရာဇဝင်ကို ရေး၍နေရာ သဘော်ပျက်လေ၏။ ထိုအခါ မိမိရေး၍နေသောစာများကို လက်မလွှတ်ဘဲ မိမိနှင့်အပါယူပြီး ဆိပ်ကမ်းသို့ အရောက် လက်ပစ်ကူးခဲ့ရဖူးလေသည်။

ဒေါက်တာ မေဆင်ဂွတ်သည် လူကရေစီယံ ခေါ်သော ကျော်စောသောကျမ်းကို လန်ဒန်မြို့၌ မိမိ၏ လူမမာများအား မြင်းနှင့်လည်၍ ကြည့်ရှုကုသရာ၌ သွားရင်းလာရင်း ရေးခဲ့လေသည်။

ဒေါက်တာ ဒါရဝင်သည် မိမိ၏ ကြီးကျယ်သော ကျမ်းများကို စက္ကူအတိုအစများနှင့် နေရာတိုင်းမှာ ရေးခဲ့လေသည်။

ဝပ် ခေါ်သူသည် သင်္ချာနှင့်ဆိုင်သော ကိရိယာတန်ဆာတို့ကို လုပ်သောဆိုင်၌ အလုပ်လုပ်ရင်း ဓာတုဗေဒနှင့် သင်္ချာအတတ်ကို တတ်မြောက်အောင် သင်ခဲ့လေသည်။

ဟင်နိကိတ်သည် ရှေ့နေတိုက်မှာ ဥပဒေသင်စဉ် အိမ်နှင့် တိုက် ကူးသန်းသွားလာရာ၌ ဂရိတ်ဘာသာစကားကို သင်ခဲ့လေသည်။

ဒေါက်တာ ဘာနီ ခေါ်သူသည် အီတာလျံဘာသာစကားနှင့် ပြင်သစ်စကားကို မြင်းစီးလျက် လည်ပတ်ရင်း သင်ခဲ့လေသည်။

ဒေါက်တာ အာနေသည် ကွန်တင်ပလေးရှင်း ခေါ် နာမည်ရသော ကျမ်းကို တရားသူကြီးအဖြစ်နှင့် နယ်လှည့်ရင်း ရေးသားခဲ့လေသည်။

သို့ဖြစ်၍ အချိန်အတိုအစတို့ကို စုဆောင်းသူတို့သည် ရွှေတိုရွှေစကို အမြဲစုဆောင်းရှာဖွေသူနှင့် တူလေသည်။

အချိန်သည် ဝတ္ထုအရိုင်းဖြစ်၏။ ၎င်းဝတ္ထုရိုင်းမှ အမျိုးမျိုးသော အဖိုးတန်ပစ္စည်းများကို ထွက်ပေါ်အောင် လုပ်နိုင်လေသည်။

လွန်ခဲ့သောအချိန်ကို ပြန်၍မတွေးနှင့်။ အနာဂတ်ကို တင်ကြို၍ မကြံနှင့်။ ယခုလက်ရှိတွေ့ရသော အချိန်တို့ကိုသာ နေရာတကျအသုံးပြုလေ။ အနာဂတ်အရေးတို့သည် အလိုလိုပြည့်စုံလိမ့်မည်။

မည်သူမျှ အနာဂတ်ကာလမှာ အလုပ်မလုပ်နိုင်၊ အနာဂတ်ကာလ၌ တစ်စုံတစ်ရာ လုပ်ဖို့ရန် မျှော်၍နေသူသည် မရှိသောအရာကို မျှော်၏။ ယခုပစ္စုပ္ပန်သာလျှင် တကယ်ရှိသည်ဟု မှတ်။

အချိန်မည်သည် တစ်ကြိမ်လျှင် တစ်မတြာကာလမျှ ကြာ၏။ တစ်မတြာကာလ လွန်မှနောက် တစ်မတြာကာလ ရောက်၏။ ရောက်လာသော ထိုကာလကလေးများကို ချက်ချင်းအသုံးပြုရာ၏။ နောင်အခါမှ အသုံးပြုရန် ဖမ်း၍ သေတ္တာ၌ သိုလှောင်ထားနိုင်သောအရာမျိုး မဟုတ်ချေ။

လော့ ဘရောင်းဟန်သည် အချိန်ကို လွန်စွာနမြောသူဖြစ်၏။ အလွန်တရာ စည်းစနစ်ကြီးသူ ဖြစ်၏။ သို့ဖြစ်သောကြောင့် မိမိလုပ်သော အလုပ်ကြီးများ ကိုးဆယ်ပုံ ပုံ၍ တစ်ပုံမျှ မလုပ်နိုင်

mgyoe.com

သော သူတို့မှာ အမြဲ မအားမလပ်ဘဲ နေ၏။ လော့ဘရောင်းဟန်မှာ အမြဲအားလပ်၍နေသည်ဟု မှတ်ထင်လောက်အောင် အလုပ်ပြီးမြောက်တွင်ကျယ်လေသည်။ ၎င်းသည် ပေါ်လစ်တစ်ဥပဒေ လောကဓာတ်စာပေပညာတို့မှာ ထင်ရှားကျော်စောခြင်းသို့ ရောက်ခဲ့လေသည်။

ဒေါက်တာဂျွန်ဆင်သည် မိမိမိခင်၏ရှာပနကိစ္စအတွက် ငွေကြေးလိုသဖြင့် အားလပ်သော ညနေအချိန်များ၌ ရေးသားရာ ရက်ဆယ် ခေါ် ကျမ်းကို ခုနစ်ရက်အတွင်း အပြီးသတ်လေသည်။

လင်းကွန်သည် မြေတိုင်းအလုပ်ကို လုပ်စဉ် အားလပ်သည့်အခါ ဥပဒေကို သင်ခဲ့၏။ မစ်ဆက်ဆိုကမျိုသည် အခြားမိန်းမများ အတင်းပြော၍နေသော အချိန်မျိုးမှာ သစ်ပင်အကြောင်းနှင့် နက္ခတ်တာရာအကြောင်းကို သင်ပြီး အံ့ဖွယ်သော ကျမ်းများကို ရေးပြုစီရင်ခဲ့လေသည်။

အသက် ၈၀ အရွယ်သို့ ရောက်သောအခါ ၎င်းသည် သေးငယ်လှစွာသော ပိုးမွှားများ အကြောင်းနှင့်ဆိုင်သည့် လောကဓာတ်ကျမ်းစာကို ရေးခဲ့လေသည်။

အချိန်ကို ဖြုန်းခြင်း၍ အချိန်ထက် နှမြောစရာကောင်းသော အရေးသည် ဖြုန်းတီးကုန်ဆုံး ဆုတ်ယုတ်သော စိတ်အားသတ္တိဖြစ်လေသည်။ အကြောင်းမူကား ပျင်းရိခြင်းသည် စိတ်အား၊ ကိုယ်အား၊ ဉာဏ်အားကို သံချေးတက်၍ ဖက်သည်အလား ပျက်ပြားအောင် ပြုနိုင်လေသည်။ အလုပ်မှာ စနစ်ရှိ၏။ ပျင်းရိခြင်းမှာ ဘာမှမရှိချေ။

သမ္မတမင်းကွင်စီသည် နက်ဖြန် ဘာလုပ်ရမည်ဟု အသေအချာ မစီစဉ်ဘဲ အဘယ်အခါမျှ အိပ်ရာကို ဝင်လေ့မရှိချေ။

အဝတ်အထည်ရက်သော စက်၌ ပြတ်သော ချည်တစ်ပင်သည် ချည်မျှင်အားလုံးကို ရှုပ်ထွေးခြင်းဖြစ်အောင် ပြုတတ်လေသည်။ ထိုအခါ မည်သူက စ၍ မှားသည်ကို စုံစမ်းပြီးပေါ့လျော့သူ၏ လခထဲမှ ဒဏ်ရိုက်ရလေသည်။

အသက်မွေးခြင်း၌ ထိုကဲ့သို့ ပျက်စီးခြင်းဖြစ်သည်ကိုကား လျော်မည့်သူ မရှိချေ။

ချည်မျှင်မပါသော လွန်းကို ကျွန်ုပ်တို့သည် အပြန်အလှန် ထိုး၍မနေနိုင်ချေ။ ထိုးသမျှလွန်း ချက်မှာ ချည်မျှင်ပါရလေသည်။ ထို့အတူ လူ့ဘဝ၌ ကျွန်ုပ်တို့လုပ်သမျှမှာ ချည်မျှင်ပါရလေသည်။ ထိုချည်မျှင်သည် လုပ်သမျှအရာတို့ကို ပျက်စီးအောင်ပြုသော ချည်မျှင် အဆွေးအပြတ် အရှုပ်သော်လည်း ဖြစ်ရာ၏။ အထည်၏ အဆင်းကျက်သရေကို အထူးတိုးတက်စေနိုင်သော ရွှေချည် ငွေချည်များလည်း ဖြစ်နိုင်လေသည်။

မကောင်းသောချည်မျှင်နှင့် ရက်၍ အထည်ထဲသို့ ထိုချည်မျှင် ဝင်ရောက်မိချေက ပြန်၍ မနုတ်နိုင်သဖြင့် အထည်တစ်ခုလုံး ကျက်သရေကို ဖျက်တတ်လေသည်။

ပျို့ရွယ်သောသူတို့သည် အသုံးကျသောအလုပ်တစ်ခုခုကို လုပ်၍နေကြသည့်အခါ ၎င်းတို့ အတွက် စိတ်ပူပင်စရာမရှိချေ။ သို့သော် မွန်းလွဲသောအခါ ၎င်းသည် အဘယ်ကိုသွား၍ နေ့လယ်

mgyee.com

စာ စားသနည်း။ ညစ္စာ ထမင်းစားပြီးသောအခါ အဘယ်ကို သွားသနည်း။ ထမင်းစားပြီးသောအခါ ဘာကို လုပ်သနည်း။ တနင်္ဂနွေနေ့နှင့် အားလပ်သောနေ့များမှာ ဘာကိုလုပ်သနည်း။ ဘယ်ကို သွားသနည်း။ ထိုမေးခွန်းတို့သည် များစွာအရေးကြီးလေသည်။

လူတစ်ယောက်၏ စိတ်သဘောကို သိလိုလျှင် အားလပ်သောအချိန်များကို ဘယ်ပုံအသုံး ချသနည်းဟု ကြည့်ရမည်။ ပျက်စီးခြင်းသို့ ရောက်ကြကုန်သော များစွာသော ပျို့ရွယ်သူတို့သည် ညစာစားပြီးသောအချိန်ကစ၍ ပျက်စီးတတ်ကြလေသည်။ ကျော်စောထင်ရှားခြင်းသို့ ရောက် သောသူတို့သည် ညနေအချိန်၊ ညအချိန်များ၌ လုပ်ကိုင်သင်အံ လေ့ကျက်ကြရလေသည်။ သို့ မဟုတ် အကျိုးရှိသောနေရာ၌ဖြစ်စေ၊ မိမိကိုကြီးမြင့်အောင် စွမ်းဆောင်ကူညီနိုင်သူ တစ်ယောက် ယောက်ထံမှာ ဖြစ်စေ အချိန်ကို လွန်စေတတ်ကြလေသည်။

အချိန်ကို ဖြုန်းခြင်းသည် စိတ်အား၊ ကိုယ်အား၊ ဉာဏ်အား၊ ဝီရိယအား ကောင်းမြတ်သော သတ္တိများကို နွမ်းပါးစေသည့်ပြင် ကောင်းမြတ်သော ကိုယ်ကျင့်တရားကိုလည်း ပျက်စေတတ် လျက် အလွန်ကောင်းသော လမ်းအခွင့်တို့ကိုလည်း လွန်မြောက်ပျောက်ပျက်ခြင်းသို့ ရောက်စေ လေ၏။

သို့ဖြစ်၍ မကောင်းသော သွေးဆောင်ခြင်းတို့၏နောက်သို့ မလိုက်မပါရအောင် သတိနှင့် မိမိကိုယ်ကို ထိန်းစောင့်ခြင်း .အပျော်အပါးတို့၌ မလွန်ကျူးရအောင် သတိပြုခြင်း၊ ၎င်း စိတ်တို့ သည် မြင့်မြတ်သော အခြေအနေသို့ မြင့်မြတ်သော စိတ်အစွမ်းဖြင့် ရောက်အောင် ပို့နိုင်သော သတ္တိ ရှိသည်ကို အမြဲဆင်ခြင်လျက် ခေတ္တပျော်၍ အရှည်နိမ့်ကျခြင်း မဖြစ်စေရအောင် သတိ ထားဖို့ သင့်လှပေကြောင်း။

## အခန်း (၅)
## ရဲရင့်ခြင်း

စပါတန်လူမျိုးတို့သည် 'ရန်သူ ဘယ်လောက် အားကောင်းသလဲ' ဟူ၍ မေးလေ့မရှိ။ 'ရန်သူ အဘယ်မှာလဲ' ဟူ၍သာ မေးလေ့ရှိကြလေသည်။

'ရဲရင့်သောသူ၏ သေခြင်းသည် သေခြင်းအမော်ဖြစ်၏' ဟု ရှိတ်စပီးယား ပြောခဲ့လေသည်။

'ရဲရင့်သောသူသည် သမီးကညာနှင့် ဥစ္စာကို ရ၏' ဟု ဒရိုင်ဒင် ခေါ် ပညာရှိ ပြောဖူးလေ သည်။ ၁၇၅၀ ပြည့်နှစ် ဇာဂျိနီယာပြည် မြောက်ပိုင်း သာယာသော နွေဦးတုနေ့တစ်နေ့တွင် မြေ တိုင်း၍ နေသူတို့ နေ့လယ်စာစား၍နေခိုက်မှာ ကျယ်လောင်စွာအော်သော အသံတစ်ခုကို ကြား၍ သဖြင့် ပြေး၍ကြည့်ကြလေ၏။

mgyoe.com

mgyoe.com

သို့ကြည့်ကြရာ ၎င်းမြေတိုင်းသော လူစုထဲမှ အသက် ၁၈ နှစ်အရွယ်ရှိ ယောက်ျားပျိုတစ်ယောက်သည် အော်ဟစ်ဆူညံ၍နေသော မိန်းမတစ်ယောက်ကို တွေ့လေ၏။

ထိုမိန်းမက 'ရှင် လာပါ ကျွန်မကို လွှတ်ပေးပါ၊ သည်လူများ ကျွန်မကို အတင်းဆွဲထားကြပါတယ်၊ ကျွန်မသား်ကလေး ရေထဲကျသွားပါတယ်၊ ကျွန်မလိုက်ဆယ်ပါရစေ' ဟု ပြောဆိုတောင်းပန်လေ၏။

ထိုအခါ ယောက်ျားပျိုသည် ၎င်းမိန်းမကို ဆွဲကိုင်၍ထားသူတို့၏ လက်မှ လွှတ်၍မပေးဘဲ ပြင်းထန်သောအဟုန်ဖြင့် ရေများထဲသို့ ခုန်ချပြီး လိုက်၍ရှာလေ၏။

ထိုရေသည် လွန်စွာကြမ်းတမ်းသောရေဖြစ်လေရာ ဝဲတွေ၊ ကျောက်ဆောင်တွေနှင့် တိုက်မိလျှင် ပွဲချင်းပြီး ကိစ္စချောဖို့ ရှိလေ၏။ သို့သော်လည်း ယောက်ျားပျိုသည် ကျောက်ဆောင်များ၏ အနီး ပြင်းထန်စွာ ဝှေ့၍နေသော ဝဲထဲ၌ ပျောက်ဆုံးသောကလေးကို အသက်စွန့်၍ ရှာဖွေရာ နောက်ဆုံး၌ ဝဲအလယ်ကောင်မှ နှစ်ယောက်စလုံး ပေါ်၍လာကြ၏။ ၎င်းကယ်ဆယ်သော ယောက်ျားပျိုသည် ထင်ရှားကျော်စောသော ဂျော့ဝါရှင်တန် ဖြစ်လေ၏။

၁၇၉၆ ခုနှစ် မေလ ၁၀ ရက်နေ့၌ လော်ဒီ ခေါ် စစ်စခန်းတွင် နပိုလျံသည် ခက်ခဲသော တံတားကြီးကို ဖြတ်ကူးခဲ့လေ၏။ ဖြတ်ကူးပုံမှာ..

ထိုတံတားကြီး၏ ထိပ်သို့ နပိုလျံသည် မိမိ၏တပ်နှင့် တက်ရန်ကြံလေ၏။ ထိုအခိုက် အမြောက်အစင်း ၃၀ တို့နှင့် ဩစတြီးယန်း ရန်သူစစ်သား ၆၀၀၀ တို့သည် ရင်ဆိုင်ချီတက်၍ လာကြလေ၏။ နပိုလျံသည် စစ်သည် ၄၃၀၀ မျှနှင့် တံတားထိပ်မှ စောင့်လေ၏။

ထို့နောက် အချက်ပေးလိုက်သောအခါ နပိုလျံ၏စစ်တပ်သည် တံတားပေါ်သို့ တစ်ဟုန်ထိုး တက်ကြလေ၏။

သို့တက်ရာ ရန်သူများက အမြောက်ကျည်ဆန်တို့ကို မိုးသီးမိုးပေါက်ပမာ ကြဲ၍ချလေရာ ပထမတက်သော နပိုလျံ၏စစ်တပ်များသည် အတုံးအရုံးလဲ၍ သေကြလေ၏။

ထိုအခါ နပိုလျံ၏တပ်သည် နောက်သို့ယိမ်းပြန်၍ လာလေ၏။ ထိုအခါ နပိုလျံသည် ကြိမ်းမောင်းခြင်း တစ်စုံတစ်ရာမပြုဘဲ တပ်၏ထိပ်သို့ မိမိကိုယ်တိုင်တက်၍ မတ်တတ်ရပ်လေ၏။ သို့တက်၍ရပ်လိုက်သောအခါ သက်တော်စောင့်များ၊ အခြားဗိုလ်မှူးများသည် နပိုလျံ၏ နံဘေးကို ရောက်၍လာကြလေ၏။

ထို့နောက် တံတားကို ပိတ်ဆို့၍နေသော အလောင်းများကို နင်းပြီးလျှင် အမြန်ကြီးချီတက်လေရာ ဩစတြီးယန်းတပ်များသည် ထိတ်လန့်ကာ အမြောက်တွေကို ထားခဲ့ပြီး ဆုတ်ကန်၍ပြေးကြလေသည်။

အကယ်၍ ထိုနေရာ၌ အနည်းငယ် အားကိုလျော့လိုက်လျှင် ရန်သူဘက်မှာ အားတက်ပြီး ပျက်စီးခြင်းမလှ ပျက်စီးကြဖို့ ရှိလေသည်။

mgyoe.com